www.burmeseclassic.com

ရွှေပဒေသာစာပေ

# မမသဒ္ဒါပေါင်

အချစ်
လုံးချင်းဝတ္ထုသစ်

## အပြုံရောင် ခပ်ပျော့ပျော့



www.burmeseclassic.com

www.burmeseclassic.com


**ပုံနှိပ်မှတ်တမ်း**

| | |
|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | - ပထမအကြိမ်၊<br>၂၀၁၃၊ ဇန်နဝါရီ။ |
| ထုတ်ဝေသူ | - ဦးအေးလွင် (၀၄၁၅၂)<br>ရွှေဥစာပေတိုက်<br>အမှတ် (၃၃)၊ ကျိုတော်လမ်း၊<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊<br>ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့်<br>အတွင်းပုံနှိပ်သူ | - ဦးအေးလွင် (၀၈၂၁၀)<br>ရွှေပဒေသာအော့ဖ်ဆက်<br>အမှတ် (၃၃)၊ ကျိုတော်လမ်း၊<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊<br>ရန်ကုန်မြို့။ |
| ဖြန့်ချေး | - ၁၆၀၀ ကျပ် |
| အုပ်ရေ | - ၅၀၀ အုပ် |

မမသဒ္ဒါမောင် ၈၉၅.၈၃

အဖြူရောင်ခပ်ဖျော့ဖျော့ / မမသဒ္ဒါမောင်။ – ရန်ကုန်

ရွှေဥစာပေ ၊ ၂၀၁၂ ။

၂၈၀ – စာ ၊ ၁၂.၃ × ၁၈ စင်တီ ။

(၁) အဖြူရောင်ခပ်ဖျော့ဖျော့


BURMESE CLASSIC .com

# မမသဒ္ဒါမောင်

# အဖြူရောင်
# ခပ်ဖျော့ဖျော့

www.burmeseclassic.com

www.burmeseclassic.com



အနီးဆုံး

မင်းအသက်ရှုသံ မျှင်းမျှင်းလေးကြားမှာ
ကိုယ့်ရင်ခုန်သံတွေက အကျယ်ကြီးပေါ့...

မင်းလွယ်နေကျ
အပြာနုရောင်ကျောပိုးအိတ်လေးလို
(မင်းကိုယ်ငွေ့နွေးနွေးကို)
မှီလှုံချင်မိပေမယ့်
အခွင့်မရှိခဲ့....

မင်းစီးနေကျ
အနီရဲရဲပြိုင်ဘီးလေးနောက်မှာ
(ရင်တဖိုဖိုခံစားမှုတွေနဲ့)
လိုက်စီးချင်မိပေမယ့်
အခွင့်မရှိခဲ့....

မင်းပြုံးနေကျ
အပြုံးချိုချိုလေးကို
(ဘာသာပြန်ဖလှယ်မှုတွေနဲ့)





အပြန်အလှန်ဝေမျှချင်မိပေမယ့်
အခွင့်မရှိခဲ့....

ဒီလိုပဲ
ဒီလိုနဲ့....
နှစ်တွေသာ ပြောင်းပြောင်းသွားတယ်
ကိုယ်ကတော့
မင်းရဲ့အနီးဆုံးဆိုမှ
တကယ့်ကို နီးနီးလေးပဲ ရှိနေခဲ့တာပါ

သို့သော်....
ကိုယ်မျှော်လင့်နေမိတဲ့
မင်းရဲ့လက်တစ်စုံ ကမ်းအလင့်ကို
တိတ်တခိုးစောင့်စားနေမိပေမယ့်

ကိုယ့်အတွက်
အခွင့်ရယ်မှ
မရှိခဲ့တာလေ....



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

အလှပြင်ခုံမှာ ထိုင်နေပေမယ့် 'မှုံ' ကိုယ်တိုင်လုပ်ရသည့် အလုပ်ဟူ၍ မရှိခဲ့။ ရွှေရွှေ သွေးပေးသွားသည့် ကျောက်ပျဉ်ထက်မှ သနပ်ခါးမွှေးမွှေးလေးကို မေမေကိုယ်တိုင် မှုံ့မျက်နှာထက် လူးပေးနေသည်ကိုး။ ဒါပြီးရင် ဘီးကျော့ပတ်ထားပေးသည့် ဆံနွယ်ရှည်ကြီးကို ဖြည်ချပေးပြီး ကျစ်ဆံမြီးကျစ်ပေးဦးမှာလေ။

ပြီးရင် အဆင်သင့်ဝတ်ဖို့ ကီမိုနို Design အပျော့သား အပွင့်လုံခြည်လေးနှင့် အပေါ်က Blouse အသားအေးအေးဖြောင် အကျီလေးက ကုတင်ထက်မှာ မီးပူတိုက်ထားပြီးသား။ မေမေ (ဒေါ်နှင်းမှုံမှုံ) က မှုံ့ဆံပင်တွေကို ဖြီးသင်းပြီးလေတော့ အမျိုး

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အရောင်နှင့်လိုက်မည့် သစ်ခွအဝါဖျော့ဖျော့လေးကို နားနောက်နား အောက်ခပ်ကျကျနေရာထက်မှာ တယုတယ ပန်ပေးလေ၏။

အောက်ထပ်ရောက်ရင် ဒီနေ့ Fashion ဖြစ်မည့် ကွင်းထိုး Slipper အဝါလေးကို ရွှေ့ရွှေ့ ထုတ်ပေးထားဦးမှာ အသေအချာ။ ဒါလား ဒုတိယနှစ် ဆေးကျောင်းသူ။ ခုထိ မူကြိုကလေးလို မျက်စိဒေါက်ထောက်ကြည့်နေကြတုန်း။ ပြင်ဆင်ပေးကြတုန်း။ ကြိုပို့လုပ်ပေးကြတုန်း။ ဘယ်မှာလဲ မှံ့လွတ်လပ်မှု။

ဒီနေ့ခေတ်မှာ ရှိမနေတော့သည့် နန်းတွင်းသူလို Date Out Design နှင့်မိန်းကလေးကို ကြည့်ပါဆိုလျှင် တစ်ကျောင်းလုံးမှာ 'မှံ့နှံ့သာ'တစ်ဦးသာ ဖြစ်မည်ထင်၏။ သူငယ်ချင်း သီရိဝင်ခေါ်မည်ဆိုလည်းမကြိုက်။ ဘယ်သူစိမ်းနဲ့မှ စိတ်မချဟုဆိုကာ (မေမေငယ်စဉ်ကတည်းက ထိန်းကျောင်းပေးခဲ့ရသည့် အိမ်မွေးခြံပေါက်)လူယုံ ဘကြီးသော် မောင်းပေးသည့်ကားဖြင့်သာ အမြဲတစေ သွားလာရတာ ခုချိန်ထိပါ။

ဒါတွေကို ပုံစံတကျ စီစဉ်ပေးထားတာ မှံ့ရဲ့ဘွားဘွား 'ဒေါ်ထိပ်ထားခင်'လား၊ ဒါမှမဟုတ် ဘွားဘွားရဲ့ အသည်းနှလုံးဖြစ်တဲ့ ဖေဖေ 'ဦးခွန်ချိုသာ'လေလား၊ မှံ့မသိချင်တော့ပါလေ။ မှံ့သိရသလောက် မြင်ရသမျှကတော့ဖြင့် မှံ့မေမေဟာ ဒီအိမ်ကြီး





မှာ ဘွားဘွားနှင့်ဖေဖေ့ကို အင်မတန်ရိုကျိုးစွာ ဆက်ဆံနေရသည့် (အိမ်စေသာသာ)အဆင့်ဟုသာ။

"မေမေ"

"ဟင်. . . ဘာလဲသမီး"

"သီရိနဲ့ သွားလို့မရဘူးလား မေမေရယ်။ သီရိဆို လူငယ်ပီပီ လွတ်လွတ်လပ်လပ် တစ်ယောက်တည်းသွားလာနေရတာ"

"အမယ်လေး! တိုးတိုးပြောပါ မှံ့လေးရယ်။ သမီးအဘွားကြားသွားရင် ဒေါသက ငယ်ထိပ်ကို တက်ဆောင့်သွားလိမ့်မယ်"

"ဒါဖြင့် ဖေဖေ့ကိုပြောပေးပေါ့လို့"

"အဲဒါက ပိုဆိုးသေးတယ်၊ မိုးကို မီးမရှို့ချင်စမ်းနဲ့သမီးရယ်။ ကဲ,လာ. . . အောက်မှာ သမီးကို ဘွားဘွားနဲ့အစ်ကို စောင့်နေလောက်ပြီ"

လှတတမျက်နှာကလေးက ရှုပုပ်သွားရပါ၏။ မနက်ကျောင်းသွားခါနီး၊ မှာတမ်းချွေတာကို နားငြီးရဦးမှာကိုး။ အဲဒီဖေဖေဟာ ကုမ္ပဏီလုပ်ငန်းမလုပ်ဘဲ ကျောင်းဆရာသာ လုပ်ဖို့ကောင်းတာလေ။ မှံ့ကို စာဒီလိုကျက်၊ ဒီကျောင်းတက်ဆိုပြီး တစ်သွေးတစ်သံတစ်မိန့်ပေးခဲ့တာ ဆရာဝန်မျိုးမရှိပါဘဲ မှံ့တစ်

www.burmeseclassic.com



ယောက် ဒီမိသားစုမှာ ဆေးကျောင်းသူဖြစ်ခဲ့ရတာပဲ ကြည့်ပေါ့။

"သီရိဆို အမြဲလွတ်လပ်ပျော်ရွှင်နေရတယ်"

"အခု သမီးက မပျော်ရွှင်ရလို့လား၊ ဘာစိတ်ညစ်စရာများရှိလဲကွယ်"

သက်ပြင်းကို ကျိတ်ရှိုက်လိုက်မိပါ၏။ ပြောပြရင်လည်း အင်မတန်အေးဆေးလှသည့် မေမေတစ်ယောက် နားလည်မှာမှ မဟုတ်တာလေ။ ကြာလေကြာလေ မှုံ့ဘဝက လှောင်အိမ်ထဲ ထည့်မွေးထားတဲ့ငှက်လေးနဲ့သာ ဘဝတူနေတာမဟုတ်ပါလား။

"ဒေါက်! ဒေါက်! "

"မြေးငယ်၊ မပြီးသေးဘူးလား. . . ကျောင်းချိန်နီးနေပြီလေ"

"ကဲ! ပြောတယ်မဟုတ်လား၊ ထထ. . ."

မေမေ ထူပေးနေပြီမို့ စားပွဲထက် ပြင်ထားသည့်ကျောင်းစာအုပ်အိတ်ကိုလွယ်ကာ လက်မှာတချို့ကို ပွေ့လိုက်ရ၏။ ဒီ ရှုပ်ပုပ်မျက်နှာနဲ့ နေ့တိုင်းကျောင်းတက်ရတာ ငြီးငွေ့လွန်းလှပါပြီ။ မှုံ့ စာကျက်ရတာကို မကြောက်ပါ။ ဝါသနာလည်းပါ၊ ဉာဏ်လည်းကောင်းသူမို့ ခက်ခဲလွန်းလှသည်ဟု မယူဆ။ ခက်တာက လူငယ်ထုတိုင်းရဲ့အခွင့်အရေးမျိုး မှုံ့မှာရှိခွင့်မရတာကို အသည်းနာနေမိတာလေ။





ဒါကိုသိရင် ဖေဖေက 'ရှာကြံပြီး စိတ်ညစ်တဲ့သမီး'ဟု ပြောဦးမှာ အသေအချာ။

"ဖေ့သမီး လာ, ထိုင်"

ကော်ဖီဝိုင်းမှာ စောင့်နေသည့် မှုံ့ဖေဖေက အရွယ်ငယ်နုကာ ချောမောခန့်ထည်လို့ ကုမ္ပဏီသွားရန် အသင့်ဖြစ်နေချေပြီ။ မေမေက ကြည့်ကောင်းရုံ သာမန်ရုပ်ရည်မျိုးရှိပေမယ့် မှုံက ဖေဖေ့ထံမှကောင်းခြင်းတို့ကို တစ်ပြုံကြီးရထားသော်ငြား ဖေဖေ့စိတ်ကိုတော့ မရချင်ပါ။ ဘာကြောင့်လဲဆိုတော့ ကိုယ်ဖြစ်ချင်တာ တစ်ခုတည်းကိုသာ ရှေးရှုပြောဆိုလုပ်တတ်လေ့ရှိပြီး အတ္တကြီးသည်၊ ဉတစ်လုံးဆန်လွန်းသည်ဟု မှုံယူဆသောကြောင့်ပါလေ။

"နှင်းလည်း ထိုင်"

"ဟုတ်ကဲ့ပါ အစ်ကို"

တွေ့လား၊ မှုံကသာ ဖေဖေမပြောသေးဘဲ ခုံမှာဝင်ထိုင်ပေမယ့် မှုံ့မေမေက ဖေဖေ့ခွင့်ပြုမိန့်ရပါမှ ထိုင်ခွင့်ရရှာတာလေ။ မှုံပြောသားပဲ၊ မေမေ့ဘဝက အဲဒီလိုပါဆို။

"ဖေ့သမီး"

"ရှင်, ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



''ဖေဖေပြောတာကို နားထောင်''

ဘယ်တုန်းကများ နားမထောင်တာ ရှိခဲ့ဖူးလို့လဲ။ နေပူထဲ မထွက်ရ၊ မိုးရေထဲ မဆော့ရ၊ အမြင့်မတက်ရ ဆိုသည့် တားမြစ်ပိန့်တွေထဲမှာ အသားတကျဖြစ်နေပြီလေ။ သီရိပြောသလို 'နင့်မှာ ဟင့်အင်းလို့ငြင်းတဲ့စကားလုံး မရှိဘူးလား' ဆိုသလို ငြင်းဆန်တဲ့စကားမျိုး စကားလုံးမျိုး လုံးဝမသုံးတတ်ခဲ့တာ အမှန်ပါပဲ။

''မေမေ ပြောမှာလား''

''သားပဲပြောလိုက်ပါ''

မှုံ့ကိုပြောဖို့အရေး သားအမိနှစ်ယောက် မဲက ခွဲနေပြန်ပြီ။ မေမေက ဘွားနှင့်ဖေဖေ့ပန်းကန်လုံးတွေထဲသို့ ကော်ဖီ ငှဲ့ထည့်ပေးသလို မှုံ့ပန်းကန်ထဲသို့ပါ ထည့်ပေးနေတာမို့ မှုံက မေမေ့ရှေ့မှ ပန်းကန်လုံးအလွတ်နှင့် လဲလိုက်မိလေ၏။ ဒီအိမ်မှာ မှုံ့က အငယ်ဆုံးမဟုတ်လား။ (ရွှေရွှေက လွဲရင်ပေါ့)

''အဲဒါတွေ မကြိုက်တာ၊ လူကြီးကပြောမယ်ဆိုရင် စိတ်က လူနဲ့မကပ်ဘူး၊ အာရုံက လွင့်ပြီ၊ အဲဒီဉာဉ်တွေ ဘယ်သူ့ဆီက ရထားတာလဲ''

မေမေ့မျက်နှာ ဆီးရွက်လောက်သာ ကျန်လေ၏။ ဖေဖေ့စကားက မေမေ့ကို တိုက်ရိုက်ထိစေတာလေ။ မှုံ မရည်ရွယ်





ပါဘဲ လုပ်လိုက်သည့်အပြုအမူလေးက မေမေ့ကိုမှ သွားထိသလို ဖြစ်သွားရလေခြင်း။ သနားစရာကောင်းလိုက်တာ မေမေရယ်။

''မှုံ နားထောင်နေပါတယ် ဖေဖေ''

''အဲဒါဆို ငြိမ်ငြိမ်နေလေ''

စိတ်တိုတယ်နော်။ ပြောစရာရှိတာ မြန်မြန်သွက်သွက် ပြောပြီးရင် ကျောင်းကို စောစောရောက်ပေမပေါ့။ လက်မှ ရွှေအိုရောင်နာရီဝိုင်းလေးကို ဘယ်နနာရီရှိပြီလဲဟု ကြည့်လိုက်ချင်ပေမယ့် ဖေဖေ့ကိုကြောက်လွန်း၍ တုပ်တုပ်မျှ မလှုပ်ရဲပါချေ။

''အိမ်ရှေ့ခြံက ဗိုလ်မှူးမြင့်မြတ်မောင်တို့ ပြောင်းသွားတာ သမီးသိတယ်နော်''

''ဟုတ်ကဲ့''

''အေး. . . အခု အဲဒီအိမ်မှာ လူသစ်တွေ ရောက်နေပြီ''

နားမလည်သလို မျက်ဝန်းတို့ဖြင့် ဖေဖေ့ကိုကြည့်မိစဉ် ဖေဖေက ဘာမှဆက်မပြောသေးပါဘဲ မှုံ့ကိုနားလည်ရခက်သည့် မျက်လုံးတို့ဖြင့် တစ်ချက်ကြည့်လိုက်လေ၏။ ဘာပြောဦးမလို့ပါလဲ။ အိမ်ရှေ့ခြံကို လူသစ်တွေ ရောက်လာတော့ရော မှုံနဲ့ဘာပတ်သက်စရာရှိမှာမို့လို့လဲ။ ခြံစည်းရိုးကို အမြင့်ကြီးအလုံပိတ်ကာ၍



www.burmeseclassic.com

www.burmeseclassic.com



ထားတာ၊ အိမ်ကလည်း ခြံဝန်းအဝေးကြီး၊ အဲဒီခြံဝကို ကျောင်းချိန်မှလွဲ၍ ဘယ်တော့မှ မသွားရသလို၊ ခြံထဲမှာ အညောင်းပြေ လမ်းလျှောက်တဲ့အခါမျိုးမှာလည်း မေမေမပါတ်ရင် ရွှေရွှေက အနောက်မှာ အမြဲပါနေပြီး အိမ်ကြီးပေါ်မှ ဘွားဘွားကလည်း အမြဲတစေ လှမ်းကြည့်နေတတ်တာလေ။

"အဲဒီအိမ်ကို ပြောင်းလာတဲ့ဆရာဝန်တွေနဲ့. . . သမီး အပေါင်းအသင်းမလုပ်ရဘူး။ မပြုံးပြရဘူး။ စကားလည်းမပြော ရဘူး။ ဟုတ်ပြီလား"

"ရှင်! "

"အထူးသဖြင့် သူတို့ရဲ့သားကလည်း သမီးလို ဆေးကျောင်းသားဖြစ်နေတဲ့အတွက် သမီးနဲ့ ကျောင်းမှာ တစ်နေ့နေ့တော့ ဆုံရမှာပဲ။ ဒီတော့ အဲဒီကောင်လေးကိုလည်း လောကမှာ မရှိသလိုမျိုး သဘောထားပြီး လုံးဝမခင်ရဘူး"

အမယ်လေးနော်။ အတော်ဟုတ်နေပါလား။ မှုံ့ကိုကျ ဆေးကျောင်းတက် ဆရာဝန်ဖြစ်စေချင်ပြီး အခုတော့ ရှေ့ခြံက ဆရာဝန်တွေနဲ့ စကားမပြောရ၊ မခင်ရတဲ့။ ယောက်ျားလေး လူငယ်နဲ့ မှုံ့ကို စိုးရိမ်တာတော့ ထားပါ။ လူကြီးတွေဖြစ်တဲ့ ဆရာဝန်ကြီးတွေနဲ့ စကားမပြောရဘူးဆိုတာကတော့ လွန်တာပင်။





သို့သော် မှုံ့က မေမေ့သမီးပီပီ ဖေဖေ့ကို ဘာတစ်ခွန်းမှ စောဒကမတက်ဝံ့ပါချေ။ ဖေဖေက ဒါဆိုမှတော့ မှုံ့ကလည်း ဒါရတော့မှာပေါ့။ အဲဒီဆရာဝန်ကြီးတွေနဲ့ ထိပ်တိုက်တိုးပြီး နှုတ်ဆက်တာမျိုးနဲ့ကြုံရင် မှုံ့မည်သို့လုပ်ရပါ့မလဲ။ မမြင်ချင်ယောင်ဆောင်လိုက်ရင် ဒီကလေးမ ရိုင်းလိုက်တာလို့ ယူဆသတ်မှတ်သွားနိုင်တာလေ။ ဖေဖေ့ကြောင့် ခက်ပါရဲ့။

"တစ်ခုခုပြောဦးလေ"

"မှုံ့က ဘာပြောရမှာလဲ"

"ဖေဖေပြောရင် ဟုတ်ကဲ့တော့ ပြောရမှာပေါ့ ဖေ့သမီးရဲ့"

"ဟိုလေ၊ ဆရာဝန်ကြီးတွေနဲ့ ဖေဖေက ရန်ငြိုးရန်စတွေများ ရှိနေလို့ မှုံ့ကို အခုလိုသတိပေးနေတာလား"

ဖေဖေ့မျက်နှာ အတော်တင်းမာသွားလေ၏။ မေးလိုက်တာများ မှားသွားလား။ ဟုတ်တယ်လေ၊ ဘာမှကြိုမသိထားဘဲနဲ့တော့ လူတွေကို အသားလွတ် မျက်မုန်းမကျိုးချင်ပါဘူး။ ဖေဖေ့စီးပွားရေးလောကသားတွေလို ဟန်ဆောင်မျက်နှာဖုံးတပ်ထားတဲ့အလုပ်မျိုး မှုံ့ မလုပ်ချင်ပါလေ။

"အေး. . . ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်! ဘာရှိတာလဲ"

"အဲဒီဒေါက်တာကြည်လင်ထူးကို ကြည့်လို့မရဘူးလေ"

"ဒေါက်တာကြည်လင်ထူးဆိုတာ"

"ဩော်, ရွှေခြံကိုပြောင်းလာတဲ အမျိုးသားဆရာဝန်ကို ပြောတာပေါ့။ သူ့ဇနီးက ဒေါက်တာဖြူဖြူလေးတဲ့"

"အဲဒီအန်တီကိုရောလား"

"ဟုတ်တယ်"

ဟင်! ဘာကြီးလဲ။ အလကားနေ အလကား ဆရာဝန်လင်မယားကို ကြည့်မရဖြစ်နေရတယ်လို့။ ဒါဖြင့်လည်း မှုံ့ကို ဘာလို့ ဆရာဝန်ဖြစ်စေချင်ရတာလဲ။ ဖေဖေ့ကိုတော့ မှုံ လုံးဝနားမလည်တော့ပါလေ။

"ဖေဖေကြည့်မရတဲ့အကြောင်းအရင်းက ဘာလဲဟင်"

"ဘာဖြစ်ဖြစ်ပေါ့၊ ကလေးက ကလေးလိုနေစမ်း! စပ်စပ်စုစုအကျင့်က ပေါ်လာပြန်ပြီ"

ငေါက်သလိုဖြစ်သွားတာမို့ မှုံ နှုတ်ခမ်းစူသွားမိပါ၏။ အခုမှ မူကြိုကျောင်း စနေရသလို 'ဟိုဘက်ခြံက ကောင်လေးနဲ့ အတူမကစားရဘူးနော် သမီး'လို့ ပြောသလိုပါပဲလား။ စိတ်ညစ်လိုက်တာနော်။





"သူတို့မွေးထားတဲ့သား 'ရှင်းသန့်ကြည်လင်'ဆိုတဲ့ ကောင်လေးကို ပိုလို့တောင် ကြည့်မရသေးတယ်"

အဲ! ယောက်ျားလေးဖြစ်ပြီး နာမည်လေးလုံးနဲ့လူပါလား။ 'ရှင်းသန့်ကြည်လင်'တဲ့။ မသိရင် TV ထဲမှာ ရေသန့်ကြော်ငြာသလို နာမည်မျိုးဖြစ်နေတာမို့ မှုံပြုံးလိုက်မိပါ၏။ ဒါကို ဖေဖေက မြင်ဖြစ်အောင် မြင်သွားလေသည်။

"တွေ့လား။ နာမည်ကြားတာနဲ့ စိတ်ဝင်စားနေပြီ။ သမီးနော်"

"ဖေဖေ့စကားကို မှုံနားထောင်နေပါတယ် ဖေဖေရဲ့။ အဲဒီကောင်လေးနဲ့ မရောရင် ပြီးတာပဲမဟုတ်လား"

"ဘာ အဲဒီကောင်လေးလဲ၊ အဲဒီကောင်က သမီးထက်ခြောက်လလောက် ကြီးတယ်ကွ"

ဟောကြည့်! ဖေဖေပြောတဲ့အတိုင်း သုံးမိတော့လည်း မကြိုက်ပြန်။ မှုံ့ကို မရှိသေတတ် ရှိုင်းတတ်တယ် ထင်ပြန်ဦးမှာလေ။ ဖေဖေရေ၊ မှုံ့ကို အသက်ရှူရခက်အောင် ချောင်ပိတ်မပြောချင်ပါနဲ့လား။

"အဲဒီမိသားစုနဲ့မပေါင်းရဘူးလို့ ဖေဖေ အမိန့်ပေးနေတာ။ တကယ်လို့ အဲဒီကောင်လေးနဲ့ ဖေ့သမီး ဘာသံညှိသံ



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာလို့ကတော့ ကျောင်းထွက်ရပြီလို့ မှတ်။ ရပြီ. . . ဒါပဲ''

ကဲ. . . ဘုရင်ကြီး အမိန့်ချမှတ်ပြီးပြီမို့ အိမ်တွင်းစံ မင်းသမီးလေး ကြွလို့ရပေပြီ။ အေးနေပြီဖြစ်သည့်ကော်ဖီခွက်ကို မော့သောက်လိုက်ပြီး ဘကြီးသော် အဆင်သင့်ရပ်စောင့်နေသည့် ကားပေါ်သို့ တက်လိုက်ခဲ့ရတော့၏။

ခြံတံခါးမှ ကွေ့ထွက်လိုက်စဉ် ပြိုင်ဘီးအနီလေးတစ်စီးက ရှေ့ခြံတံခါးအနီးမှာ ရပ်သွားလေ၏။ မကြည့်မိအောင် သတိထားနေမိပေမယ့် ကားက ကွေ့တာမို့ မြင်နေရတာလေ။

အို! တကယ့်ကို အသားဖြူဝင်းပြီး ခန့်ထည်ချောမောလွန်းတဲ့ လူငယ်တစ်ဦးဖြစ်နေပါရောလား။



## အခန်း (၂)

'' 'မ'ရေ မပြီးသေးဘူးလားကွာ''

''လာပြီလေ မောင်ရယ်၊ ဘယ်လိုဖြစ်ပြီး လောနေရတာလဲ''

အလယ်ခန်းဆီမှ ဖေဖေနှင့်မေမေ၏ တစ်ယောက်ကို တစ်ယောက် ပြောနေသံကြောင့် ဘွားဘွားက သူ့ကို မျက်စပစ်မေးငေါ့ပြလိုက်ပါ၏။ ထမင်းပူပူကို ပဲပြုတ်နှင့်ဆီဆမ်းထားသည့် အနံ့က မွှေးလိုက်တာ မပြောပါနှင့်။ ဒါက ဖေဖေ့ Favourite Breakfast ပေကိုး။ အိမ်ကလူတွေ ဘယ်လိုပဲ လုပ်ပေးလုပ်ပေး စိတ်တိုင်းမကျဘဲ အလုပ်သွားခါနီးရင် မေမေ့ကို မရရအောင် ရစ်တတ်တာ ဖေဖေ့အကျင့်မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



"ဘွား. . ."

"ဘာလဲ မြေး"

"ဖေဖေနဲ့မေမေက ခုထိ 'မ'နဲ့ 'မောင်'လို့ ခေါ်နေကြတုန်းပဲနော်"

"အဲဒါ သားဖေဖေ ခေါ်တာလေ၊ သမီးက ကလေးရှေ့ရှက်စရာကြီးလို့ ဘယ်လောက်ပြောပြော မရဘူး။ မင်းအဖေက အကဲကို ပိုတယ်"

"ဒါကတော့ မေမေ့ကို ဖေဖေက ချစ်လွန်းအားကြီးလွန်းတာကိုး ဘွားရဲ့"

"အေးပါ၊ ဟုတ်ပါတယ်၊ ဒါကြောင့်လည်း သားအမေကို သူ မရမက ပိုင်ခဲ့တာပေါ့"

"ဟင်! ဘွားပြောပုံက မေမေ့မှာ ဖေဖေ့အပြင် တခြားရည်းစားရှိသလိုကြီး"

"ရှူး. . . ဟိုဒေါ်သက္ကမှာရ ကြားသွားရင် နာဦးမယ်၊ တိုးတိုး"

သူ ဇက်ပုသွားပါ၏။ ဟုတ်တယ်လေ၊ သူ့ရှေ့လည်း မရှောင်၊ မေမေ့ကို ဖေဖေပြောဆိုဆက်ဆံပုံကိုက တင်စီးလွန်း၊ ဗိုလ်ကျလွန်းတာမဟုတ်လား။ တစ်ခါတစ်ခါ မနေနိုင်ဘဲ သူဝင်





ပြောမိရင် 'လျှာမရှည်နဲ့၊ မင်းအမေကို ငါပိုင်တယ်'ဆိုပြီး အလုံးကြီးကြီးနဲ့ ထုချတတ်တဲ့ 'ဦးမျိုးမင်းမင်းမောင်'ရယ်လေ။

'ဒေါက်တာဖင်မမဇော်'ဆိုတဲ့ ခပ်ထက်ထက် မေမေဟာ အိမ်မှာ ဘာ Power မှမရှိသလို သူ့ကိုချစ်လွန်းပေမယ့် ဖေဖေ့ရှေ့မှာဆို သူက First နေရာမှာမရှိဘဲ Second ကိုဖြစ်လို့၊ အဲဒီလို ဗိုလ်ခပ်ကျကျဖေဖေရယ်ပါလေ။

"ဆံပင်နည်းနည်းရှည်နေသလားလို့"

"သြော်. . . စည်းလို့ရရုံလေးပဲ ထားတာလေ မောင်ရယ်။ ဒါလေးတောင် မထားရဘူးလား၊ အသက်ပဲ လေးဆယ်ကျော်နေပြီ"

" 'မ'ကိုပြောတာမဟုတ်ဘူး၊ မောင့်ဆံပင်ကိုပြောတာ"

"အဲဒါ ဆိုင်မှာဝင်ညှပ်ရောပေါ့ မောင်ရယ်"

"သူများတွေကိုင်တာ မကြိုက်ပါဘူးဆို"

"ဒါဆိုရင်လည်း Sunday ကျ ညှပ်ပေးမယ်ကွယ်၊ ဟုတ်ပြီလား"

"OK!..."

ကဲ!-မတွေ့လား။ သူ့ဖေဖေနဲ့မေမေက အဲဒီလိုပါဆို။ (၄၀)ကျော်မှ ဘဝစကြတယ်ဆိုပေမယ့် သူ့မိဘတွေက သူများ



www.burmeseclassic.com

www.burmeseclassic.com



လူကြီးတွေလို အသက်ကြီးလာလေ၊ အချစ်လျော့လေ၊ ခပ်တန်းတန်းနေကြလေဆိုတာမျိုး မရှိဘဲ အမြဲတမ်းလန်းနေတာ အမှန်ပါလေ။

''ဟော. . . သားတောင် ရောက်နေပြီ''

ထမင်းစားခန်းထဲဝင်သည်နှင့် (ခုနပြုံးနေမည်ဖြစ်သည့်) ဖေဖေ့မျက်နှာက တည်သွားတော့၏။ ဒီသားလေးတစ်ယောက်တည်း ရှိတာတောင်မှ မေမေ့ဆီက အချစ်တွေ မဝေမျှချင်တဲ့ အူပုပ်သည်းပုပ် ဖေဖေပင် မဟုတ်လား။

''ဘာစားချင်သလဲ သား''

''အဲဒါ''

''ဟော့ကောင်! ဒါ ငါ့ဟာကွ''

''ဩော်. . . ကလေးရှေ့မှာ ပြောပြန်ပြီ''

''မောင်စားတာ သူလိုက်မစားနဲ့ပေါ့ 'မ'ရဲ့။ တခြားဟာစားပါစေ။ မေ, မေ့ဓမ္မြးကို ပြင်ပေးလိုက်လေ''

''အေး. . . မြတ်နိုးမောင်က ငါမွေးထားတာဆိုတော့ ငါ့ပဲနိုင်း၊ သိလား မောင်''

''ပေါင်မုန့် Jem သုတ်ထားတာ စားမလားသား။ မေမေ လုပ်ပေးမယ်''





''ဟာ! သူ့မှာ လက်ပါတာပဲ၊ သူ့ဘာသာသူ လုပ်စားပါစေ။ 'မ'လုပ်ပေးဖို့မလိုဘူး''

''ဩော်. . . ဘယ်လိုဖအေလဲ၊ ကလေးနဲ့လည်း ဖက်ဖြစ်နေပြန်ပါပြီ''

''မေပဲ လုပ်ပေးလိုက်ပါဗျာ''

''အေးပါ အေးပါ၊ ကြာလေကြာလေ ငါသိပ်ကြည့်မရတော့ဘူး၊ အမြင်ကပ်လာပြီ''

''သိတယ်လေ သိတယ်၊ မောင့်အပြင် နောက်ထပ်အဲဒီအကောင်လေး ရောက်လာကတည်းက အချစ်တွေ လျော့ကုန်မှန်း သိပြီးသား''

''ဟယ်! ကလေးရှေ့မှာ၊ မှမောင်နော်''

ဘွားမျက်စောင်းက ဖေဖေ့ထံ ဒိုင်းခနဲရောက်သွားပေမယ့် မဖြုံပါလေ။ ထမင်းနယ်ထားတာကို ဇွန်းဖြင့်ခပ်စားရင်း မေမေ့ကို မေးဆတ်ပြလိုက်တာမို့ မေမေက ရေသန့်ဘူးထဲမှရေကို ငှဲ့ထည့်ပေးရပြန်လေ၏။ သူ့မေမေ အလိုလိုက်ပေးရပုံကိုက အဲဒီလိုပါလေ။

''မင်း ရည်းစားမရသေးဘူးလား''

''ကြည့်! ကလေးကို''



www.burmeseclassic.com

www.burmeseclassic.com



"ဒါကလေးလား၊ 'မ'တုန်းက ဒီအရွယ် မောင်နဲ့ချစ်သူဖြစ်နေပြီ"

"မောင်"

"ရည်းစားရရင် အိမ်ခေါ်လာပြမှာပေါ့ ဖေဖေရဲ့။ ခက်တာက ဆေးကျောင်းသူတိုင်းက မောင့်ကို သူငယ်ချင်းလို့ပဲ မြင်ကြတော့ ခက်တယ်"

"အံမာ! ဘာမောင်လဲ၊ ငါသုံးနေကျအလုံးကို မင်းပါးစပ်ထဲ မထည့်စမ်းပါနဲ့"

"အဲဒါ ဖေဖေပေးထားတဲ့နာမည်ပဲလေ၊ ရှေ့နှစ်လုံးက မိန်းမနာမည်ကြီးဖြစ်နေတာ ဘယ်လိုယူသုံးလို့ရမှာလဲ"

"တွေ့လား၊ အဲဒါ 'မ'ပေးလို့ ဒီနာမည်ဖြစ်နေတာ။ 'မ'ကြောင့်"

"ဩော်. . . စိတ်နဲ့ငါနဲ့ ညစ်လိုက်တာနော်။ ဘယ်လိုဖအေမှန်းလဲမသိဘူး။ ငါပဲ ရိပ်သာမြန်မြန်ဝင်ဖြစ်မှပါပဲ"

"No! No!... မေ ရိပ်သာဝင်မယ်ဆိုရင် မေ့မြေးကို မိန်းမပေးစားပြီးမှ ဝင်။ ဒီကောင့်ကို ဒီအတိုင်းမထားခဲ့နဲ့၊ ရှုပ်လွန်းလို့"

မေမေက ဖေဖေ့လက်ဖမိုးကို ဖျတ်ခနဲရိုက်လိုက်လေ၏။





သူ့များမိဘတွေဆို သားသမီးတွေ အိမ်ထောင်ပြုကြတာကို နှမြောလို့မဆုံး။ သူ့ဖေဖေကဖြင့် သူ့ကို အနှမြောမရှိ မိန်းမ အတင်းပေးစားချင်နေတာလေ။

"သားကို 'မ'ကိုယ်တိုင် ရှာပေးစားမှာပါ"

"ဘယ်သူနဲ့လဲ၊ 'မ'အဆက်ဟောင်းကြီးရဲ့သမီးနဲ့တော့ မရဘူးနော်။ သူ့မှာ တူမလည်း ရှိတယ်ဆို"

"ဩော်. . . မဟုတ်ပါဘူး၊ အသက်ရဲ့တူမ နှစ်ဝမ်းကွဲ တော်တဲ့ကလေးနဲ့ပါ"

"အဲဒီအပျိုကြီးရော မစွံသေးဘူးလား"

"ကြည့်! ပြောပြန်ပြီ"

ဗုဒ္ဓေါ! အဆက်ဟောင်းကြီးတဲ့။ ဒါဖြင့် မေမေ့မှာ အရင်ရည်းစားရှိတာ သေချာတာပေါ့။ သူနဲ့ပေးစားမယ့်ကောင်မလေးကိုတော့ စိတ်ဝင်စားမှုမရှိပါဘဲ မေမေ့အဆက်ဟောင်းဆိုသည်နှင့် ခေါင်းက မတ်ခနဲဖြစ်သွားတာလေ။

"မေမေ့အဆက်ဟောင်းကြီးက ဘယ်သူလဲ"

"အံမာ! အဲဒါ မင်းသိစရာလိုလို့လား။ ယောက်ျားဖြစ်ပြီး စပ်စပ်စုစု"

"သိချင်တာပေါ့ ဖေဖေရ"



www.burmeseclassic.com

www.burmeseclassic.com



"မသိချင်နဲ့"

"သိထားရင် ကြိုရှောင်လို့ရမှာပေါ့ ဖေဖေရဲ့။ တော်ကြာ မောင်ကြိုက်တဲ့ကောင်မလေးက အဲဒီလူရဲ့သမီးဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ"

ဖေဖေက ဖွန်းကို အသံမြည်အောင် ပန်းကန်ထဲပစ်ချလိုက်ပြီး သူ့ကို မျက်လုံးပြူးလျက် စိုက်ကြည့်လိုက်လေ၏။ အမယ်လေး!. . . ကျောထဲမှာပါမက ရင်ထဲအထိ အေးစိမ့်သွားတာပါပဲလား။ ဖေဖေ့အမုန်းက ဤမျှအထိ စူးရှပြင်းထန်လွန်းတာလေ။

"အဲဒီကောင်ရဲ့သမီးဖြစ်ဖြစ် တူမဖြစ်ဖြစ် မင်းယူတဲ့နေ့ကျရင် ငါကိုယ်တိုင် နှစ်ယောက်စလုံးကို ပြိုင်သတ်ပစ်လိုက်မယ် မြတ်နိုးမောင်ရေ့"

"ဟဲ့! ဖွ! လွဲပါစေ. . . ဖယ်ပါစေ၊ စောစောစီးစီး ဘီလူးကြိမ်း ကြိမ်းရလား မောင်ရဲ့။ ခက်တော့တာပဲ"

"မေ့မြေး ပြောပုံကိုလည်း ကြည့်ဦးလေ"

"ကလေးကို မောင်ကလည်းကွယ်"

" 'မ'သား 'မ'ကြည့်ဆုံးမထားနော်"

"အင်းပါ"

သူက ပန်းတွန့်လိုက်မိပါ၏။ တွေ့ဖြင့် မတွေ့ရသေးပါ





ဘဲ ဒီမိသားစုနှစ်စု ရန်စက မသေးပါလားနော်။ ဘယ်လိုဖြစ်ပြီး ရည်းစားလုဘက်ကို ဤမျှအထိ မုန်းတီးနေရတာပါလိမ့်။

"အသက်တူမလေးက ရှိးရှိးအေးအေးလေး သားရဲ့"

"ကျောင်းကရော"

"သားလိုပဲ ဆေးကျောင်းတက်နေတာလေ၊ ဒီနှစ်မှာ ကျောင်းပြောင်းကြတာဆိုတော့ ကျောင်းမှာတွေ့ရင် တွေ့လိမ့်မယ်"

"ချောလား"

"ချောတာပေါ့"

"မေမေပြောပုံက အပိုင်ပါလား"

"ဩော်. . . သားကလည်း၊ မေမေက မမြင်ဖူးမတွေ့ဖူးဘဲနဲ့ ပြောပုံမလား။ တကယ်ချော တကယ်လှ တကယ်ကို ကျက်သရေရှိတဲ့ကလေးမလေး သားရဲ့။ ဆံပင်ဆို တကောက်ခွက်ထိ အရှည်ကြီး။ အမြဲပဲ ကျစ်ဆံမြီးကျစ်ထားတာ။ ကျောင်းမှာ တစ်ယောက်ဆိုမှတစ်ယောက်ပဲ အဲဒီပုံစံမျိုးရှိမယ်"

အတွေးထဲ ကွက်ခနဲပေါ်လာသည်ထိ မြင်လာစေသည့် ပုံပန်းသဏ္ဌာန်မျိုးပါပဲလား။ စိတ်လိုလက်ရပြောနေသည့်မေမေကတော့ မသိ။ သူ၏ဖေဖေကတော့ သိပ်စိတ်ဝင်စားပုံမပေါ်ပါ



www.burmeseclassic.com

www.burmeseclassic.com



ခွေး ထမင်းကို လက်စသတ်စားနေတာကိုသာ အာရုံစိုက်နေပြီး ရေပင်သောက်နေပြီလေ။

''နာမည်ကရော မေမေ''

''နာမည်က ချစ်စရာလေး၊ မှုံနံ့သာတဲ့''

အဟုတ်ကို ချစ်စဖွယ်နာမည်လေးပါပဲ။ လူပင်မမြင်ရသေးမီ နာမည်လေး ကြားရုံမျှဖြင့် ပြေးမြင်ချင်သလိုပါပင်။ 'မှုံနံ့သာ'တဲ့။ အင်မတန်ကျက်သရေရှိပြီး ယဉ်ယဉ်လေးလှပတဲ့ အမည်လေးပါပဲ။

''မောင့်သဘောကရော''

'' 'မ'သဘောတူရင် ပြီးတာပဲလေ၊ ဒီကောင် မိန်းမမြန်မြန်ယူပြီး အိမ်ပြောင်းပေါ့။ အေးရော''

''ဟဲ့! ''

''သျှောင်နောက် ဆံထုံးပါလို့ပဲ ဆိုရိုးရှိတာလေ ဖေဖေရ။ မောင်က သူ့ကိုယူပြီး သူ့အိမ်ကိုလိုက်ရမှာလား။ အိမ်ကိုပဲ ခေါ်ရမှာပေါ့ဗျ''

''မလိုချင်ပါဘူး၊ မိန်းမရပြီးရင် ဘုစုခရုတွေက ထွက်လာဦးမှာ။ ငါမျက်စိနောက်တယ် မိန်းမယူရင် အိမ်ခွဲနေ၊ ဒါပဲ''

''ဖေဖေ့တုန်းကတော့ ဘွားတို့နဲ့အတူတူနေပြီးတော့''





''ဟ! အဲဒါက ငါနဲ့ 'မ'က မယူခင်ကတည်းက တစ်အိမ်တည်း အတူတူနေခဲ့ကြတာကိုးကွ''

''အို! ကလေးရှေ့မှာ ဘာတွေလျှောက်ပြောနေတာလဲ''

''မောင်ဘာပြောလို့လဲ 'မ'ရဲ့''

''တော်ကြာ သားက တစ်မျိုးတစ်လွဲထင်နေဦးမယ်။ 'မ' သားနဲ့ခွဲမနေနိုင်ပါဘူး။ မြေးရရင်လည်း 'မ'ကိုယ်တိုင် မွေးပေးဦးမှာ၊ မေမေလည်း ကူထိန်းပေးဦးမှာမဟုတ်လား''

''ဒါပေါ့၊ ငါ့မြစ်ကလေးတွေပဲဟာ''

ဖေဖေ့မျက်နှာ ရှုံ့တွသွားလေ၏။ မှတ်ကရော။ ဘွားနဲ့ မေမေက သူ့ဘက်ကို နှစ်မဲသာနေပြီကိုး။ ရှုတည်တည်မျက်နှာကြီးလုပ်ထားသဖြင့် Breakfast ဝိုင်းက စိုစိုပြည်ပြည်။

''ဒီဘက်ကချည်း စွတ်ပြောနေတာ၊ မှုံကလေးကို သူ့အဖေက တုန်နေအောင် ချစ်တာတဲ့။ မျက်စိအောက်က အပျောက်ခံတာမဟုတ်ဘူး။ ကျောင်းတက်ရင် Class တစ်ချိန်ပြီးတဲ့အခါတိုင်း Phone ခေါ်တတ်တယ်။ အမြဲ Checking လုပ်ပေးတဲ့ အဖေမျိုး။ ယောကျ်ားလေးသူငယ်ချင်း မထားရသလို အိမ်ထဲက အိမ်ပြင်ထွက်ရင် တစ်ယောက်တည်း ဘယ်တော့မှမလွှတ်ဘူး။ အဲဒီလို ဗိုင်းကောင်းကျောက်ဖိနေရတဲ့ကလေး''



www.burmeseclassic.com

www.burmeseclassic.com



"ဥစ္စာခြောက်လိုက်တာ"

"အဲဒါ မင်းနဲ့တူတာ မောင်ရဲ့"

"မေကလည်း သားကို မောင်ဒီလိုမျိုး ဥစ္စာမခြောက်ပါဘူး"

"သားကိုမဟုတ်ပေမယ့် မမတုန်းက ဒီလိုပဲလေ၊ မဟုတ်လို့လား"

"တခြားမိန်းကလေး ရှာပါလား 'မ'ရာ။ အသက်တူမဆိုပြီး အသက်လို သွက်သွက်လက်လက်မျိုးမဟုတ်ဘူးလား"

ကဲ! ဖြစ်ပြန်ပြီ။ ဥစ္စာခြောက်တာချင်းတူတဲ့လူနဲ့ ခမည်းခမက် မတော်ချင်တဲ့ပုံမျိုးနဲ့ ဦးမျိုးမင်းမင်းမောင်က တစ်မျိုးပြောင်းချင်ပြန်တာလေ။

"မေမေကတော့ သားကို မှုံကလေးနဲ့ သဘောတူပေမယ့် သားသဘောမကျရင်လည်း ရှိပါစေ။ သားချစ်တဲ့မိန်းကလေး ရှိရင် ခေါ်ခဲ့ပေါ့"

"အဲဒါဆို မေမေတို့က သဘောတူမှာလား"

"တွေ့ကြည့်ပြီးရင် ပြောမှာပေါ့ သားရဲ့"

"ဖေဖေကရော"

"ဟိုကောင့်သမီးနဲ့တူမ မဟုတ်ရင် ပြီးရော။ တစ်ယောက်





မကလို့ ဆယ်ယောက်ပဲယူယူ"

"ကြည့်!"

ကဲ!. . . မှုံနှံ့သာတဲ့။ ဒီနေ့ ကျောင်းစဖွင့်ရက်မှာ စလှုပ်ရှားရမယ့်တာဝန်က မှုံနှံ့သာရှာဖွေရေးပဲ မဟုတ်ပါလား။ ပုံတုံးတုံးကြီးကို ကြိုရင်ခုန်ရင်တော့ သူ့ကို သူငယ်ချင်းတွေက အရူးဟုသာ သတ်မှတ်ကြတော့မှာလေ။ Test လုပ်ကြည့်တာပေါ့ မှုံနှံ့သာ။ ကိုယ့်ရင်တွေ အခုန်မြန်သလားလို့လေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

ကားကို Canteen ရှေ့မှာ ရပ်ပေးလိုက်တာမို့ အသာဆင်းလိုက်ရပါ၏။ Canteen ထဲထိုင်နေသည့် သီရိတို့ထံမှ လက်ထောင်ပြတာမို့ ဘကြီးသော်က (မေမေမှာတဲ့အတိုင်း) စိတ်ချသွားပြီး ကားကိုပြန်မောင်းသွားပါသည်။ အနီးဝန်းကျင်မှအကြည့်တွေပြုကျလာမှန်းသိပေမယ့် မျက်လွှာကိုအသာချကာ ခြေကို စလှမ်းလိုက်ပါ၏။

"လာပါပြီ၊ ငါတို့ရဲ့ ပတ္တမြားရွှေကြုတ်ထဲက ပဒုမ္မကြာမင်းသမီး"

"ဘာစားမလဲ မှုံ"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ရေပဲသောက်ချင်တယ် ကြယ်ပြာ"

"နှင့် Design က ဒီကျောင်းရောက်လည်း ဒီအတိုင်းပဲလား။ မပြောင်းတော့ဘူးလား"

"အေးလေ၊ စာတွေ နှင်းကန်ကျက်ရပါပြီဆိုမှ သူက အလှမပျက်၊ အေးစက်စက်နဲ့"

"ဟဲ့! သူက သူ့ဘာသာသူ ပြင်ရတာမှမဟုတ်ဘဲ ခွာဝါရဲ့။ အိမ်က မယ်တော်နဲ့ အထိန်းတော်တွေချည်း ဝိုင်းလုပ်ပေးပြီး 'မ'နေကြတာ"

သူငယ်ချင်းတွေ ဝိုင်းပြောကြတာကို ဘာမှပြန်မပြောဖြစ်ဘဲ လက်ထဲမှ Text Book တွေကို စားပွဲထက် တင်လိုက်သလို ပေါင်ပေါ်မှာ စာအုပ်တွေထည့်လာသည့် Bag ကို အသာတင်လိုက်ပါ၏။ သီရိလှမ်းမှာလိုက်သည့် PMG ရေသန့်ဘူးကို လှမ်းယူတော့ သီရိကပင် Plastic ပတ်ဖြုတ်တာ အဖုံးဖွင့်တာပိုက်ကို ရေဖြင့်ဆေးတာတို့ကို ဆက်တိုက်လုပ်ပြီးမှ မှုံ့ရှေ့ကို ရေဘူးထားပေးလိုက်လေသည်။

"ကြင်နာတတ်လိုက်တာနော်၊ အဲဒါမျိုးကို ယောကျာ်းလေးတွေ လုပ်ရမှာ သီရိရဲ့"

"နင်တို့ ဘာမှသေချာမသိပါဘူး၊ ငါ့မာမီနဲ့ မှုံမေမေက





သိပ်ချစ်ကြတဲ့သူငယ်ချင်းတွေ။ နာမည်တွေကလည်း နှင်းနဲ့ချည်း စကြလို့ နှင်းသီနဲ့ နှင်းမှုံဆိုပြီး ခေါ်ခဲ့ကြတာ။ သူတို့တွေ အိမ်ထောင်အသီးသီးကျကြတော့ သားသမီးမွေးရင် ပေးစားမယ်ဆိုပြီး ကြံစည်ထားကြတာလေ"

"ဟုတ်လား"

"အဲဒါမှာ မာမီရော အန်တီနှင်းမှုံပါ ပေါက်တောက်လေးတွေ မမွေးဘဲ နံ့ပြားတွေချည်း မွေးတော့ ပွဲသိမ်းသွားရောပဲ"

"ဟယ်. . . သီရိကလည်း"

"နင့်အန်တီကြီးကရော"

"အေး. . . အဲဒီအန်တီကြီးက သားမွေးရင်တောင် မှုံ့ကို ငါ ယောက်မတော်ရဦးမှာ။ ဟိုကလည်း နံ့ပြားပဲမွေးတော့ပြီးရော"

အုံးခနဲ ရယ်လိုက်ကြလေ၏။ မှုံက ရုက်လွန်းလို့ သီရိလက်ဖမိုးကို ဆွဲဆိတ်လိုက်ပေမယ့် ဒင်းက အပြောမပျက်။ အန်ကယ်ဇေယျာ (ဒေါက်တာဇေယျာလင်းထွန်း)နှင့် အန်တီနှင်းသီ (ဒေါ်နှင်းသီရိ) တို့ ပွင့်လင်းကြသလို သမီးဖြစ်သူ 'ခေတ်သီရိ' ကလည်း ပေါ့ပေါ့ပါးပါး ပျော်ပျော်ရွှင်ရွှင်နေတတ်သူလေ။

"မှုံ့အဖေဟာ သူ့သမီးကို ဆရာဝန်ဖြစ်စေချင်လွန်းလို့



www.burmeseclassic.com

www.burmeseclassic.com



သာ ဆေးကျောင်းတက်နိုင်းပေမယ့် ဥစ္စာအရမ်းခြောက်တာဟဲ့"

"ချစ်တာပါ သီရိရယ်"

"ဘယ်က ချစ်ရမှာလဲ၊ ဥစ္စာကိုခြောက်တာ။ သမီးထိ ခါးကြည့်ဆိုတဲ့အဖေမျိုး။ ငါသာ ယောကျ်ားလေးဆိုရင် မှူ့ကို သူ့ဆီမှာ သွားမတောင်းဘဲ ခိုးပြေးမှာပဲ"

"ဟဲ့!"

"အဲဒါမှ အဘိုးကြီး ဒေါသီးမှာလေ"

"ဖေဖေ့ကို အဘိုးကြီးလို့မပြောပါနဲ့ သီရိရယ်"

"သူ့အဖေကျ နာတတ်လိုက်တာ၊ နင့်အဖေအကြောင်း နင်ဘာမျှားသိလို့တုန်း"

မှူ ငြိမ်နေလိုက်ရပါ၏။ ဟုတ်ပါတယ်၊ မှူက မေမေမွေးထားတဲ့သမီးမို့ ဖေဖေ့အကြောင်းတွေ ဘာဆိုဘာမှမသိတာ အမှန်ပါလေ။ ဒီမနက်ကမှ ဖေဖေမတည့်သည့် ရှေ့ခြံကိုပြောင်းလာတဲ့ ဆရာဝန်မိသားစုအကြောင်းကို သိရတာ။ ဒါလည်း ဘာမှကိဒ်တိ ကျကျမဟုတ်၊ ဟိုတစ်ခွန်းဒီတစ်စလောက်သာ သိခွင့်ရခဲ့တာလေ။

"မှူ့အဖေက ဘာမို့လို့လဲ သီရိရဲ့"

"မှူ့အဖေက အရင်တုန်းက ဆရာဝန်မလှလှလေးကို သေလုမျောပါး ချစ်ခဲ့တာဟဲ့"





"ဘယ်လို"

မှူ့ရင်ထဲ ဒိန်းခနဲမြည်လေ၏။ ဆရာဝန်မလှလှလေးတဲ့လား။ ဒါဖြင့် ဒေါက်တာဖြူဖြူလေးပေါ့။ ဖြစ်နိုင်တာပဲ။ အဲဒီအန်တီကို မရခဲ့လို့ မှူ့မေမေကို ယူခဲ့တာ။ အဲဒီအန်တီကို ချစ်မိခဲ့လို့ မှူ့မေမေကို ဖေဖေချစ်ပုံမရတာလေ။

ဒါနဲ့မျှား ရှေ့ခြံကို အပေါင်းအသင်းမလုပ်နဲ့တဲ့။ မှူက အနေသာကြီးပါ။ ဖေဖေသာ အဲဒီအန်တီကိုပြန်တွေ့ရင် ဟိုတုန်းက ရင်ခုန်သံတွေ ပြန်မြည်မလာနိုင်ဘူးလို့ ပြောနိုင်မလား။ မေမေ့ကို မှူ သနားမိပြန်ပြီလေ။

"အဲဒီ မမဒေါက်တာက သူ့ရည်းစားဦးနဲ့ပဲ မိဘတွေ သဘောမတူတဲ့ကြားက ယူလိုက်တာ"

"ဟယ်! အန်ကယ် သနားပါတယ်"

"အန်ကယ်ခွန်သာက သနားဖို့မကောင်းဘူးဟဲ့။ အန်တီ နှင်းမှုံကမှ သနားစရာကောင်းတာ"

ဒါကြောင့်ကိုး။ သူတို့ဘာသာသူတို့ ချစ်သူချင်း ယူဖြစ်ကြတာ ဖေဖေက ဘာကြောင့် မစ္ဆရိယတွေ ပွားခဲ့ပါသလဲ။ မနာလိုဝန်တိုမှုလောက် ပုလောင်တာ မရှိတော့ပါလေ။ မှူက ဘွားဘွားနဲ့မေမေနဲ့ အတူတူ တရားထိုင် ပုတီးစိပ်ကျင့်ရှိတာမို့ ငြိမ်းအေးမှု



www.burmeseclassic.com

www.burmeseclassic.com



ကို ရှာတွေ့တာအမှန်ပါပဲ။

"ဘာဖြစ်လို့လဲ"

"မှုံ့ကိုမေးကြည့်"

"မပြောချင်ပါဘူး"

"ဘာဖြစ်လို့လဲ မှုံ့ရဲ့"

"အတွင်းမီး အပြင်ကို မကူးစေနဲ့တဲ့၊ မကြားဖူးဘူးလား"

"ကျောင်းအစ်မက တရားပြနေပြန်ပြီ"

သူငယ်ချင်းတွေ မျက်စောင်းဝိုင်းထိုးကြတာကို မမြင်ယောင်ဆောင်လိုက်ပြီး နာရီကိုငုံ့ကြည့်လိုက်ပါ၏။ စောတော့ စောသေးသားပဲ။

"မှုံ့အလုည့်ကျရင် ဘယ်လိုလုပ်မလဲ"

"ဘာကိုလဲ"

"အဲဒီလိုမျိုး ကိုယ်ချစ်နေတဲ့လူကို အိမ်က သဘောမတူရင်လေ။ နင်လိုက်ရဲလား"

"အာ . . . ကျောင်းလာတက်တာကို ဘာတွေလျှောက်မေးနေကြတာလဲ"

"ဟုတ်တယ် မှုံ့ရဲ့၊ အဲဒီဆရာဝန်စုံတွဲက သားလေးမွေးထားတာဆိုပဲ။ နင်တို့ငါတို့နဲ့ဆိုရင် နည်းနည်းလောက်တော့





အသက်ကြီးမှာပေါ့"

"အဲဒါဘာဖြစ်လဲ"

"အဲဒီလူကို နင်ချစ်လို့မရဘူးလေ။ နင့်အဖေနဲ့ သူ့မိဘတွေက ကမ္ဘာ့ရန်ဖြစ်နေတာလေ မှုံ့ရဲ့"

ကမ္ဘာ့ရန်တဲ့။ ဒီလာခါနီးလေးတင် အဲဒီတစ်ယောက်ကို မှုံ့တွေ့လိုက်တာမဟုတ်လား။ သူတောင်မှ ယောကျ်ားလေးဖြစ်ပြီး ဒီလောက်ချောလွန်းခန့်လွန်းနေရင် သူ့မေမေဆို အဘယ်မျှ ချောလိမ့်မလဲ။ မနာလိုချင်လိုက်တာနော်။ မှုံ့မေမေက သိပ်အချောကြီးမဟုတ်လို့များ ဖေဖေ မတွယ်တာခဲ့လေသလား။

"မှုံ့ ရှောင်ရမှာပေါ့"

"အံမယ်! သူက သိတာကျနေတာပဲ"

"သိတယ်လေ"

"တကယ်"

"တကယ်ပေါ့"

"ဘယ်လိုသိတာလဲ"

"ဒီမနက်ပဲ မှုံ့ကို ဖေဖေပြောလိုက်တာ"

"ဘာတဲ့တုန်း"

"အိမ်ရှေ့ခြံကို ပြောင်းလာတဲ့ဆရာဝန်မိသားစုနဲ့ မပတ်



www.burmeseclassic.com

www.burmeseclassic.com



သက်စေနဲ့တဲ့''

''ဘယ်သူတွေလို့ ပြောလဲ''

''နာမည်တွေတော့ ပြောတယ်၊ နင်ပြောသလိုမျိုးတော့ မဟုတ်ဘူးပေါ့ သီရိရဲ့။ မှုံလည်း ထင်မထားဘူးလေ။ အဲဒီလူတွေနဲ့ စကားမပြောရဘူး၊ မခင်ရဘူး၊ မပြုံးပြရဘူးဆိုပြီး ပြောတာ''

''တွေ့လား။ ငါပြောသားပဲ။ ဖူးစာများ ရှာကြံဖြစ်တယ်''

''ဘာဖူးစာလဲ''

''အဲဒီလူနဲ့နီးဖို့ နင့်နားကိုရောက်နေတာလေ''

''မှုံ့နားမဟုတ်ပါဘူး၊ မှုံတို့ရှေ့ခြံပါ''

''အေးလေ၊ အဲဒါနီးနီးလေးပဲဟာ၊ မျက်နှာချင်းဆိုင်ဆိုတာ ရင်ချင်းအပ်တဲ့ ၄၃ ကိုပြောတာ''

သီရိက လက်ဝါးနှစ်ဖက်ကို ပူးပြလိုက်တာမို့ ထိုလက်ကို မှုံ လှမ်းပုတ်လိုက်မိပါ၏။ အလကားလျှောက်ပြောလို့လည်း ဘာမှမဟုတ်တာကိုလေ။

''ဘာလဲ၊ မဟုတ်လို့လား''

''မဟုတ်ဘူး''

''စတဲ့ဟာပဲကို မျက်နှာက နီချင်နေပြီ၊ အဲဒီမှုံဟာ''





''မှုံက မေမေ့အတွက် စိုးရိမ်နေမိတာ''

''ဘာလို့လဲ''

''ဖေဖေသာ အဲဒီအန်တီကို ပြန်တွေ့ရင် ဘယ်လိုတွေဖြစ်မလဲလို့လေ။ နဂိုကမှ မျက်နှာအရိပ်အကဲကြည့်နေရတဲ့ကြားထဲ ဒီ့ထက်ပိုပြီး မေမေ့ကိုအမြင်မကြည်မှာကို စိုးတာ''

''ဟယ်! မှုံကလည်း ဘယ်ယောက်ျားကမှ သူ့မိန်းမကို မချစ်ဘဲ မယူဘူး''

''မှုံသိတာကတော့ မေမေ့ကို ဖေဖေမချစ်ဘူးဆိုတာပဲ''

''နင့်အမေကို မချစ်ဘဲနဲ့တော့၊ နင် လူဖြစ်မလာဘူး မိန်းမရဲ့''

ဒီတစ်ခါတော့ မှုံ့ကိုယ်စား ကြယ်ပြာနင့်ခွာဝါက သီရိလက်မောင်းကို ဝိုင်းရိုက်ကြလေ၏။ အတူနေရုံနှင့် အချစ်ဆိုတာ ဖြစ်တည်လာနိုင်ပါ့မလား။ မထင်ပါလေ။ မှုံသိထားသလောက် မှုံတို့မိသားစုက တကယ့်ကို အေးစက်စက်အနေအထားမျိုးပါ။

ဘွားကတော့ မှုံ့ကိုချစ်ပါ၏။ ဖေဖေလည်း မှုံ့ကို ငုံထားမတတ် ချစ်မှန်းသိသော်ငြား မှုံ့ရင်ထဲ သိပ်မနွေးထွေးလှပါလေ။ အခန်းထဲကို မေမေဝင်လာတဲ့အခါမျိုး၊ စာကျက်နေတဲ့သမီးကို တစ်ခုခုစားဖို့ လုပ်လာပေးတာမျိုး၊ ဆံပင်ရှည်တွေ စည်းပေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



အခါမျိုးမှာ တကယ့်ကို ရင်ထဲနွေးထွေးသွားရတာအမှန်ပါပဲ။ ဒါကို မေတ္တာလို့ အမည်တပ်လို့ရမှာပါနော်။

‘‘ငါ့မာမီလည်း နှင့်အမေကိုသိပ်ချစ်တာ။ နေ့လယ်ဆိုရင် သူတို့နှစ်ယောက် Phone ပြောပြီး ရင်ဖွင့်ကြပြီ။ အဲဒီလို ပြောတိုင်းလည်း မာမီကသာ ပေါက်ပေါက်ရှော်အောင် ပြောတာ၊ မှုံ့အမေကတော့ အင်း၊ ဟုတ်ကဲ့ဆိုတာချည်းပဲ။ ဒင်းတို့သားအမိ ပါးစပ်ထဲမှာ No! ဆိုတဲ့အငြင်းစကားလုံး မရှိဘူး။ ပြောလိုက်ရင် Yes! Alright ဆိုတာချည်း’’

‘‘ဟီဟိ! အဲဒါကောင်းတာပေါ့ဟဲ့၊ ဒါဆို မှုံ့ကိုချစ်တယ်လို့ လာပြောတဲ့ကောင်လေးတွေအတွက် OK...ပဲ’’

‘‘ကြယ်ပြာနော်’’

‘‘အဲဒါဆို တစ်ခါတည်းမေးထားရမှာ’’

‘‘ဘာလဲ’’

‘‘မှုံ့အဖေက ဘယ်သူနဲ့မှ သဘောမတူချင်ဘူးဆို’’

‘‘အေးလေ’’

‘‘အဲဒါဆို မှုံ့ကိုလာချစ်ရင် နိုးပြေးရဲလားလို့ပါ တစ်ခါတည်းမေးရမှာပေါ့။ မဟုတ်ဘူးလား’’

‘‘ဟုတ်ပ’’





ရယ်ကြပြန်၏။ သူငယ်ချင်းတွေကြားမှာ မှုံက စစရာ အရုပ်လေးဖြစ်နေပြီလား။ အိုလေ၊ ပေါင်းတာမှ ဒီလေးယောက်တည်းရှိတာကိုး။ မှုံ့အပေါ်မှာတော့ ဘယ်သူကမှ တင်တင်စီးစီး မပေါင်းတတ်ပါလေ။

‘‘ဘွားကိုရော နှင့်အဖေ ခုထိ ဗိုလ်ကျနေတုန်းပဲလား’’

ပြန်မဖြေမိ။ အိမ်မှာ ဘွားက ဖေဖေ့လက်ထောက်ရာထူးသာ ရှိနေတာမဟုတ်လား။ ဟိုးအရင် ကျောင်းသားဘဝကတည်းက တစ်အိမ်လုံးပြောင်းဆန်အောင် ဆိုးလာတဲ့လူကို ဘယ်သူက များ နိုင်ကြလို့လဲ။ ဘိုးဘိုးရှိတုန်းက သိပ်မဟုတ်သေး။ ဘိုးဘိုးလည်း ဆုံးပြီးရော မှုံတို့အိမ်ရဲ့ Power အရှိဆုံး၊ အင်အားအကြီးဆုံးလူဟာ ဖေဖေသာ ဖြစ်လေတော့၏။

‘‘နှင့်မှာ ရည်းစားရှိလားတို့ဘာတို့ရော မေးသေးလား’’

‘‘မမေးပါဘူး’’

‘‘အိတ်ကို ငယ်ငယ်တုန်းကလို ပြန်ရောက်တာနဲ့ စစ်တုန်းပဲလား’’

‘‘အင်း’’

‘‘ဟင်! ဘယ့်နှယ်ဟာကြီးလဲ၊ ဒီအရွယ်ရောက်နေတဲ့ သမီးကို’’



www.burmeseclassic.com

www.burmeseclassic.com



"Phone ကိုရော စစ်သေးလား မှုံ"

"စစ်တာပဲ"

သုံးယောက်သား နဖူးကိုယ်စီ ပြိုင်ရိုက်ကြတာမို့ မှုံ ပြုံးလိုက်မိပါ၏။ အရယ်အပြုံးရှားပါးလွန်းလှတဲ့မှုံ့အတွက် ဤသူငယ်ချင်းတွေနဲ့ ဆုံချိန်မှသာ ပျော်ရတာမဟုတ်လား။

"နင်နဲ့ချစ်သူတော်ရမယ့် ကောင်လေးတော့ နာပြီပဲ"

"ဘာလို့လဲ ကြယ်ပြာရဲ့"

"ဟုတ်တယ်လေ. . . ရည်းစားခိုးထားရပြီး ဘာလက်ဆောင် ဘာပစ္စည်းမှပေးခွင့်မရ၊ Message လေးမှ ပို့ခွင့်မရရင် ဘာလုပ်တော့မှာလဲ"

"အေးလေ"

"ညှံ့ပံ့ါဟယ်၊ လူမသိအောင် ပေးလို့ရတဲ့လက်ဆောင်တွေမှ အများကြီး"

"ဘာပစ္စည်းလဲ"

"One Kiss! Two Kiss! Three Kiss! "

"သိရိနော်"

မှုံ့မျက်နှာ ရဲရဲနီနေမှာ အသေအချာပါလေ။ အပြောင်အပျက်ပြောကြတာမှန်ပေမယ့် ရင်ထဲမှာ စိုးထိတ်လိုက်ဖိုသွားမိ





တာကတော့ အမှန်ပါပဲ။ ရေဖန်ခွက်ထဲမှလက်ကျန်ရေကို မော့သောက်လိုက်မိစဉ် Canteen ရှေ့ကားလမ်းမှာ ကားရပ်ထားပြီးလက်ပိုက်ကြည့်နေသည့်လူကို တန်းခနဲမြင်လိုက်ရလေ၏။

ဘုရားရေ! သူဘယ်သူလဲ၊ ဘာလို့ မှုံ့ကိုသဘောတကျပြုံးပြီး ကြည့်နေတာလဲ။ ဘယ်အချိန်တည်းကလဲ။ သူငယ်ချင်းတွေနဲ့ စလိုက်ရယ်လိုက်လုပ်နေတာမို့ ဒီလူတစ်ယောက် စိုက်ကြည့်နေတာကို မှုံ သတိမထားမိတာလေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

"သွားကြရအောင်"

"နေပါဦးဟဲ့၊ ကိုးနာရီမှ မထိုးသေးတဲ့ဟာ။ ကျောင်းခန်းထဲ ဘယ်သူမှမရှိဘဲ သရဲခြောက်ခံရဦးမယ်။ မကြောက်ဘူးလား"

"မကြောက်ပါဘူး။ မမြင်ရတဲ့ပုဂ္ဂိုလ်တွေက မေတ္တာပို့ရင် ကိုယ့်ကို အနှောင့်အယှက်မပေးဘူးတဲ့"

"ဒါဖြင့် မြင်ရတဲ့ပုဂ္ဂိုလ်ကတော့ နှောင့်ယှက်နိုင်တယ်ပေါ့လေ"

"ဟုတ်တယ်"

"ဘယ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နှင်တို့နောက်မှာ၊ လှည့်မကြည့်နဲ့"

သတိပေးလိုက်ပါလျက် သီရိတို့သုံးယောက်က ပြိုင်တူ လှည့်ကြည့်လိုက်ကြတာမို့ မှုံ့ သက်ပြင်းရှိုက်လိုက်မိပါ၏။ လွဲတယ်ဆိုတာ ဒါမျိုးပေါ့။ ဟိုလူက ကားကိုမှီရပ်နေရာမှ တစ်လှမ်းချင်း လှမ်းလာလေတော့သည်။ အလို! မှုံ့တို့ဆီကို တန်းနေအောင် လျှောက်လာနေတာပါပဲလားနော်။

"အဲဒီကောင် ငါသိပါတယ်၊ ဆယ်တန်းတုန်းက ကျူရှင်တစ်ဝိုင်းတည်းတက်ခဲ့တာ။ နာမည်ဘယ်သူပါလိမ့်"

ဦးနှောက်စားသွားသည့်သီရိနောက်မှာ သူက ခြေလှမ်းကို တုံ့ခနဲရပ်လိုက်လေ၏။ အရပ်အမောင်းကလည်း လှတယ်၊ ယောက်ျားလည်း ပီသတယ်၊ မျက်နှာထက်မှာ ဖော်ရွေတဲ့အပြုံးက အပြစ်ကင်းစင်မှုကို ပြနေတယ်။ တစ်ခဏချင်းအမြင်ကိုလွှဲကာ မျက်လွှာချလိုက်ပါ၏။

"ခေတ်သမီး"

"အမယ်လေး!"

သီရိလက်မောင်းနှစ်ဖက်ကို အနောက်ဘက်မှ လှမ်းကိုင်ညှစ်လိုက်၍ လန့်အော်တော့ မှုံ့ လှစ်ခနဲပြုံးလိုက်မိပါသည်။ မှုံ့ကိုစိုက်ကြည့်နေတယ်လို့ထင်ထားတဲ့အတွေးကို ချက်ချင်းပယ်ချ





လိုက်ရတော့၏။ သူလာတာ သီရိဆီကိုမဟုတ်လား။

"လန့်လိုက်တာ. . . ငါ့နာမည် ခေတ်သမီးမဟုတ်ဘူး၊ ခေတ်သီရိဟဲ့. . . ခေတ်သီရိ"

"သိတယ်လေ၊ ကိုယ်က Teacher Snow ခေါ်တဲ့အတိုင်းခေါ်လိုက်တာ။ ကိုယ့်ကိုမှတ်မိလား"

"လူကိုတော့ မှတ်မိတယ်၊ နာမည်တော့ မသိတော့ဘူး"

"ထိုင်လေ. . . ထိုင်"

သူက မှုံ့တို့တစ်ဖက်ဝိုင်းမှ ခုံတစ်ခုံကို ယူလိုက်ပြီး မှုံ့နှင့်သီရိကြားနေရာမှာ ထားလိုက်တာမို့ သီရိက ကြယ်ပြာနားသို့ ခုံရွှေ့ပေးလိုက်ရပါ၏။ နေရာယူတတ်ပုံက သင်းပုံ့ရှင်။

"မြတ်နိုးမောင်ပါ မှုံ့နှံ့သာ"

"ဟဲ့!"

အားလုံး အာမေဋ္ဍိတ်သံတွေ ထွက်သွားပေမယ့် မှုံ့က ပါးစပ်ကို အမြန် (လက်ဝါးဖြင့်)အုပ်လိုက်မိပါ၏။ လွဲပြန်ပြီကောနောက်တစ်ခါ။ ဘယ်လိုဖြစ်ပြီး မှုံ့ကို သူသိနေပါသလဲ။

"မှုံ့ မသိဘူး"

"မသိလို့ မိတ်ဆက်နေတာပေါ့ မှုံ့ရဲ့။ မေမေခေါ်သလို မှုံ့ကလေးလို့ပဲခေါ်ရမလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!"

'မွှံကလေး' တဲ့။ အဲဒီလိုခေါ်တာ မေမေ့ညီမဝမ်းကွဲ အန်တီသက် (ဒေါက်တာအေးသက်)တစ်ဦးသာ ရှိတာလေ။ မဟုတ်သေးပါဘူး။ အန်တီသက်က အပျိုကြီး၊ ကလေးမှမရှိတဲ့ဟာ။ အန်တီသက်နဲ့ပတ်သက်လာရင် သူက မွှံနဲ့ဆွေမျိုးတော်ကောင်းတော်နိုင်သည်ပဲ။ မဖြစ်နိုင်ဘူး။

"ဟောဗျာ၊ လူကိုမမြင်ဖူးသလို ကြည့်နေတာပဲလား"

"မွှံမှမသိတာကိုး"

"သိအောင်ပြောပြမယ်လေ၊ သိချင်လား"

"ဟင့်အင်း"

"ကောင်းတယ်"

သီရိ ထောပနာပြုတာကို သူက မဖြုံဘဲ ကြယ်ပြာတို့နှင့်ပင် အတူလိုက်ပြုံးနေပါ၏။ ဘယ်လိုလဲ၊ မိန်းကလေး (၄) ယောက်ကြားထဲ ယောရောရှိဝင်လုပ်တာ နည်းနည်းလေးမှ မရှိန်ပါလားနော်။

"ဒေါက်တာအေးသက်ကို သိလား"

"အဲဒါ မွှံ့အန်တီလေ"

"ဟုတ်ပြီ၊ အဲဒီအန်တီသက်မှာ အရမ်းချစ်တဲ့သူငယ်





ချင်းရှိတယ်၊ ဒေါက်တာဇင်မမဇော်တဲ့၊ ကိုယ်က အဲဒီသူ့ရဲ့သား"

"အင်း"

အင်းရတော့မှာပေါ့။ ဆွေမျိုးစပ်နေတာကိုး။ အန်တီသက်သူငယ်ချင်းရဲ့သား ဖြစ်တာနဲ့ပဲ မွှံက ခင်လိုက်ရမှာလား။ မဟုတ်သေးပါဘူးနော်။

"အဲဒီတော့ ဘာဖြစ်လဲ မြတ်နိုးမောင်"

"အဲဒီတော့ အန်တီသက်နဲ့မာမီတို့ တိုင်ပင်ပြီး ကိုယ်နဲ့မွှံနဲ့သာကို သဘောတူထားတယ်လို့ ဒီမနက်ပဲပြောလိုက်လို့ အဲဒါလာကြည့်တာ"

"ရှင်!"

ဒီတစ်ခါတော့ဖြင့် မွှံပါးစပ်ဟရုံတင်မက မျက်လုံးပါ ပြူးသွားရတော့၏။ ဘယ့်နှယ်! မွှံ့ကို သူနဲ့အန်တီသက်က သဘောတူထားတာတဲ့။ မေမေဖြင့် ဘာတစ်ခုမှမသိပါဘဲ အရှူးလိုမျိုး ဒီလူ လာပြောနေတာ အံ့ပါရဲ့နော်။

"ဒါဆို နင်တော့ နောက်ကောက်ကျပြီ မြတ်နိုးမောင်"

"ဘာလို့လဲ"

"မွှံ့အန်တီသဘောတူရုံနဲ့ နင်ဖြစ်ချင်တာ ဖြစ်လာလိမ့်မယ်လို့ တွေးထားရင် မှားပြီပဲ။ ဘာဖြစ်လို့လဲဆိုတော့ မွှံတို့အိမ်



www.burmeseclassic.com

www.burmeseclassic.com



မှာ မှူ့ဖေဖေက အခရာမို့လို့ပဲ''

''အဲဒီတော့''

''ဦးခွန်ချိုသာလို သမီးကို ဥစ္စာခြောက်နေတဲ့လူကြီးဆီမှာ နင်ဘယ်လိုခွင့်သွားတောင်းမှာလဲ . . . ပြော''

သူက မိန့်မိန့်ကြီးပြုံးလိုက်ပြီး မှူ့ကိုပြန်ကြည့်လိုက်ပြန်၏။ ဖေဖေ့နာမည်ကိုကြားတာတောင်မှ မတုန်လှုပ်တဲ့လူပါလား။ သူ့ဆီမှာ ဘာလျှို့ဝှက်ချက်တွေများ ရှိနေမှာပါလိမ့်။

''ကိုယ်က မပိုင်ရင် ခြင်တောင်မရိုက်တတ်ဘူး ခေတ်သမီးရဲ့''

''ဒါဖြင့် မှူ့ဖေဖေကို နင်မကြောက်ဘူးပေါ့လေ။ ဟုတ်လား မြတ်နိုးမောင်''

''ဟုတ်တယ်''

''ဘာလို့လဲ''

ဟော! ခုန သူမေးတဲ့မေးခွန်းက သီရိဆီ ရောက်သွားပြန်ချေပြီ။ စကားအပိုအယှူကတော့ ဟုတ်နေတာပါပဲ။ မှူ့ကဖြင့် ဘာတစ်ခုမှ နားမလည်ဘဲ သူနှင့်သီရိကိုသာ ကြည့်နေမိလေ၏။

''ဦးခွန်ချိုသာနဲ့ ကိုယ့်ဖေဖေ ဦးမျိုးမင်းမင်းမောင်က လုပ်ငန်းတူ ပါတနာတွေမို့လို့ပဲ''





''သေစမ်း!''

သီရိက နှုတ်ဖူးရိုက်လေပြီ။ 'ဦးမျိုးမင်းမင်းမောင်' တဲ့လား။ ဖေဖေနှင့် Phone မကြာခဏပြောဖြစ်တဲ့အမည်တစ်ခုကို မှူ့မှတ်မိလိုက်တာလေ။ သူက အန်ကယ်မင်းမင်းရဲ့သားတဲ့။

''အဲဒီတော့ ယောက္ခမကြီးကို ဘယ်လိုဖားရမလဲဆိုတာ လောက်က အပျော့ပဲ''

''ရပါလိမ့်မယ် အားကြီးကြီး၊ နင် စကားပဲ သွားပြောကြည့်လိုက်ပါဦး။ ဟိုက အော်မထုတ်ရင်တောင် ကံကောင်း''

''ရပါတယ် ခေတ်သမီးရာ၊ ဘွားဘွားဒေါ်ထိပ်ထားခင်ရယ်၊ အန်တီနှင်းရယ်၊ အန်တီသက်ရယ်ဆိုရင် ကိုယ့်မှာ သုံးမဲ ရနေပြီ။ မှူ့ကရော''

အမယ်! အလာကြီးပါပဲလား။ စကားရောဖောရောနဲ့ လူကိုရောချလိုက်တာလေ။ တော်ပေမယ့် ညံ့ပါသေးတယ်ရှင်ရယ်။

''မှူ့ မပါဘူး''

''အဲဒါမှ တကယ်သေတာ''

သူက နှုတ်မှရေရွတ်ရင်း သီရိတို့နှင့်ရော၍ ရယ်လိုက်လေ၏။ သူရပ်ထားသည့်ကားဖြူလေးအနောက်မှာ ကားခဲရောင်လေး ရပ်လိုက်လေသည်။ သူက လှမ်းကြည့်ကာ လက်ခေါင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး လှမ်းအော်လိုက်လေ၏။

"ငါ ဒီမှာ ရှင်းသန့်ရေ့"

"ဟင်!"

မှူ အထိတ်တလန့်ဖြစ်သွားပါ၏။ 'ရှင်းသန့်' တဲ့။ အဟုတ်ကိုပဲ မနက်တုန်းက မှူလှမ်းမြင်လိုက်သည့်လူ ဖြစ်နေတာလေ။ ဒါ ဒေါက်တာကြည်လင်ထူးနဲ့ ဒေါက်တာဖြူဖြူလေးတို့ရဲ့သား ရှင်းသန့်ကြည်လင်ပေါ့။ ဘုရားရေ!

"မင်းကားကိုတွေ့လို့ပဲ ရပ်လိုက်တာ၊ ကိုးနာရီထိုးနေပြီ မဝင်သေးဘူးလား"

"ဖြည်းဖြည်းပေါ့ကွ၊ ဦးဆုံးနေ့ပဲဟာ။ လာ. . . မင်းကို ငါမိတ်ဆက်ပေးမယ်"

မတ်တပ်ရပ်လိုက်တာမို့ နှစ်ယောက်သား ယှဉ်ပြလိုက်သည့်နှယ်ပင်။ အရပ်အမောင်းလည်းတူတယ်၊ Body Structure လည်း Size တူပဲ။ ဘယ့်နှယ် သူငယ်ချင်းဖြစ်နေတာပါလိမ့်နော်။

"သူက State တုန်းက သူငယ်ချင်း ခေတ်သီရိတဲ့"

"ဟုတ်ကဲ့၊ ကျွန်တော် ရှင်းသန့်ကြည်လင်ပါ"

"ကြယ်ပြာပါရှင်"





"နွာဝါပါ"

သူ့အကြည့်တို့က မှူ့ဆီမှာ ရပ်သွားသလို အတော်ကြာကြာ စူးစူးစိုက်စိုက်ကြည့်လိုက်သလိုမို့ လက်ဖျားတွေပင် အေးသွားပါ၏။ မဖြစ်ဘူး။ သူနဲ့မှူ ခင်လို့မရဘူးလေ။ ဖေဖေက မှာထားတယ်။ ပြုံးတောင် ပြုံးမပြရဘူးတဲ့။

"ဒါကတော့ ငါနဲ့မေမေ သဘောတူထားတဲ့ မှူနှံ့သာတဲ့"

"သြော်"

"သွားရအောင်"

"ဟဲ့"

"မှူကလည်း ဒီမှာ ကိုယ့်သူငယ်ချင်းနဲ့ မိတ်ဆက်ပေးနေတာကို"

"မှူမှ မခင်ချင်တာ"

"ဘာဖြစ်လို့လဲ"

အားမနာတတ်သည့် သီရိပင် ထိုင်ခုံမှမထသေးတာမို့ ခုံမှထရပ်လိုက်တာ မှူပင်ဖြစ်နေတာလေ။ ဒုက္ခပါပဲ၊ မခင်ချင်ပါဘူးဆိုမှ ဖွတ်ကိုအတင်းကြီးမိတ်ဆက်ပေးနေတော့တာပဲ။

"မခင်ချင်လို့ပေါ့"

"ဘာဖြစ်လို့ မခင်ချင်ရတာလဲ မှူရဲ့။ ကိုယ့်ဘော်ဒါက



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်နေလို့လဲ''

''ဘာမှမဖြစ်ဘူး''

''မဟုတ်သေးပါဘူး၊ ဘာမှမဖြစ်ဘဲနဲ့ သူ့ကိုဘာလို့ မှုံ့က မခင်ချင်ရတာလဲ''

''ခက်တာပဲ''

''မခက်ပါဘူး။ မှုံ့ကမှ ခက်နေတာ။ ကိုယ်ဖြင့် နားမလည်တော့ဘူး''

မှုံ့က အိတ်ကိုလွယ်ပြီးပြီမို့ စားပွဲထက်မှ စာအုပ်တစ်ထပ်ကို ယူလိုက်စဉ် အပေါ်ဆုံးမှစာအုပ်ထူက အောက်ကို လျှောခနဲပြုတ်ကျသွားလေသည်။ သူက အသာငုံ့ကိုင်းလျက် ကောက်လိုက်လေ၏။ အို! စိတ်တွေ ရှုပ်လိုက်တာနော်။ စကားမပြောချင်ပါဘူးဆိုမှ ကျေးဇူးစကားဆိုရအောင် လုပ်နေပြန်ပါပြီ။

''သူ့ကို မှုံ့ခင်လို့မရဘူး''

''ဘာဖြစ်လို့ ခင်လို့မရတာလဲ''

''သူဖြစ်နေလို့ပေါ့''

''ဟောကြည့်! မှုံ့စကားက မှန်လုံးစက္ကူကပ်ပြီး လုံးလည်ချာလည်လိုက်နေပြီ။ ရှင်းသန့်ကိုခင်လို့မရဘူးလို့ ဘယ်သူပြောတာလဲ''





''ဖေဖေ''

''ဘယ်လို''

သူက မှုံ့စာအုပ်ကိုကိုင်ပြီး ပြန်မပေးဘဲ အံ့ဩသွားလေ၏။ အင်းပေါ့လေ တစ်ခါမှမတွေ့ဖူးပါဘဲ မိန်းကလေးတစ်ယောက်က မခင်ချင်ဘူးလို့ပြောနေတာ သူ့အတွက် အံ့ဩစရာဖြစ်ကောင်းဖြစ်နိုင်တာကိုး။

''မင်းဖေဖေက ဘယ်သူလဲ''

''ဦးခွန်ချိုသာပါ''

''ဦးခွန်ချိုသာ?''

''ဟုတ်တယ်''

''သူက ဘာပြောလို့လဲ မှုံ့နှံ့သာ''

''ဖေဖေကပြောတယ်၊ အိမ်ရှေ့ခြံကိုပြောင်းလာတဲ့မိသားစုနဲ့ မခင်ရဘူးတဲ့။ အပေါင်းအသင်းမလုပ်ရဘူး၊ မပြုံးပြရဘူးလို့ ပြောတယ်''

''အိမ်ရှေ့ခြံ?''

''ဟုတ်တယ်၊ ရှင်က ဒေါက်တာကြည်လင်ထူးနဲ့ ဒေါက်တာဖြူဖြူလေးတို့ရဲ့သား ဖြစ်နေလို့လေ''

''ဒါဆို ကိုယ် မင်းတို့ရှေ့ခြံမှာနေတာ မင်းသိတယ်ပေါ့''



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကို ဆတ်ခနဲညိတ်လိုက်မိပြီးမှ မှုံမျက်နှာပူသွားရပါ၏။ သွားပါပြီ၊ သူ့ကို ဘယ်သူဘယ်ဝါမှန်း မှုံကြိုသိနေရင် သူ့ကို မှုံမြင်တွေ့မှန်း သူသိတော့မှာလေ။ ညံ့ပါ့ မှုံနှံ့သာ။

သူက သဘောကျသည့်နှယ် တစ်ချက်ရယ်လိုက်ပြီးမှ ခေါင်းကို ဆတ်ခနဲညိတ်လိုက်လေ၏။ ဘာသဘောလဲ၊ မှုံပြောတာကို လက်ခံတဲ့သဘောများလား။ အတွေးတွေ ယောက်ယက်ခတ်နေစဉ် သူက မှုံ့လက်ထဲသို့ စာအုပ်ကိုလှမ်းပေးရင်း ပြောလိုက်လေ၏။

''အခုလို ခင်ခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ် မှုံနှံ့သာ''



## အခန်း (၅)

''ဘယ်သူ''

''မာမို့ကို သေလုမျောပါး ကြိုက်ခဲ့တဲ့လူလေ ဒက်ဒီရာ''

''ခွန်ချိုသာကို ပြောတာလား''

''ဟုတ်တယ်''

''ရွှေခြံမှာနေတာ''

''ဟုတ်တယ်''

''သူ့သမီးနဲ့ ကျောင်းမှာတွေ့တယ်ပေါ့. . . ဟုတ်လားသား''

သူ ထမင်းစားနေလျက်မှ ခေါင်းညိတ်ပြလိုက်ပါ၏။ အမိ



www.burmeseclassic.com

www.burmeseclassic.com



က ခုနလေးကမှ ဆေးရုံက ပြန်ရောက်တာမို့ ရေချိုးနေတုန်း ဆင်းမလာသေး။ သူက ဆာလွန်း၍ အရင်စားနေတာပင်။

''နာမည်က ဘယ်သူ''

''မှုံနှံ့သာတဲ့''

''တယ်လှပါလား''

''လှူက ပိုတောင်မှ လှသေးတယ်၊ ဒက်ဒီမြင်မှယုံမှာ''

''ညွှန်းလှချည်လား''

''သားအဖတွေ ဘာတိုင်ပင်နေကြတာလဲ''

''ဒီမှာ ဖြူလေးအဆက်ဟောင်းနဲ့ ရေစက်ဆုံနေပြီကွ''

''ဘယ်သူ့ကိုပြောတာလဲ''

''ဖြူလေးရဲ့သားချိုလေကွာ၊ မေ့သွားပြီလား''

''ကိုကိုနော်၊ သားရှေ့မှာ ပေါက်ကရလျှောက်မပြောပါနဲ့။ တော်ကြာ အဟုတ်ထင်သွားပါဦးမယ်''

မာမီက နံဆွဲလိုက်ပြီး ထိုင်လိုက်ပါ၏။ မှောက်ထားသည့် ပန်းကန်ကိုလှန်၍ ထမင်းအုပ်ထဲမှထမင်းကို အဖုံးဖွင့်ပြီး ဇွန်းကြီး ဖြင့်ခပ်ကာ ဒက်ဒီ့ပန်းကန်ထဲသို့ အရင်ထည့်ပြီးမှ မာမီ့ပန်းကန် သို့ ထည့်လေ၏။

''သားယူဦးမှာလား''





''နည်းနည်း''

''စားကောင်းတယ်ပေါ့လေ၊ ဟင်းလည်း ကောင်းတာ မဟုတ်ဘဲနဲ့များ''

''စားပါစေ ဖြူလေးရယ်၊ ဒါမှ ကောင်မလေးကို ပိုးဖို့ အားရှိမှာ''

''အာ. . . ဒက်ဒီကလည်း''

''ဘယ်က ကောင်မလေးတုန်း သားရဲ့''

''ခွန်ချိုသာရဲ့သမီးလေ''

''ဘယ်လို! သူ့သမီး''

''အေး. . . ကိုယ်တို့ပြောင်းလာတာ သူတို့ရှေ့ခြံတဲ့။ ဒါ ကြောင့် ရေစက်လို့ပြောနေတာပေါ့''

မာမီက ပြုံးမြမြဖြင့် သူ့ကိုတစ်ချက်ကြည့်လိုက်ပါ၏။ ကြက်သားဆီပြန်၊ ပုစွန်ထုပ်ဟင်း၊ ငါးကြော်နှပ်၊ အရွက်ကြော် က အစိမ်းကြော်၊ ဟင်းချိုကို ငါးကြင်းနှင့်ကင်ပွန်းချဉ်ရွက်ရော ချက်ကာ ပုစွန်ခြောက်ထောင်းကြော်နှင့် ယနေ့ဟင်းလျာက သူ ထမင်းစားလို့ကောင်းလိုက်တာ မပြောပါနှင့်။

ခါတိုင်း တစ်ပန်းကန်လှလှလေးတောင် ကုန်အောင် မစားသည့်သူက ဒီညနေမှ ထမင်းထပ်ယူလေတော့ ဒက်ဒီ စ



www.burmeseclassic.com

www.burmeseclassic.com



နောက်တာ ခံရပေမယ့်ပေါ့။ ရေစက်တဲ့ မှုံနှံ့သာ။ ဖိုးမြတ်နဲ့ လူကြီးတွေသဘောတူထားမှန်းသိလျက်နဲ့ မင်းကို ကိုယ်ဘာကြောင့်များ တငေးတမောကြည့်မိလိုက်တာပါလိမ့်။

"ဖြူ့သဘောကရော"

"လေးက. . . ဘာသဘောကိုလဲ ကိုကို"

"သားနဲ့ သူ့သမီးကိုလေ"

"ဟာဗျာ၊ ဒက်ဒီကလည်း မှုံနှံ့သာကို ကျွန်တော်စိတ်မဝင်စားပါဘူးဗျ"

"စိတ်မဝင်စားဘဲနဲ့တော့ မင်းနှုတ်က ဒီလိုထွက်မလာပါဘူး သားရာ။ ဘယ်နှခါများ မိန်းကလေးအကြောင်း မင်းပြောဖူးလို့လဲ"

"ခက်လိုက်တာဗျာ"

"မခက်ပါဘူး သားရာ၊ ဒီလောက်မျက်နှာချင်းဆိုင် နီးနီးလေး ရှိတဲ့ဟာကို၊ ပူမနေစမ်းပါနဲ့"

"ဒက်ဒီ့ကိုကြည့်ပြောပေးပါဦး မာမီရာ"

"သားသဘောကျတယ်ဆိုရင် မာမီတို့က ကန့်ကွက်စရာမရှိပါဘူး ရှင်းသန့်ရယ်"

သေစမ်း! မာမီကပါ တစ်တပ်တစ်အား မဲပေးထောက်





ခံနေပြီလေ။ ဘယ်လိုလုပ်ကြမလဲ မှုံနှံ့သာ။ ကိုယ့်သူငယ်ချင်းနဲ့ သဘောတူထားပါတယ်ဆိုတဲ့ မင်း။ ကိုယ့်ကို နည်းနည်းလေးမှ မကြည့်၊ သေးသေးမွှားမွှားလေးမှ မခင်ချင်တဲ့ကောင်မလေးကို စိတ်ဝင်စားလို့ဖြစ်ပါ့မလား။

မျက်နှာချင်းဆိုင်ဖြစ်နေပေမယ့် ကိုယ်တို့ကြားမှာ 'မြတ်နိုးမောင်'ဆိုတဲ့စည်းက အလိုလိုခြားထားပြီးသားဖြစ်နေတာလေ။ ခက်တယ် မှုံနှံ့သာ။

"သူ့မှာ သက်ဆိုင်သူရှိပြီးသားပါ ဒက်ဒီရဲ့"

"ဟုတ်လား၊ ဘယ်သူတဲ့လဲ"

"ဖိုးမြတ်နဲ့"

"သားမောင်နဲ့လား၊ ဘယ်တုန်းက ကြိုက်ကြတာလဲ သားရဲ့။ မာမီဖြင့် တစ်ခါမှမကြားဖူးပါလား"

"သားမောင်ဆိုတာ ဘယ်သူလဲ ဖြူ"

"လေးတို့နဲ့ Junier ဖင်မမဖော်ရဲ့သားလေ ကိုကိုရဲ့။ မြတ်နိုးမောင်ကိုပြောတာ"

"ကိုယ်နဲ့မမှီဘူးထင်တယ်၊ မသိဘူး။ မြတ်နိုးမောင်ကိုတော့ ငယ်တုန်းက မြင်ဖူးမယ်ထင်တာပဲ"

"မာမီမေးတာ ဖြေဦးလေ သားရဲ့"



www.burmeseclassic.com

www.burmeseclassic.com



''ဟိုလေ၊ ဖိုးမြတ်ပြောတာတော့ လူကြီးချင်း သဘောတူထားတာတဲ့''

''ကောင်မလေးသဘောကရော''

''ဒါတော့ မပြောတတ်ဘူး မာမီ''

''ဒါဆိုလည်း မင်းအတွက် Chance ရှိပါသေးတယ် သားရာ''

''ကိုယ့်သူငယ်ချင်းနဲ့ လုသလိုဖြစ်သွားမှာပေါ့ ဒက်ဒီရဲ့။ မကောင်းပါဘူးဗျာ''

မာမီက အဓိပ္ပာယ်ပါသည့်အပြုံးမျိုး ပြုံးလိုက်လေ၏။ အလို! မာမီ ဒီလိုပြုံးလိုက်ရင် သူ နေမထိထိုင်မသာ ဖြစ်သွားရတတ်တာလေ။ သူ့ကို 'မင်းဘာကြံနေမှန်း မာမီသိတယ်နော်'လို့ အဓိပ္ပာယ်ဖော်လို့ရတဲ့အပြုံးမျိုးပေကိုး။ လူသိမှာစိုးပြီး ဖုံးထားသမျှ မာမီဒီလိုပြုံးတာနဲ့ မကြာခဏအကုန်ပေါ်သွားရတာ သူ့အကျင့်ပါလေ။

''အချစ်နဲ့စစ်မှာ မတရားတာမရှိပါဘူး သားရာ။ ပွဲဆိုတာ ပြိုင်ဘက်ရှိမှ လှတာကွ''

''မာမီ''

''ဘာလဲ''





''ဒက်ဒီ့ကိုကြည့်ပြောဦးလို့ဆို''

''ပြောလိုက်စမ်းပါ ဖြူရာ၊ သူ့သမီးကို ကိုယ်တို့သားပြန်ပိုးရင် ဒီကောင့်မျက်နှာ ဘယ်လိုပုံဖြစ်မလဲ မြင်ချင်လို့ပါ''

''ဒက်ဒီနော်၊ ဒက်ဒီတို့လူကြီးချင်းကိစ္စမှာ ကျွန်တော့်ကို ဆွဲမထည့်ချင်ပါနဲ့။ မှုန်နံ့သာကို ဒီလိုအကြံနဲ့ ပစ်မှတ်ထားတာမျိုး ကျွန်တော်မလုပ်ချင်ဘူး''

''သားက အခုကတည်းက နာတတ်နေပြီ ဖြူလေးရေ့''

''အာ. . . မဟုတ်ပါဘူး''

ဘယ်လိုလုပ်ရပါ့မလဲ။ ဒက်ဒီနဲ့မာမီက သူ့ကိုတလွဲထင်နေပြီလေ။ ဟုတ်ပါတယ်။ ငယ်စဉ်ကတည်းက ယောကျ်ားလေးကျောင်းမှာပဲ နေခဲ့ရတဲ့သူ့အဖို့ မိန်းကလေးဆိုတဲ့အမည်မျိုးကို တစ်ကြိမ်တစ်ခါမှ မရေရွတ်ဖူးခဲ့သလို အမျိုးသမီးလေးတွေနှင့် စကားပြောခြင်းအတွေ့အကြုံရယ်လို့ လုံးဝမရှိခဲ့။ First MB တက်မှသာ ဆေးကျောင်းသူ (အလှအပကိုဦးစားမပေးနိုင်ကြသည့် စာကြမ်းပိုး)များကို တွေ့ရတာလေ။

သူ့ထက်ငါ စာပြိုင်နေကြရသူတွေမို့ အချင်းချင်း ခပ်တန်းတန်းသာ ရှိဖြစ်ခဲ့ပြီး ဘာဘာညာညာစိတ်တို့လည်း မရှိခဲ့။ အခုခု ဒီ Second MB ရောက်လေမှ သူရောဖိုးမြတ်ပါ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းဖြစ်ကြပြီး မှုံနံ့သာနဲ့ဆုံခွင့်ရခဲ့ရတာပါလေ။

မှုံနံ့သာတဲ့။ တကယ့်ကို မှုံနံ့သာမခြယ်ပါဘဲ ရှင်မတောင် သနပ်ခါးနံ့သင်းသင်းလေး မွှေးနေသည့်မိန်းကလေးတစ်ဦးပါပဲ။ အသားအရေလေးက ဝင်းဝါနေပြီး မျက်နှာနုနုထက်မှာ အပြုံးက မရှိ။ မျက်လွှာကိုသာ အမြဲချထားလျက်ရှိပြီး မျက်တောင်ကော့ကော့လေးတွေအဖွင့်မှာ လက်ခနဲလဲ့သွားသည့် မျက်ဝန်းနက်တစ်စုံက မိုးမြင့်ထက်မှ သောက်ရှူးကြယ်ညီနောင်အလား။

တွန့်ချိုးသွားသည့် မျက်ခုံးတန်းကွေးကွေးလေးနှင့် နှုတ်ခမ်းဖူးဖူးလေး တင်းမာသွားပုံက သူ့ကိုမြင်လိုက်ရလို့တဲ့လား။ 'မခင်ချင်ဘူး'တဲ့။ ဘာကြောင့်လဲဟု ပဟေဠိမေးခွန်းတွေက တစ်သီကြီး ထွက်ပေါ်လာချိန်မှာ 'ခင်ခွင့်မရှိ'ဟူသည့် တားမြစ်ချက်ကြောင့်တဲ့လေ။

ဘာကြောင့်လဲ၊ သူ့ကိုခင်ရင် ဘာဖြစ်မှာကို စိုးရိမ်လို့ပါလိမ့်။ အဆင့်အတန်းမတူ အလွှာမတူရအောင်လည်း သူက ဆင်းတောင့်ဆင်းရဲမှမဟုတ်တာလေ။ ဖိုးမြတ်ကိုကျ ခင်ခင်မင်မင် ရင်းရင်းနှီးနှီးလေး ပြောဆိုနေတာမှ ချိုချိုသာသာပါလေ။

သူ့ကိုကျမှ မျက်နှာတည်နဲ့ပြောနေတာ၊ မျက်လွှာတစ်ချက်မှပင့်မကြည့်ဘဲ အကြည့်လွှဲထားတာ၊ သူ့တစ်ယောက်တည်း





ကိုမှကွက်ပြီး မခင်ချင်တာတဲ့။ ဘယ်လောက်များ ခံရခက်စေတဲ့ အဖြစ်ပါလဲ။

ဘယ်တော့မဆို အမြဲအဆင့် (၁)နေရာက ဖယ်မပေးခဲ့တဲ့ သူ့လိုလူတော်ကို ဤသို့ချိုးပြတာကတော့ လွန်တာအမှန်ပါလေ။ ဘာတဲ့၊ ဒေါက်တာကြည်လင်ထူးနဲ့ ဒေါက်တာဖြူဖြူလေးတို့ရဲ့သား ဖြစ်နေလို့တဲ့။ ပြစ်ချက်က အတော့်ကို ထုထည်ကြီးကြီးမားမားဖြစ်နေတာပါလေ။

"သား"

"..."

"သား...ရှင်းသန့်"

"ဗျာ! ဒက်ဒီ"

အတွေးတွေ လွန်နေရာမှ သူသတိဝင်သွားရပါသည်။ ပန်းကန်ထဲမှာ ဘာမှမကျန်တော့ဘဲ ပြောင်သလင်းခါနေပါလျက် ထမင်းစားပွဲကနေ သူဘာကြောင့် မထဖြစ်ပါလိမ့်။ စိတ်က လူနှင့်မကပ်သလိုနှယ် သူစိမ်းမိန်းကလေး၏အကြောင်းအရာတို့ကိုသာ ဟိုတစ်စဒီတစ်စ လှမ်းဆုပ်ချင်နေမိတာလေ။

"ဘာတွေစဉ်းစားနေတာလဲ သားရဲ့"

"ဘာရယ်မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သားမောင်နဲ့ အဲဒီမိန်းကလေးက အတော့်ကိုရင်းနှီး
ပြီလား သား"

"အင်း.,. . စကားတော့ ကောင်းကောင်းပြောနေတာ
မာမီ"

"သားနဲ့ရော"

"မွှန်နဲ့သာလား"

"အင်းပေါ့"

သူ ခေါင်းခါလိုက်မိ၏။ သူနှင့်ဖိုးမြတ်က နောက်ခုံမှာ
ထိုင်ဖြစ်ပေမယ့် သူမတို့လေးဦးက ရှေ့ခုံမှာ ဝင်ထိုင်လိုက်ကြတာ
စာသင်ချိန်တစ်လျှောက် 'ခေတ်သီရိ'ဟူသည့်မိန်းကလေးကသာ
ဖိုးမြတ်ကို စကားလှည့်ပြောလေ့ရှိတတ်ပြီး ဟိုယမင်းရုပ်လေးက
ဖြင့် တစ်ချက်ကလေးမှ လှည့်မကြည့်ပါလေခဲ့။

"မခင်ဘူး"

"ဟာ! စကားလေးဘာလေးတောင် မပြောဖြစ်ဘူးလား
သားရဲ့၊ ဒီလောက်တစ်နေကုန် ကျောင်းတက်နေတာကို"

"မပြောဖြစ်ပါဘူး ဒက်ဒီ"

"ဘာဖြစ်လို့လဲ"

မေးပြန်ပါပြီ၊ သူကိုယ်တိုင်တောင်မှ မေးခွန်းတွေနဲ့ ပတ်





ည်ရှိက်နေတာကို ဒက်ဒီထံမှမေးခွန်းက ထပ်ထွက်လာရပြန်
ယ်လို့။

"သူက ကျွန်တော့်ကိုမခင်ချင်ဘူးတဲ့"

"ဘယ်လို"

"ဘာလို့မခင်ချင်ရတာလဲ သားရဲ့"

"ခင်ခွင့်မရှိဘူးတဲ့ မာမီ"

"ဘာ! "

"ဦးခွန်ချိုသာက သူ့သမီးကို ကျွန်တော်နဲ့ အပေါင်း
သင်းမလုပ်ရဘူး၊ မခင်မင်ရဘူးလို့ အမိန့်ထုတ်ထားတယ်တဲ့"

"ဘုရားရေ! ဘယ်လိုကြီးတုန်း"

"သားက မမေးကြည့်ဘူးလား"

"ဘယ်နေပါ့မလဲ ဒက်ဒီရဲ့၊ မေးတာပေါ့"

"အဲဒီတော့"

သူ သက်ပြင်းကိုတ်ရှိုက်လိုက်မိပါ၏။ ဘဝတစ်လျှောက်
း သူ့ကြောင့် ဂုဏ်ယူဝင့်ကြွားလာခဲ့ရတဲ့မိဘနှစ်ပါးကို ဤတစ်
ြိမ်တော့ စိတ်ဆင်းရဲစေသလိုဖြစ်တော့မည်ထင်ပါရဲ့။ သူ့ကို
ားလည်ပေးစေချင်ပါတယ်လေ။

"ကျွန်တော်က ဒက်ဒီတို့သားဖြစ်နေလို့တဲ့"



www.burmeseclassic.com

www.burmeseclassic.com



''ဘာရယ်''

''ကျွန်တော်က ဒေါက်တာကြည်လင်ထူးနဲ့ ဒေါက်တာဖြူဖြူလေးတို့ရဲ့သားဖြစ်နေလို့တဲ့ ဒက်ဒီရဲ့။ ကျွန်တော်တို့မိသားစုနဲ့မပေါင်းသင်းရဘူးလို့ ဦးခွန်ချိုသာက သူ့သမီးကို အမိန့်ထုတ်ထားလေရဲ့''

သူထင်ထားသလို ဒက်ဒီရောမာမီကပါ မအံ့သြသွားဘဲ သဘောကျသလိုနှယ် ဟက်ခနဲရယ်ချလိုက်တာလေ။ ဒါက ဘယ်လိုဖြစ်တာလဲ။ သူ့မှာတော့ ဒီစကားကြောင့် တနုံ့နုံ့ မခံမရပ်နိုင်ဖြစ်နေတာကို မာမီတို့က ပေါ့ပေါ့လေး ရယ်ချနိုင်သတဲ့။ အံ့ပါရဲ့။

''ကလေးဆန်လိုက်တာကွာ''

''ဟုတ်ပါရဲ့''

''ဒါနဲ့ပဲ သားက သူ့အလိုကျ ငြိမ်နေလိုက်ရတယ်ပေါ့လေ''

''အဲဒီလိုနေလို့ ကျွန်တော်က ဘယ်လိုနေရမှာလဲ''

''ရှေ့ဆက်တိုးပေါ့ သားရာ''

''ဗျာ! ''

''ဟုတ်တယ်၊ သားသဘောကျရင် သားစိတ်ဝင်စားရင်





မာမီတို့ဘက်က ကန့်ကွက်စရာ ဘာမှမရှိဘူး။ Try yourself ရှင်းသန့်''

အားပါးပါး!. . . မာမီတို့ တွန်းပို့ပေးတဲ့အားက သူ့ကို Power တွေများ ကြီးလာစေသလိုနှယ်ပါပဲလား။ ဘယ်လိုလဲ မှုန်နှံသာ။ ကိုယ့်ကို ရှေ့ဆက်တိုးတဲ့။ ဒါဆို မင်းဘာပြောဦးမှာလဲ။

ရုတ်တရက် မြင်ခွင့်ရလိုက်တဲ့ ခြေဖမိုးဖြူဖြူလေးတွေ၊ ပြီးတော့ ဖျတ်ခနဲ ထိတွေ့ခွင့်ရလိုက်တဲ့ လက်ချောင်းသွယ်သွယ်လေးတွေကို ကိုယ်မြင်ယောင်နေမိတာအမှန်ပါ။

မနက်ဖြန်တွေ့ကြဦးစို့ မှုန်နှံသာ. . .



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

"အမယ်. . . အမယ်၊ ရုပ်ကိုက မှိုရတဲ့မျက်နှာလို ပြုံးဖြီးဖြီးကြီး ဖြစ်လာတာပါလား။ ငါ့မြေး ဘာတွေများ ပွပေါက်တိုးခဲ့သလဲ မောင်"

"ဘွား!"

ကားပေါ်မှဆင်းဆင်းချင်း တိုက်အဝင်ဝမှာ ဆီးကြိုနေသည့်ဘွားကို ပြေးကြုံးဖက်လိုက်မိပါ၏။ ဒီအချိန် အိမ်မှာ မေမေပါ ရှိနိုင်သည်လေ။ အင်မတန် အလုပ်စိတ်ပုပ်ရှိပြီး သဝန်တိုတတ်လွန်းသည့်မေမေ့ကြောင့် ပုဂ္ဂလိကဆေးရုံတစ်ခုမှာ အချိန်ပိုင်းသာ Duty ဆင်းပြီးတာနှင့် မေမေက အိမ်ပြန်ရောက်နှင့်ရတာမဟုတ်ပါလား။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



''ဘာဖြစ်လာတာလဲ''

''မောင်တော့ ကြွေသွားပြီ''

''ဘာတွေကြွေတာတုန်း''

''အသည်းတွေ၊ နှလုံးတွေ၊ ကလီစာတွေ''

''ဟဲ့!''

ပြောလည်းပြော သဘောကျစွာဖြင့် သူ ဟက်ဟက်ပက်ပက်ရယ်မောလိုက်မိလေ၏။ စိတ်ချမ်းသာလိုက်တာနော်။ အဘယ်မျှ ကံကောင်းတဲ့သူ့ဘဝပါလဲ။ မိဘတွေ (မဟုတ်သေးပါဘူး) မေမေကိုယ်တိုင် သဘောတူတယ်လို့ပြောတဲ့မိန်းကလေးက သူ့ရင်ကို အခုန်မြန်စေတာလေ။

အဘယ်မျှ စိတ်လှုပ်ရှားစရာကောင်းလိုက်တဲ့အဖြစ်ပါလဲ။ ကျောင်းထဲကိုဝင်ဝင်ချင်း မျက်စိဝေ့ ကစားကြည့်လိုက်ရုံနဲ့ သူ့နတ်သမီးလေးကို အများကြားမှာ ထင်းခနဲမြင်လိုက်ရတာလေ။ Canteen အစွန်ဆုံးခုံမှာ ထိုင်နေသည့်အဝါရောင်ဖျော့ဖျော့ပုံရိပ်လေးကို ငေး၍မဝခဲ့။

သူငယ်ချင်းတွေနှင့် စကားပြောနေတာမို့ ဝန်းကျင်ကို သူမ သတိမထားမိ။ ဒါကြောင့်မို့လည်း အချိန်တော်တော်ကြာအောင် သူမကို သူငေးကြည့်ခွင့်ရခဲ့တာပါ။ ယဉ်ယဉ်လေးနဲ့ လှလှ





လေး။ မေမေပြောလိုက်တုန်းက သူဒီလောက်ကြီး အလေးအနက်မထားဖြစ်ခဲ့။

မျက်စိရှေ့မှာ ကိုယ်တိုင်တွေ့မှ နှလုံးသားဆီက စည်းချက်တွေ မြန်ဆန်လာတာမဟုတ်လား။ အချစ်မှာ မျက်စိရှိပါတယ်၊ ဒါကို သူထောက်ခံပါရစေ။ ဒီမျက်စိကြောင့်သာ နှလုံးသားဆီသို့ ဤမိန်းကလေးရဲ့ပုံရိပ်ကို ထင်ကျန်ရစ်စေတာလေ။

မှုံနှံ့သာတဲ့. . .။ အဘယ်မျှ ချစ်စဖွယ်ကောင်းလိုက်တဲ့ အမည်လေးပါလဲ။

''ဟောတော်. . . မေးနေတာကိုမဖြေဘဲ တစ်ယောက်တည်း မိန့်မိန့်ကြီးပြုံးနေပါလား။ ငါ့မြေးတော့ ရူးပြီထင်ပါရဲ့''

''ဟုတ်တယ် ဘွားရေ့၊ မောင်တော့ ဥမ္မာဒန္တီကိုမြင်လို့ ရူးသွားတဲ့ သိဝိမင်းကြီးလို သွက်သွက်ခါအောင် ရူးလိုက်ချင်ပြီ''

''ဥမ္မာဒန္တီကို မြင်ခဲ့ရလို့လား''

''No!...ဥမ္မာဒန္တီလို သိပ်လှတဲ့နတ်သမီးလေးကို တွေ့ခဲ့ရတာ''

''အလို!''

''သူ့နာမည်က မှုံနှံ့သာတဲ့''

ဆက်တီခုံထက် ခြေပစ်လက်ပစ် ထိုင်ချလှဲလိုက်ပြီး ပျင်



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးအစုံကို မှိတ်ထားလိုက်ပါ၏။ အာရုံထဲ တရိပ်ရိပ်ပေါ်လာသည့်ပုံရိပ်လေးက အထင်းသားပါပဲ။ သူကြည့်နေတဲ့ဆီ ရေမော့သောက်ရင်း မျက်ဝန်းတို့ ဖျတ်ခနဲရောက်သွားတာလေ။ သတိအနေအထားနဲ့ ခန္ဓာကိုယ်လေး မတ်ခနဲဖြစ်သွားတာကိုက သူ့ကိုအမှတ်ထားသွားမည့်ဟန်။

ပြိုင်တူလှည့်ကြည့်ကြတဲ့အထဲမှာ သူနှင့် (တစ်ဝိုင်းတည်းကျူရှင်တက်ခဲ့ဖူးသည့်) မျက်လုံးဝိုင်းဝိုင်းလေးနှင့် ကောင်မလေးကိုတွေ့လိုက်ရမိစဉ်ခဏ ဦးနှောက်ထဲမှာ ဖျတ်ခနဲ ဉာဏ်ပွင့်သွားရတာ။ ဒီဝိုင်းထဲကို မျက်နှာပြောင်နဲ့ ဘယ်လိုဝင်ရပါ့မလဲဆိုတဲ့အတွေးကို 'ခေတ်သီရိ'ကြောင့် သူရခဲ့တာကို ဝန်ခံချင်ပါရဲ့။

''ဘာဖြစ်လာတာလဲ''

''ဒီမှာလေ၊ ရေအရင်ချိုးမလား မေးနေတာ၊ နားထဲဘာမှမဝင်ဘူးသမီးရဲ့''

''ကဲ! ဆိုစမ်းပါဦး သားရယ်၊ ဘာတွေဘယ်လိုဖြစ်ပြီး အခုလို ကလေးကို သကြားလုံးကျွေးထားသလို ပြုံးပြီး ပီတိဖြစ်နေတာလဲ''

မေမေ့စကားက သူ့ကိုပိုပြီးပြုံးမိစေပြန်ပါသည်။ တော်သေးတာပေါ့နော်။ ကလေးကို သကြားလုံးကျွေးတာနဲ့နှိုင်းပေလို့။ တော်ကြာ အရူးကို အမဲသားကျွေးတာနဲ့နှိုင်းရင် သေပြီဆရာဖြစ်မှာကိုး။

''မောင် ဒီနေ့ သူ့ကိုတွေ့ခဲ့ပြီ''

''ဘယ်သူလဲ''

''မောင်သဘောကျတယ် မေမေ''

''သြော်. . . မေးနေတာကိုမဖြေဘဲ ပြောချင်ရာ စွတ်ပြောနေတာပဲ''

''မေမေပဲ မောင်နဲ့သူ့ကို သဘောတူတယ်ဆို။ မနက်က တစ်မျိုး ခုတစ်မျိုး ဗလောင်းဗလဲမပြောပါနဲ့မေမေရ''

''အမယ်လေးနော်၊ အခုမှ ဟိုမှန်ပုံးထဲကအရုပ် ဝယ်ပေးလို့ လက်ညှိုးထိုးပူဆာနေတဲ့ကလေးနဲ့မှ လာတွေ့နေပြီ၊ သားနဲ့ မုံ့ကလေးကို သဘောတူတာ မေမေတို့တစ်ဖက်တည်းပဲ ရှိသေးတာလေ။ ဟိုဘက်က ဘာမှသိသေးတာမှမဟုတ်တာ''

''ဒါတော့ မေမေတို့လူကြီးချင်း ညှိပေးပေါ့လို့''

''လူကြီးချင်းဆိုပေမယ့် အသက်ညီမ နှင်းမုံ့က အဲဒီအိမ်မှာ အရုပ်ပဲ သားရဲ့။ ဘာ Power မှရှိတာမဟုတ်ဘူး။ အဲဒီအိမ်မှာ ဦးခွန်ချိုသာက အခရာပဲ။ သူနားဝင်အောင် ပြောနိုင်တာအန်တီထိပ်ထားပဲရှိတာ''





ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်လည်း အဲဒီအန်တီထိပ်ထားကို မရရအောင် ကပ်ပေါ့"

"အပြောက လွယ်လိုက်တာ သားရယ်၊ မေမေက နှင်းမှုံနဲ့ရင်းနှီးတာမဟုတ်ဘူးလေ။ အသက်ကိုပဲ တရင်းတနှီးရှိတာ"

"ဒါဆိုလည်း အန်တီသက်ကို ချိတ်ပေးလေဗျာ"

မေမေက သူ့ကိုကြည့်ရင်း နှာခေါင်းရှုံ့ ခေါင်းခါပြလေ၏။ ပြောတုန်းက နှာမည်လေးလှတာကို အသိအမှတ်ပြုရုံလေးပဲ ရှိခဲ့ရာမှ၊ ခုတော့ သူ့အဖြစ်က လူကိုမြင်လိုက်တာနဲ့ ရင်ခုန်သံအကျယ်ကြီး ခုန်ပေါက်ခဲ့ရတာပါ။ ဒီလိုထူးဆန်းတဲ့ရင်ခုန်မှုကြောင့် တစ်ကြိမ်မှမဖြစ်ဖူးသေးတဲ့ ချစ်ခြင်းမျိုးနဲ့ မှုံနှံသာကို မြတ်နိုးခဲ့ရတာ အမှန်ပါလေ။

"လူကြီးချင်းပြောတာတော့ ပြောတာပေါ့ သားရဲ့။ လူငယ်ဖြစ်တဲ့သားက. အားထုတ်စိုက်မှ ပိုအဆင်မပြေဘူးလား"

"လူကြားထဲ ဘယ်လိုပြောရပ်ပါ့မလဲ မေမေရဲ့"

"ဩော်. . . Phone နံပါတ်တောင်းတာမျိုး အိမ်သွားကြိုတာမျိုး လုပ်သင့်တာ လုပ်ပေါ့သားရယ်"

"မဖြစ်ဘူးမေမေရေ၊ သူ့ဖခမည်းတော်က Class တစ်ချိန်ပြီးတိုင်း Phone နဲ့ Check တယ်။ အိမ်ရောက်ရင် Phone ကိုအမြဲစစ်တာတဲ့၊ အိမ်ကကားကို အသွားအပြန်လွှတ်ပေးနေတာ စာသင်ချိန်ကလွဲပြီး စကားပြောဖို့ Chance မရှိသလောက်ပဲ"

"ကြားထားတဲ့အတိုင်း ဟုတ်နေတာပါပဲလား။ အခုမှ မေမေ့သားက ခုနစ်ဆောင်တိုက်ခန်းထဲက တစ်ပင်တိုင်မင်းသမီးကိုမှ တကယ်ပစ်ကျ ချွန်လျှော့ရတယ်လို့"

"ထမင်းပွဲပြင်နိုင်းလိုက်ရတော့မလား သမီး။ ခဏနေ သားလည်း ရောက်တော့မှာ"

"ပြင်ခိုင်းလိုက်ပါ မေမေ၊ သားရေချိုးပြီးချိန်လောက် အတော်ပါပဲ"

ဘွားဘွားက ထမင်းပွဲပြင်ခိုင်းရန် မီးဖိုဆောင်ဘက်သို့ ဝင်သွားလေ၏။ မေမေက ထိုင်ခုံပေါ်မှာ ပက်လက်အိပ်နေသည့် သူ့ကို လက်မောင်းဆွဲပြီး ထနိုင်းပါ၏။

"ပျင်းမနေပါနဲ့ သားရယ်၊ ဖေဖေပြန်လာရင် သားကို ဆူတော့မှာပဲ"

"မေမေ"

"ဘာလဲ"

"မေမေငယ်ငယ်တုန်းက ဖေဖေ့ကိုအရမ်းချစ်တာပဲလားဟင်"







www.burmeseclassic.com

www.burmeseclassic.com



မေမေ့မျက်နှာ ရဲခနဲဖြစ်သွားလေ၏။ ဒုက္ခပဲ၊ သူ့အချစ် မေတ္တာကို မသေချာသလိုဖြစ်နေတာမို့ မေမေ့ကိုမေးကြည့်လိုက်တာပါလေ။ မေမေ့ရဲ့လျှို့ဝှက်ချက်ကို ဖော်ထုတ်သလိုများ ဖြစ်နေပြီလား။

"ဟယ်! ဒီကလေးကတော့ ပေါက်ကရတွေ လျှောက်မေးနေပြန်ပါပြီ"

"သိချင်လို့မေးတာပေါ့ မေမေရ"

"သိစရာလား"

"ဖေဖေကတော့ မေမေ့ကို သည်းသည်းလှုပ်ချစ်တာ ခုထိပဲနော်။ သားအမိချင်း ချစ်ချင်တာတောင် ၂ က ဝင်တုန်း"

"ဟဲ့! ဖအေကို"

"ဟုတ်တာပြောတာပဲ မေမေရ။ ဘာဖြစ်လဲ၊ ဒါကြောင့်မို့ မေမေ့ကို ဆေးရုံမှာ Full Time ဆင်းရတာမျိုးမလုပ်နိုင်းဘဲ Part Time ပဲဆင်းခိုင်းတာပေါ့။ နည်းနည်းများ မိုးမချုပ်လိုက်နဲ့၊ ကုမ္ပဏီက သူ့အလုပ်တွေ ပစ်ထားခဲ့ပြီး ကိုယ်တိုင်လာကြို တာပဲကြည့်လေ။ ဘယ်လောက်ကံကောင်းလိုက်သလဲ"

"အဲဒါ ကံကောင်းတာလား"

"ဒါပေါ့ မေမေရ. . . ယောကျ်ားတော်တော်များများက





အသက်ကြီးလာရင် မိန်းမကို အိမ်မှာပဲ ချောင်ထိုးထားချင်ကြတာ။ သူတို့ကိုယ်တိုင်ကျတော့ Small လေးတွေနဲ့ ကဲကြ၊ KTV သွားကြ၊ Massage သွားပြီး အနှိပ်ခံကြ၊ Club သွားကြ၊ Beer Station မှာ ခပ်ကဲကဲအဆိုတော်မလေးတွေကို ပန်းကုံး စွပ်ကြနဲ့၊ ကိုယ်လက်ထပ်ခဲ့တဲ့ဇနီးသည်ကို မိန်းမလို့တောင် မြင်ကြတော့တာမဟုတ်ဘူးဗျ"

"အဲဒီတော့"

"မောင့်ဖေဖေက ခုချိန်အထိ မေမေ့အပေါ် အချစ်တွေ တစ်စွေးသားမှမလျော့သေးဘဲ ချစ်နေတာ ဘယ်လောက်အတုယူချင်စရာကောင်းလိုက်သလဲ"

မေမေ ဟက်ဟက်ပက်ပက်ရယ်လေတော့ သူက (ဘေးမှာ လာထိုင်လိုက်သည့်) မေမေ့ကို ခပ်တင်းတင်းလေးပွေ့ဖက်ထားလိုက်မိပါ၏။ ဒေါက်တာဇင်မမဇော်ကလည်း ခုချိန်ထိ ဦးမျိုးမင်းမောင် ချစ်ချင့်စရာကောင်းလောက်အောင်ကို အလှသွေးတွေ ကြွယ်နေတုန်းပေကိုး။

"လောကကြီးမှာ မေမေ့လောက် ကံကောင်းတဲ့မိန်းမမျိုး ရှိမှာမဟုတ်ဘူး"

"အပြောကလည်း ကောင်းပါ့ဟယ်"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာ၊ မောင်လည်း မေမေ့ကို ဖေဖေချစ်သလိုမျိုး မဟောင်းသွားမယ့်ချစ်ခြင်းမျိုးနဲ့ သူ့ကိုချစ်သွားမှာ"

"ဘယ်သူ့ကို"

"မွှန်နံ့သာကိုပေါ့၊ ဟာဗျာ. . . မောင့်ကို မနောက်ပါနဲ့ မေမေရ"

"ဒါက ဘာဖြစ်နေတာတုန်း"

ရောက်လာပါပြီ ဦးစိတ်ပုပ်ကြီး။ မေမေက သူဖက်တွယ်ထားသည့်လက်တို့ကို မြန်မြန်ဖြုတ်ရန် အသာဆွဲဖယ်လိုက်ပေမယ့် သူက လွှတ်မပေးပါချေ။

"ဟော့ကောင်! မင်းအသက် သုံးနှစ်သားမို့ မအေကိုဖက်ထားရသလား။ အရှက်ကိုမရှိဘူး"

"ဘာဖြစ်လဲ ဖေဖေရ၊ မောင့်မေမေမို့လို့ပဲဟာ"

"အံမာ! ရာရာစစ၊ လာပြန်ပြီလား တမောင်မောင်နဲ့၊ နားကလောတယ်"

"ဖေဖေတောင် ခုချိန်ထိ ကိုယ့်ကိုယ်ကို မောင်လို့သုံးတုန်းပဲမဟုတ်လား။ မောင့်နာမည်ကို ဘာလို့ အဲဒီလိုပေးခဲ့တာလဲ"

"တွေ့လား၊ 'မ'သားက စကားကို ကပ်သပ်ပြီးပြောတတ်လွန်းတယ်။ အဲဒီလိုနာမည်မပေးနဲ့လို့ အစကတည်းက မောင်ပြောတယ်မဟုတ်လား"





"ဩော်, မောင်ပဲ ဒီနာမည်ကောင်းတယ်ဆိုပြီး ခေါင်းညိတ်ထောက်ခံပေးခဲ့တာမဟုတ်လား။ ခုဒီအရွယ်ရောက်မှ နာမည်ကိုပြောင်းလို့ဖြစ်ပါတော့မလား"

ဖေဖေ့မျက်စောင်းကြီးက သူ့ထံ ဒိုင်းခနဲရောက်လာပါခဲ့။ ဒီအဖေက မွေးတဲ့သားဖြစ်ပေမယ့် သူ့ထံမှာ ဖေဖေ့လို Jealous မျိုးရှိမနေတာ အံ့ပါရဲ့။ သူငယ်ချင်းတွေက စနောက်ကာ ပျော်ပျော်နေတတ်ရုံက လွဲရင်ပေါ့လေ။

"ကြည့်စမ်း! ပြန်ရောက်တာ ကြာနေပြီ။ ခုထိ ရေမချိုးသေးဘဲ မအေနား ကပ်နေတယ်။ ကပ်ပါးကောင်"

"ဒါက ဖေဖေမကပ်ခင် မောင် ကပ်ထားနှင့်တာလေ"

"သွားစမ်းပါ၊ ရေမြန်မြန်ချိုးစမ်း။ 'မ'က သနပ်ခါးအမွှေးသားနဲ့ မွှေးကြိုင်နေတာ။ မင်းက တစ်နေကုန်စာသင်လာပြီး ချွေးစော်နံ့နံ့နဲ့။ ဝေးဝေးနေစမ်းကွာ"

"မေမေ့နား ဖေဖေကပ်ချင်နေပြီမို့ မောင့်ကို ပထုတ်နေတာမဟုတ်လား။ ဒီလောက်တော့ မောင်အလိုက်သိပါတယ်နော်၊ သွားပြီမေမေရေ့"



www.burmeseclassic.com

www.burmeseclassic.com



"ရွှတ်!"

"ဟော့ကောင်"

အိမ်ပေါ်ထပ်သို့ ပြေးတက်ခါနီး ဖေဖေ့စိတ်ထဲ ကလိကလိဖြစ်အောင် မေမေ့ပါးကိုမွှေးလိုက်ပြီးမှ သူထလစ်ခဲ့တော့၏။ ဒီအိမ်မှာ ဖေဖေ့ကိုနိုင်စားတတ်တာ သူတစ်ဦးတည်းရှိတာမဟုတ်ပါလား။

"စွဲနေပြီ. . . စွဲနေပြီ. . . မှုန်နှံ့သာရေ့"

အခန်းထဲအပြေးဝင်ကာ အဝတ်အစားတွေ ချွတ်လျက် ရေချိုးခန်းထဲ ဝင်လိုက်ပါ၏။ ရေပန်းဖွင့်ကာ ခေါင်းပေါ်ရေစက်တွေ လောင်းချိုးနေစဉ် မှုံ့ကို သူအရမ်းသတိရလိုက်တာ မပြောပါနှင့်။ မှုံရော ရေချိုးရင် ခေါင်းလျှော်ရင် ဘာ Shampoo နဲ့ လျှော်သလဲကွာ။

သိချင်တယ် မှုံ။ မင်းဘေးမှာ ထိုင်ခွင့်၊ မင်းလက်ကို ကိုင်ခွင့်၊ မင်းပခုံးကို အသာအယာဖက်ချင်ခွင့်၊ မင်းဆံစလေးကို ညင်သာစွာ နမ်းရှိုက်ခွင့်မျိုးကို ကိုယ်လိုချင်တာ မင်းသိမလား။

စက္ကန့်မလပ်အချိန်တိုင်း မင်းကို မျက်တောင်မခတ်နိုင်အောင် ကြည့်ခွင့်တွေ၊ ကိုယ့်ရင်ခွင်ထဲမှာ ပိုက်ထွေးခွင့်၊ မင်းရဲ့ ပါးပြင်ထက်က သနပ်ခါးရနံ့လေးနဲ့ မွှေးစက်အိပ်ပျော်ပြီး မင်းကိုယ်





ငွေ့နွေးနွေးလေးနဲ့ အိပ်မက်ခွင့်၊ အရုဏ်တက်အလင်းနဲ့အပြိုင်နီးထချိန်မှာ မင်းလက်ကလေးကို ရင်ဘတ်ပေါ်တင်လျက်သားမှ မျက်လုံးဖွင့်ခွင့်တွေကို လောဘတကြီး ကိုယ်လိုချင်နေမိတာ ခမ့်န်ပါ မှုန်နှံ့သာ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

အိမ်ထဲရောက်သည်နှင့် ရွှေရွှေက မှုံ့ရဲ့ bag အိတ်ကို ယူလိုက်လေ၏။ လက်ထဲပိုက်ထားသည့်စာအုပ်တွေကို မေမေက လက်ကမ်းလိုက်တာမို့ သက်ပြင်းကိုတ်ရှိုက်လျက် ကမ်းပေးလိုက်ပါသည်။ ဒီဒုက္ခတွေက မှုံ့အတွက် ဘယ်ဘဝမှ လွတ်မှာပါလဲ လောကကြီးရယ်။

''ဒီနေ့ရော ကျောင်းမှာ ဘယ်သူတွေ လိုက်ပြီးနှောင့်ယှက်သေးသလဲ မှုံ့''

''ဟင့်အင်း၊ ဘယ်သူမှ မနှောင့်ယှက်ပါဘူး ဘွား''

''အေး. . . အဲဒီစကားမျိုးပဲ ကြားချင်ပါရဲ့။ တစ်ခုခုဆို



www.burmeseclassic.com

www.burmeseclassic.com



မြေးဖေဖေ မသိသေးခင် ဘွားကို အရင်ပြောဦးနော်။ တော်ကြာ မြေးဖေဖေက ဒေါသူပုန်ထဦးမှာ''

''ဟုတ်ကဲ့ပါ ဘွား''

ဘွားဘွား ဒေါ်ထိပ်ထားခင်က အိတ်ထဲမှ စာအုပ်တွေကိုထုတ်ကာ ဟိုဒီလှန်လှောရှာနေလေ၏။ ခွာဝါတို့ပြောသလို ရည်းစားစာဆိုတာမျိုးကို လမ်းမှာပင်ဖတ်ပြီး ချပစ်ခဲ့ရင် အိမ်က ဘယ်သူမှုား သိမှာလဲတဲ့လေ။ ဒါတော့ဒါပေါ့။ သို့သော် ဖေဖေ မှာတဲ့အတိုင်း အမိန့်အရ ရှာဖွေစိစစ်ရေးလုပ်တဲ့တာဝန်ကိုကော့ မပျက်မကွက်လုပ်နေတုန်းပါပဲ။

''ဟဲ့! ဒါက ဘာတုန်း''

စာအုပ်ကြားထဲမှ လွင့်ထွက်လာသည့် A4 စာရွက်ခေါက်လေးကြောင့် ဘွားထံမှ အာမေဋိတ်သံ ထွက်လာသလို မှုံလည်း ရင်ထိတ်သွားမိပါ၏။ မေမေကတော့ မျက်နှာကွက်ခနဲပျက်သွားရှာလေသည်။

''ဒါဘာတွေလဲ မှုံ''

''Meaning မှတ်ထားတာပါ ဘွား။ မှုံ Pocket dictionary မဝယ်ရသေးလို့ မှတ်ထားတာပါ''

''အေြာ် ... လိုတာရှိရင် မြေးဖေဖေကိုပြောလေကွယ်''





''မှုံပြောထားပါတယ် ဘွားရဲ့၊ ဖေဖေလည်း မအားလို့ မဝယ်ဖြစ်သေးတာဖြစ်မှာပါ''

Medical Dictionary (ဆေးအဘိဓာန်)ဆိုတာမျိုးက ဆိုင်တိုင်းမှာ တင်တာမျိုးမဟုတ်ပါချေ။ စာအုပ်မျိုးစုံရောင်းသည့် ဆိုင်မျိုးမှာသာ တင်ရောင်းချကြတာပါ။ ဒါမျိုးက သူငယ်ချင်းတွေနဲ့ စာအုပ်တန်းမွှေရင်း ဝယ်မှကောင်းတာလေ။ မှုံ့အတွက်တော့ ဒီအခွင့်အရေးမျိုးရဖို့ ဝေးစွပါပဲ။

''ရပြီ၊ သွားနားချည်တော့''

အမိန့်ရမှပင် ထိုင်ခုံမှ ထရတော့၏။ ကျောင်းစာအုပ်တွေကို ကောက်သိမ်းလျက် အပေါ်တက်လာတော့ မှုံ့နောက်မှာ မေမေပါ လိုက်လာလေသည်။ ဒီနေ့ ကျောင်းမှာ 'မြတ်နိုးမောင်'နဲ့ စကားပြောဖြစ်ခဲ့တာကိုပြောရင် ကောင်းမလား။ မေမေနဲ့ရော သူ့မိဘတွေက တကယ်ပဲရင်းနှီးရဲ့လား။

စိတ်ရှုပ်လိုက်တာနော်။ သူစိမ်းယောကျ်ားလေးတွေနှင့် မပတ်သက်ရဘူးလို့ပြောထားပါလျက် မှုံ့နှုတ်က ဒီလိုကောင်လေးတွေနာမည်ရွတ်မိရင် စိတ်ဆိုးကြမှာထင်ပါရဲ့။

ကောင်လေးတွေဆို၍ ရှေ့ခြံက သူ့ကို အာရုံထဲ ကွက်ခနဲမြင်ယောင်မိစဉ် မှုံ့မျက်နှာ ခပ်နွေးနွေးဖြစ်သွားပါ၏။ 'မြတ်



www.burmeseclassic.com

www.burmeseclassic.com



နှီးမောင်'ရဲ့သူငယ်ချင်း 'ရှင်းသန့်ကြည်လင်'တဲ့လား။ တိုက်တိုက်ဆိုင်ဆိုင် ဖေဖေနဲ့ဘွား တားမြစ်တဲ့နေ့မှာမှ မှုံနဲ့လာတွေ့ရတယ်လို့။

အခွင့်မရှိဘူး ကိုရှင်းသန့်ရယ်၊ မှုံ့ကိုခင်မင်ချင်ကြောင်းပြနေတဲ့ ရှင့်မျက်ဝန်းတွေကို မှုံမြင်ပေမယ့် အကြည့်လွှဲခဲ့တာလေ။ 'မခင်ချင်ဘူး'ဆိုတဲ့စကားကို ရင်ထဲကမပါဘဲ ပြောထွက်ခဲ့တာကို သူသိပါရဲ့လား။ မရင်းနှီးချင်ပါဘဲ မျက်နှာချိုသွေးရောက်လာတဲ့ မြတ်နိုးမောင်ကို မှုံစိတ်ဆိုးရခက်ခက်နဲ့ စကားတွေ ပြန်ပြောဖြစ်ခဲ့ရတာ အမှန်ပါလေ။

"သမီး"

"ရှင်, မေမေ"

"ဘာလို့ငိုင်နေတာလဲ. . . ရေချိုးတော့လေ။ ခဏနေ ထမင်းစားရတော့မှာ"

"မေမေ"

"ဘာလဲ မှုံ"

"အန်တီသက် လာသေးလားဟင်"

"မလာပါဘူး သမီးရဲ့၊ အေးသက်က နယ်မှာ တာဝန်ကျနေတာဆိုတော့ ဒီကို ဘယ်သိပ်ရောက်ပါ့မလဲ။ Phone တော့မကြာမကြာဆက်တတ်ပါတယ်"

ဘုရားရေ! Phone ဆက်တယ်တဲ့။ ဒီအတိုင်း Phone နဲ့တော့ တူမကိစ္စကို စကားအဖြစ်မပြောလောက်ပါဘူး။ ဘယ်ကနေဘယ်လို သူတို့ဘက်က ဒီကိစ္စကို ကြိုသိနေရတာပါလိမ့်နော်။ ခက်ပါရဲ့။

မေမေ့ကိုမေးလိုက်ရင် ကောင်းမလား။ အိုလေ၊ ဘာမှမထူးရင် မှုံကပဲ မြတ်နိုးမောင်ကို တစ်ဖက်သတ်စိတ်ဝင်စားတယ်လို့ ယူဆသွားမှာလေ။ မေးလည်းမေးချင် မေးလည်းမမေးရဲဘဲ စိုးထိတ်မှုတွေကသာ ရင်မှာပြည့်လျှက်နေလေ၏။

"ဘာဖြစ်လို့လဲ သမီး"

"ဟင်"

"အေးသက်ကို မေးလို့လေ၊ ဘာပြောချင်လို့လဲ"

ကဲ! လမ်းကတော့ ပွင့်ချေပြီ၊ မေးလိုက်ရင် ကောင်းလေမလား။ မေမေနှင့်မှုံကတော့ သားအမိမို့ နှစ်ယောက်တည်းရှိချိန်မျိုးမှာ တွတ်ထိုးစကားပြောတတ်ပါသည်။

"ဟိုလေ"

မေမေက မှုံ့ဗီရိုထဲမှ ရေချိုးပြီးရင် လဲဝတ်ရန် ဝတ်စုံကိုရွေးရင်း လှည့်ကြည့်လိုက်ပါ၏။ ဆက်ပြောရမလား၊ မေမေက






www.burmeseclassic.com

www.burmeseclassic.com



တော့ မှုံ့ကို ဒီလိုအထင်မသေးလောက်ပါဘူးလေ။

"အန်တီသက်က မေမေ့ကို မှုံ့ကိစ္စနဲ့ပတ်သက်ပြီး ဘာဘာညာညာပြောထားဖူးတာ ရှိသလားလို့"

မေမေ အံ့ဩသွားလေ၏။ မှုံ့ကို နားမလည်ဟန်ဖြင့် ကြည့်နေတာမှ အငေးသား။ ဟုတ်ပါပြီလေ၊ မှုံ့ကိုက လျှာရှည်မိပြီထင်ပါရဲ့။

"အေးသက်က ဘာပြောလို့လဲ"

"ဘာမှမဟုတ်တော့ဘူးမေမေ၊ နေပါစေတော့။ မှုံ့ ရေချိုးတော့မယ်"

"ပြောလက်စ ဆက်မပြောဘူး မှုံ့ရယ်"

မေမေက ကျစ်ဆံမြီးကျစ်ထားသည့် မှုံ့ဆံပင်တွေကို ပြန်ဖြည်ချကာ အသာအယာဖြီးသင်ပေးနေပါ၏။ ပြီးရင် ဘီးကျော့ပတ်ပေးတော့မှာလေ။ မှုံ့ကို ခုချိန်ထိ သုံးနှစ်သမီးလေးလို တယုတယ လုပ်ပေးနေတဲ့မေမေရှိသလို မျက်စိဒေါက်ထောက်ကြည့်နေတဲ့ဖေဖေနဲ့ ဘွားတို့အရိပ်အောက်မှာ ဘယ်အချိန်ထိ အမိုးခံနေရဦးမှာပါလိမ့်။

"အန်တီသက်မှာ ဒေါက်တာဇင်မမဇော်ဆိုတဲ့ သူငယ်ချင်းရှိတာ မေမေသိလားဟင်"





"အင်း. . . ဇင်ဇင့်ကို နှစ်ခါလောက်တော့ မြင်ဖူးတယ်၊ ဘာဖြစ်လို့လဲ"

"မေမေ"

"ပြောလေ မှုံ့"

"အခု မှုံ့ပြောတာ မှုံ့နဲ့မေမေနှစ်ယောက်တည်းပဲ သိပါစေနော်"

မေမေ ခပ်နွမ်းနွမ်းပြုံးလိုက်ပါ၏။ သားအမိနှစ်ယောက်ကြား တီးတိုးတိုင်ပင်တာကို လျှို့ဝှက်ခိုင်းနေတာမို့ သဘောကျသွားသလိုပါလေ။

"အင်းပါ၊ ပြောမှာသာပြော"

"အဲဒီဒေါက်တာဇင်မမဇော်မှာ သားတစ်ယောက်ရှိတယ်၊ နာမည်က မြတ်နိုးမောင်တဲ့"

"မှုံ့"

မေမေ့မျက်နှာထက်မှာ စိုးရိမ်မှုတွေ ပေါ်လာတာမို့ မှုံ့ပြုံးမိပါ၏။ ပြောသားပဲ၊ မှုံ့ကိုစိုးရိမ်တကြီးအရှိဆုံးလူဟာ မှုံ့မေမေပါဆိုမှပဲ။ မှုံ့ပခုံးကို ဆုပ်ကိုင်လိုက်သည့်မေမေ့လက်ကို အသာကိုင်လျက် (မှန်ကြည့်ရင်း) မှန်ထဲမှပင် ပြုံးပြလိုက်ပါသည်။

"မစိုးရိမ်ပါနဲ့မေမေ၊ မှုံ့က သူ့ကိုစိတ်ဝင်စားလို့ပြောနေ



www.burmeseclassic.com

www.burmeseclassic.com



တာ မဟုတ်ပါဘူး။ အကြောင်းရှိလို့ပါ''

''ဩော်''

''အဲဒီမြတ်နိုးမောင်က ဒီနေ့ မှုံတို့အုပ်စုထဲ ရောက်လာပြီး မှုံနဲ့မိတ်ဆက်တယ်မေမေ။ ပြီးတော့ အန့်တီသက်နဲ့ သူ့မေမေက သူနဲ့မှုံ့ကို သဘောတူထားတယ်ဆိုပြီး ပြောလို့ပါ''

''အို! မဟုတ်တာ''

''မှုံလည်း ထင်ပါတယ်၊ မေမေတစ်ခါမှမပြောဖူးဘဲ ဒီနာမည်ကို ကြားခဲ့ရလို့ပါ''

''မှုံ''

''ရှင်. . . မေမေ''

''အဲဒီကောင်လေးကို သဘောများ ကျနေပြီလားကွယ်''

မှုံ ရယ်ချလိုက်ပါ၏။ သဘောကျနေပြီလားတဲ့။ မဆိုင်လိုက်တာနော်။ မှုံစိတ်ဝင်တစားရှိနေတဲ့လူကိုတောင်မှ တမင်ကို ဥပေက္ခာပြုထားရတာ။ ဒီလူကိုတော့ ခေါင်းထဲထည့်စရာမှ မလိုတာလေ။

''မဟုတ်ပါဘူးမေမေရယ်၊ မှုံက သိချင်လို့မေးရုံသက်သက်ပါ''

''တော်သေးတာပေါ့''





''ဘာဖြစ်လို့လဲမေမေ''

''မှုံ့ရဲ့အိမ်ထောင်ရေးကိစ္စကို မေမေစီမံခွင့်မရှိဘူး သမီးရဲ့။ မေမေနဲ့အစ်ကိုပဲ စီမံပေးကြမှာ''

မှုံ့မျက်နှာလေး မဲ့သွားရပါ၏။ နှလုံးသားကို ကျောက်လိုပဲ ခပ်မာမာသဘောထားစေချင်ကြတာများလား။ အခုချိန်ထိ မှုကြိုကျောင်းသူလေးလို မလုပ်ရ၊ မကိုင်ရ၊ မကြည့်ရ၊ မခင်ရ၊ မပေါင်းရ မသင်းရဆိုသည့် Warning တွေက ဘယ်အချိန်မှာမှ ရပ်မှာတဲ့လဲ။ ရင်မောရပါ့။

''ဖေဖေက မှုံ့ကို အိမ်ထောင်ပြုစေချင်ပါ့မလားမေမေရဲ့၊ ဒီလောက်သည်းသည်းလှုပ်နေတာ''

''ဩော်,သမီးရယ်၊ အစ်ကို ဂရုစိုက်တာကို အကောင်းမြင်ရမှာပေါ့''

''မှုံ့ကို ဂရုစိုက်တာကို မှုံနားလည်ပေးနိုင်ပါတယ်မေမေ၊ ဒါပေမဲ့ ဒီအရွယ်ထိ လူရောစိတ်ပါ လွတ်လပ်မှုမရှိသလို ချုပ်ချယ်ခံထားရတော့ အသက်ရှူကျပ်တာအမှန်ပဲ''

မေမေ့မျက်နှာ နွမ်းသွားလေ၏။ မှားသွားပြီလား။ အိုလေ, မှုံပြောနေတာ မှသားတစ်ခွန်းမှမပါဝင်တဲ့ အစစ်အမှန်တွေဆိုတာ ဘုရားရှင်လည်း အသိဆုံးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



''သမီးရယ်၊ သမီးဖေဖေက သမီးကိုသိပ်ချစ်လွန်းလို့ ဒီလောက်အထိ အသေးစိတ်ကအစ ဂရုတစိုက်ရှိတာကို တလွဲ မထင်ထားပါနဲ့။ ချစ်လွန်းတော့ ဒီလိုတွေဖြစ်လာတာကို ချုပ်ချယ်တယ်လို့ယူဆထားရင် သမီးဘယ်တော့မှ စိတ်ချမ်းသာမှာ မဟုတ်ဘူး''

သက်ပြင်းကို ကျိတ်မှိတ်မှုတ်ထုတ်လိုက်ရပါ၏။ ချစ်လွန်းလို့တဲ့လား။ လောကကြီးမှာ ဒီလိုမျိုး နာရီတိုင်း နာရီတိုင်း သမီးဖြစ်သူကို Phone နဲ့ လှမ်း Check တတ်တာ၊ ကျောင်းစာအုပ်တွေထဲ ဟိုလှန်ဒီလှောရှာတတ်တာ၊ Driver နဲ့ကြိုပို့ ပုံမှန်လုပ်တတ်တာ၊ Don't ဆိုပြီး ပညတ်ချက်တွေနဲ့ Order တွေထုတ်တာ ချစ်တာတဲ့လား။

မှုံတော့ မထင်ပါဘူးမေမေ။ မှုံ့ဘဝက ဖန်သပိတ်ထဲ ထည့်မွေးထားတဲ့ ရွှေငါးလေးလို လှောင်ချိုင့်ထဲ ထည့်ထားတဲ့ ကြက်တူရွေးငှက်လေးလို အကျဉ်းစံဘဝထဲမှာ ရှင်သန်နေရတာ အမှန်ပါလေ။

ထမင်းစားပြီး ညမိုးချုပ်ချိန်မှာ စာကြည့်စားပွဲထိုင်နေပေမယ့် စိတ်မကြည်လင်တာမို့ စာက ကျက်လို့မရ။ ငြီးစီစီဖြစ်နေသည့်ဦးနှောက်ကို ကြည်လိုကြည်ငြား လမ်းလျှောက်ရင်း ဝရံတာမှာ မတ်တပ်ရပ်လျက် လေသန့်တို့ကို ခဏမျှရှူသွင်းနေမိ၏။





ညကိုးနာရီခန့်မှာ ရှေ့ခြံမှ လွင့်ပျံလာသည့် ဂစ်တာသံသဲ့သဲ့ကို ကြားလိုက်ရလေ၏။ ဘယ်သူများ တီးနေတာလဲ။

**မေ× × × အမှောင်ထဲက× × × ငွေကြယ်များထက် မင်းရှုတ်ဝန်းများ လင်းပါလား× × ×**

**မေ× × × စံပယ်ပွင့်ထက်× × × ဖြူစင်လွန်းတဲ့အသားလေး ဝင်းနေတယ်× ×**

**အနီ× × × အနီသွေးလား× × × အနီရောင်နှုတ်ခမ်းလေးသိပ်ကိုလှပါလား× × ×**

**အပြုံး× × × မေ့အပြုံးများ× × × အပြာရောင် စမ်းရေအောင်းလေးထက် အေးချမ်းပါလား× × ×**

**ထူးခြားပြည့်စုံလွန်းတဲ့ မင်းရဲ့အလှအပများ× × × မင်းအတွက် ဘုရားသခင်ပေးတဲ့လက်ဆောင်များလား× × ×**

**ထူးပြည့်စုံလွန်းတဲ့ မင်းရဲ့အလှအပများ× × × မတောင်းဘဲပြည့်တဲ့ မင်းအတွက် ဆုလာဒ်များလား× × ×**

**မေရယ်× × × အလှဆုံးလေးမို့× × × ပိုင်ဆိုင်ဖို့ လှမ်းဆွတ်ဖို့ မတွေးရက်ဘူး× × ×**

**မေရယ်× × × ကမ္ဘာကြီးအတွက်× × × မင်းရဲ့အလှအေး**



www.burmeseclassic.com

www.burmeseclassic.com



များနဲ့ပြည့်စုံမလား× × ×

ထူးခြားပြည့်စုံလွန်းတဲ့ မင်းရဲ့အလှအပများ× × × မင်း

အတွက် ဘုရားသခင်ပေးတဲ့လက်ဆောင်များလား× × ×

ထူးပြည့်စုံလွန်းတဲ့ မင်းရဲ့အလှအပများ× × × မတောင်း

ဘဲပြည့်တဲ့ မင်းအတွက် ဆုလာဒ်များလား× × ×

မေရယ်× × × အလှဆုံးလေးမို့× × × ပိုင်ဆိုင်ဖို့ လှမ်း

ဆွတ်ဖို့ မတွေးရက်ဘူး× × ×

မေရယ်× × × ကမ္ဘာကြီးအတွက်× × × မင်းရဲ့အလှအပ

များနဲ့ပြည့်စုံမလား× × ×

မေရယ်× × × အလှဆုံးလေးမို့× × × ပိုင်ဆိုင်ဖို့ လှမ်း

ဆွတ်ဖို့ မတွေးရက်ဘူး× × ×

မေရယ်× × × ကမ္ဘာကြီးအတွက်× × × မင်းရဲ့အလှအပ

များနဲ့ပြည့်စုံမလား× × ×





## မျှော်လင့်ခြင်း

တစ်ခါတစ်ခါ
အချစ်က မျက်ရည်တွေတဲ့လား....
မျှော်လင့်ချက်တွေ အဖျားရှူးလို့
အလွမ်းတွေက နေရာအပြည့်....
ပျော်ရွှင်ချိန်တွေ ပြန်တွေးတိုင်း
နှလုံးသားလေး ငိုညည်းခဲ့ပြီ....
နာကျင်တဲ့ဝေဒနာတစ်ခုနဲ့
ရင်ခွင်ထဲ ဒဏ်ရာတွေဖုံးလို့
ပျော်ရွှင်ခြင်းတွေက ဆိတ်သုဉ်းခဲ့....
ဟိုးအဝေးကို မျှော်ကြည့်ရင်း
အဟောင်းတွေ အသစ်မဖြစ်တဲ့ရင်ခွင်မှာ
ချစ်သူကို မျှော်လင့်ရင်းနဲ့
သူလာမယ့်လမ်းလေးက ခြောက်သွေ့လို့ပေါ့....
အဝေးဆုံးကို သူထွက်သွားပေမယ့်
မဆုံးသေးတဲ့ချစ်ခြင်းတွေနဲ့
မသေဆုံးခင်အထိတော့
မျှော်လင့်နေပါရစေ....



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

"ဘယ်သူ"

"မြတ်နိုးမောင်လို့ပြောတာလေ ပါပါရဲ့"

"မဟုတ်ဘူး၊ ဒီကောင်လေးရဲ့အဖေကိုပြောတာ"

"ပါပါ သိမှာမဟုတ်ပါဘူး၊ သူ့ဖေဖေက ပါပါ့လိုဆရာဝန်မှမဟုတ်တာ။ ကုမ္ပဏီလုပ်ငန်းပဲလုပ်တာကို"

"ကဲကွယ်၊ ဖအေမေးတာကို အရင်မဖြေဘဲ ဝေ့လည်ကြောင်ပတ်လုပ်မနေစမ်းနဲ့ သမီးခေတ်ရယ်"

ကော်ဖီဝိုင်းမှာ မာမို့အသံထွက်လာသလို ပါပါ၏ရှုတည်တည်အကြည့်ကြောင့် သူမ ပြုံးလိုက်မိ၏။ မိမ့်တစ်ယောက် သူမထက် စွံတာကို မနာလို မရှုစိမ့် မရှိပါဘဲ ညီအစ်မလိုချစ်သောမို့



www.burmeseclassic.com

www.burmeseclassic.com



အတင်းမဟုတ်ဘဲ သတင်းပေးမိပါတယ်၊ ပါပါက မကြိုက်တဲ့ပုံ ပြရတယ်လို့။

"ဦးမျိုးမင်းမင်းမောင်တဲ့၊ ပါပါသိလို့လား"

"ဘာ!"

ပါပါ့အာမေဋိတ်သံက သူမကို အလန့်တကြားဖြစ်သွားစေပါ၏။ ဒီနာမည်ကြားတာနဲ့ ပါပါ ဘာကြောင့် အော်ရတာပါလိမ့်နော်။

"သူ့သားနဲ့သမီး ခင်နေတာ၊ ဟုတ်လား"

"အာ. . . သမီးနဲ့ခင်တာမဟုတ်ပါဘူး။ မှုံ့ကိုလာမိတ်ဆက်ရင်း သိရတာပါ"

"မှုံ့နဲ့ခင်တာ ခင်ပါစေ၊ သမီးက အဲဒီကောင်လေးနဲ့ ပတ်ပတ်သက်သက် မနေမိစေနဲ့။ ကြားလား"

"ဟမ်!"

အံ့ဩမိပါ၏။ ဘယ့်နှယ်ဟာကြီးလဲ။ မှုံ့ကိုပဲ တားမြစ်ပိတ်ပင်တာတွေ ရှိတာဖြစ်ပေမယ့် ဘယ်လိုဖြစ်ပြီး သူမကို ဤသို့ ဤနှယ် တားဆီးတာတွေ လာဖြစ်ပါလိမ့်နော်။ အံ့ပါရဲ့။

"ပါပါကလည်း သမီးနဲ့သူက ဆယ်တန်းတုန်းက ကျူရှင်တောင် တစ်ဝိုင်းတည်း တက်ခဲ့ကြတာကို။ အခုမှမခင်ရဘူး





ပြောတာ အဓိပ္ပာယ်မရှိလိုက်တာ"

"အဓိပ္ပာယ်ရှိရှိမရှိရှိ ဖအေက ဒါဆို လိုက်ဒါစမ်း ခေတ်သိရဲ့။ ပြောမရရင် အခုစီးနေတဲ့ကားကို ပြန်သိမ်းလိုက်မှာနော်။ မလုပ်ဘူးမထင်နဲ့"

မာမီက သူမကို မျက်ရိပ်ပြပေမယ့် ပါပါ့ကို မကျေမနပ်ဖြစ်နေတာလေ။ အိမ်မှာ သူမက ဗိုလ်ကျတဲ့သမီးလေ။ ဒီတစ်ဦးတည်းသမီးမို့ အားလုံးက အလိုလိုက်ကြတာမဟုတ်ပါလား။ အင်မတန်အနေအေးပါသည့် ပါပါဒေါက်တာဖေယျာလင်းထွန်း နှုတ်ကနေ ဦးခွန်ချိုသာလို Order တွေ ထွက်လာတာမို့ အံ့ဩရပါပဲ။

"အဲဒါ ဘာဖြစ်တာလဲ"

"ဘာကိုလဲ ပါပါရဲ့"

"ဘာမှမစားမသောက်ဘဲ နှုတ်ခမ်းစူပြီး ထိုင်နေတာလေ၊ သမီးနော်၊ လေးနှစ်အရွယ်မဟုတ်ဘဲနဲ့ ငယ်ငယ်ကလိုအချိုးမျိုး ဂျစ်တိုက်မယ်မကြံလေနဲ့။ အလိုလိုက်မှာမဟုတ်ဘူး"

"မာမီ"

"ဘာလဲ"

"ပါပါ့ကိုကြည့်ပြောပေးဦးလေ၊ မှုံ့ကိုပဲ လှောင်ချိုင့်စ



www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးထင်ထားတာ။ သမီးကိုတော့ အဲဒီလိုလိုက်မချုပ်ချယ်ချင်ပါနဲ့''

''ကွယ်! သမီးကလည်း အဖေပြောရင် နာခံလိုက်မှပေါ့''

မကျေနပ်ပါ။ လုံးလုံးကြီးကို မကျေနပ်တာပါလေ။ အခုမှ မိဘချင်းမသင့်မြတ်လို့ မူကြိုကျောင်းမှာတက်တဲ့ကလေးတွေကို အတူမထိုင်ရ မခင်ရ တားမြစ်သလိုဖြစ်နေတာမဟုတ်လား။ ပြောတော့ဖြင့် သူမကို ကလေးမဟုတ်တော့ဘူး စိတ်မကောက်နဲ့တဲ့။ ပါပါတို့ကျ လူကြီးတွေဖြစ်ပြီး ကောက်နေကြတာပဲမဟုတ်လားလို့။

''မာမီပြောတော့ အကျိုးရှိလို့ အကြောင်းဆိုတာဖြစ်လာတာဆို''

''ဟဲ့! ''

''အဲဒါဆိုရင်လည်း သမီးသိအောင် ပြောမှပေါ့။ ဒါမှ လက်သင့်ခံရမလားဆိုတာ သမီးသိမှာလေ''

''ကြည့်စမ်း! ဖအေထက် တစ်လကြီးတဲ့သမီးဖြစ်ချင်နေပြီလား ခေတ်သမီး''

''နေပါစေ ကိုကို၊ နောက်မှပဲ နှင်း သမီးကိုနားလည်အောင် ပြောပြလိုက်ပါ့မယ်''





''ကျစ်! မဆိုင်ပါဘူး နှင်းရာ၊ မင်း,သမီးက ခေါင်းကိုမာလွန်းတယ်''

ဟော! ပြောချေပြီ။ သူမဆိုးရင် ပါပါ့ထံမှ ဒီလိုပြစ်ချက်မှတ်ချက်သံတွေ ထွက်လာတာလေ။ မကောင်းတာဆို မာမီ့သမီးတဲ့၊ အန်တီကြီးသာရှိရင် မောင်ဖြစ်သူကို ခပ်နာနာဖိဟောက်မှာအသေအချာပင်။

''သမီးက မွေးစားသမီးလား မာမိ''

''ဟဲ့! ''

''ဘာ! ''

ပါပါ့မျက်နှာက ဒေါသတကြီး ဖြန်းခနဲနီရဲသွားလေ၏။ မှားပြီထင်ပါရဲ့။ အိမ်မှာ ပလွတ်ရွတ်တ ပြောလေ့ရှိတဲ့အကျင့်ကြောင့် လွှတ်ခနဲထွက်သွားသည့်စကားကြောင့်ပါလေ။

''ခေတ်သမီး. . . နှင်''

''ကဲပါ ကိုကိုရယ်၊ Duty ဝင်ရမှာဆို၊ ရေမိုးချိုးပါတော့''

''မင်း,သမီးအချိုးကို မြင်တယ်မဟုတ်လား နှင်းရဲ့''

''နှင်းသိပါတယ်၊ သမီးကိုနားလည်အောင် နှင်းပြောပြပါ့မယ်''

''ကြပ်ကြပ်သတိထား''



www.burmeseclassic.com

www.burmeseclassic.com



အမယ်လေးလေ!. . . လန့်စရာကြီးပါပဲလား။ သူမကို လက်ညှိုးထောင်ပြီး ကြိမ်းသွားသည့်ပါပါ့ကြောင့် ပါးစပ်အဟောင်းသားဖြစ်သွားတာ အမှန်ပါလေ။ ဒီလိုတစ်ခါမှ ပါပါ ဒေါသဖြစ်တာမျိုး ရှိမှမရှိခဲ့တာပဲ။ အံ့သြဖွယ်ကောင်းလေစွ။

"မာမီ"

"ဟင်"

"ပါပါ ဘာဖြစ်တာလဲ"

"ဘာဖြစ်ရမလဲ၊ သမီးက မနေတတ် မထိုင်တတ်ပုံ လုပ်ပြနေတာကိုး"

"သမီးက ဘာဖြစ်နေလို့လဲ"

"ဘာလို့ သမီးပါပါရဲ့ အချစ်ဦးရဲ့သားကို သွားခင်ရတာလဲ ခေတ်ရယ်"

"အချစ်ဦး"

"အေး. . . ဒေါက်တာဇင်မမဇော်ဆိုတာက သမီးပါပါ အမြတ်တနိုးနဲ့ ဇင်လို့ခေါ်ခဲ့တဲ့ အချစ်ဦးကွယ့်"

"ဟိုက်ရှားဗား! ပါပါတို့ Case က တကယ့် Drama ဇာတ်လမ်းပါလား"

"တိုးတိုးပြော၊ ဟိုကကြားသွားရင် ပါပါ ကြားညှပ်နေ





ဦးမယ်"

အသံပြဲကြီးထွက်သွားတာမို့ မာမီက သူမလက်မောင်းကို ဖတ်ခနဲရိုက်ကာ သတိပေးလိုက်လေ၏။ လက်စသပ်တော့ ရုပ်ရှင်ထဲက ဇာတ်ကားတွေမှာပဲ ဒီလိုရည်းစားဦးရာဇဝင်ရှိတယ် ထင်ထားတာ၊ အခုတော့ သူမပါပါမှာလည်း ဒီလိုဒီလိုတွေရှိတယ်တဲ့လေ။ စိတ်ညစ်ညူးသွားရမည့်အစား ပြုံးစိစိဖြစ်သွားရပါ၏။

"ဟီဟိ"

"ဟဲ့! ဖအေ့ကိစ္စကို လှောင်ရတယ်လို့ မိခေတ်ရယ်"

"ဟုတ်တယ်လေ မာမီရဲ့၊ တကယ်ဆို ပါပါ့အချစ်ဦးရဲ့သားနဲ့ သဘောမတူနိုင်ဘူးဆိုတာ မာမီကမှ ကန့်ကွက်ရမှာလေ။ မဟုတ်ဘူးလားလို့"

"ကြဲကြဲဖန်ဖန်"

"ပါပါ့ကို မာမီ ၂ မဝင်ဘူးလား"

"ဘာကိစ္စ ၂ ဝင်ရမှာလဲ၊ အသက်ပဲ လေးဆယ်ကျော်ငါးဆယ်နီးပါးရှိနေပြီ။ ကလေးကလားနဲ့"

"ပါးပါးလေးတော့ နှာကစ်လောက်မှာပါ မာမီရာ"

"ဟယ်! သမီးကလည်း ဒီလောက်ပြောနေတဲ့ကြားက ဆက်ပြောနေပြန်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သေးဘူးနော်။ သူ့မမိဘတွေနဲ့ မှုံ့မိဘတို့က တူတာမှမဟုတ်တဲ့ဟာ။ မှုံ့ကို မလှုပ်ရလေအောင် ချုပ်ချယ်တဲ့ အန်ကယ် ဦးခွန်ချိုသာနဲ့ပါပါက လုံးဝဆန့်ကျင်ဘက်ပါပဲ။ အိမ်မှာ အလိုလိုက်တဲ့သမီးတစ်ဦးတည်း သူ့မက ဘယ်တုန်းကမှ ဆန့်ကျင်ခြင်းမရှိပါလေ။

သူ့မသာ ဆန့်ကျင်မှုတွေလုပ်ရင် မှုံ့လိုပဲ ချုပ်ချယ်ကြမှာလား၊ သိချင်စမ်းပါဘိ။ အိမ်မှာက မှုံ့လိုထိန်းချုပ်မယ့် အဘွားလည်းမရှိ။ ထစ်ခနဲရှိ စိတ်ဆိုးရင် အန်တီကြီးကို ပြေးတိုင်တတ်တဲ့ တူမသာ မဟုတ်ပါလား။ မမဖြိုးသဒ္ဒါကိုတောင် မိဘတွေက သူ့မလောက် အလိုလိုက်မပိုတာကို သူ့မအသိဆုံးပါလေ။

''မာမီ''

''ဘာပြောဦးမလို့လဲ''

''တကယ်လို့လေ''

''အင်း''

အပေါ်သို့တက်သွားသည့်ပါပါ့ကို အရိပ်အယောင်မတွေ့တော့မှ စကားကိုဆက်ပြောလိုက်မိပါ၏။ သိတယ်မဟုတ်လား။ ခေတ်သီရိဆိုတာ ခပ်ဆိုးဆိုးကောင်မလေးပါလို့။

''သမီးသာ အဲဒီကောင်လေးကို ချစ်မိသွားရင်''





''ဟဲ့! သမီးနော်၊ ဒီလောက်တားနေတဲ့ကြားက ဆက်နေပြန်ပြီ''

''သမီးက တကယ်လို့လေလို့ စကားခံထားတာပဲလေ မာမီရာ''

''မရဘူး၊ မပြောနဲ့''

''အဲဒါဆို သမီးကို အမွေဖြတ်ကြမှာလား''

မာမီက မျက်စောင်းခဲလေ၏။ မှုံ့သာ ရှင်းသန့်ကြည်လင်နဲ့ ကြိုက်သွားရင် အန်ကယ်က အမွေဖြတ်မှာလား။ ဒါမှမဟုတ် သူတို့နှစ်ယောက်ကိုရှာပြီး အသေသတ်မလားဆိုတာကို သူ့မသိချင်လိုက်တာနော်။

သူငယ်ချင်းကိုချစ်ပေမယ့် မိဘတွေက အမွေဖြတ်မှာကို မလိုလားတာအမှန်ပါလေ။ သို့သော် ခေတ်လူငယ်ပီပီ ကိုယ်ချစ်တဲ့လူနဲ့လက်ထပ်ပြီး မေတ္တာဆုံစည်းစေချင်တာပါပဲ။ ခက်ပါရောလား။

''မိဘတွေကို စိတ်ဆင်းရဲအောင်လုပ်ဖို့ မကြံစည်နေနဲ့ သမီးခေတ်''

''သမီး စိတ်ဆင်းရဲရင်ရော မာမီတို့က နေပျော်မှာတဲ့လား။ ဒါနဲ့ စကားမစပ်၊ မာမီနဲ့ပါပါက လူကြီးတွေသဘောတူ



www.burmeseclassic.com

www.burmeseclassic.com



လို့ ယူခဲ့တာလား ဒါမှမဟုတ် နှစ်ဦးသဘောတူချစ်လို့ ယူခဲ့တာလားဟင်''

မာမို့မျက်နှာ တစ်မျိုးလေးဖြစ်သွားလေ၏။ သူမစကားက အတိတ်ကိုများ အစဖော်ပေးလိုက်သလိုဖြစ်နေပြီလား။ အိုလေ၊ ဒီမိသားစုအတွင်းမှာ လျှို့ဝှက်ဖုံးဖိထားစရာကိစ္စမှမရှိတာဘဲ။

''ဟင်လို့ မာမီ''

''စပ်စုရန်ကောအေ''

''ဘိုးဘိုးတို့ ဘွားဘွားတို့ ပေးစားတာပဲလား''

''မဟုတ်ပါဘူး''

''ဒါဖြင့် ပါပါက မာမို့ကို I love you လို့ပြောတာပေါ့လေ။ ဟုတ်လား''

''တော်စမ်းပါဟယ်၊ ပေါက်ကရတွေ အစ်အောက်မေးမနေချင်စမ်းနဲ့။ ရှုပ်ကိုရှုပ်တယ်''

''သမီးကတော့ အစောကြီးကတည်းက ကြိုပြောထားပြီးသားနော်''

''ဘာကိုလဲ''

''သမီးမကြိုက်တဲ့လူနဲ့ အတင်းရိုက်ပေးစားလို့ကတော့





ချစ်တဲ့သူနောက် လိုက်ပြေးမှာ။ ဒါပဲ''

''အေးပေါ့၊ ညည်းအဖေ ညည်းကို အရေခွံစုတ်တာ ခံနိုင်လို့ကတော့ Do သာ Do ခေတ်သီရိရေ့။ ကဲ! ကျောင်းသွားရမှာ နောက်ကျတော့မှာပဲ၊ လေကိုရှည်တယ်။ ထတော့''

မာမိရဲ့မျက်စောင်းထိုး လေပြည်ထိုးသံကြောင့် နှာခေါင်းရှုံ့ပြလိုက်ရင်း ရေချိုးရန် အပေါ်ထပ်သို့တက်ခဲ့ပါ၏။ မှုဆိုရင်ဖြင့် အမေကို ဒီလိုမျိုးမမေးနိုင်ဘူးထင်ပါရဲ့။ သားအမိချင်းတောင်မှ စကားသိပ်မပြောတတ်သလို ပွင့်လင်းစွာမပြောနိုင်တာလေ။

အချစ်ဆိုတာ လူငယ်တွေရဲ့ တန်ဖိုးရှိတဲ့အရာပဲမဟုတ်ပါလား။ ကိုယ်ချစ်တဲ့လူနဲ့ပဲ တစ်သက်တာ လက်တွဲချင်တာပဲလေ။ ချစ်မနှစ်သက်တဲ့လူနဲ့ပေးစားရင် ခေတ်တို့ ဆယ်တန်းဖြေခါနီးတုန်းက ဂျာနယ်မှုခင်းထဲမှာပါတဲ့အတွဲလို နှစ်ယောက်သား အချိန်သတ်မှတ်ပြီး ကိုယ့်အိမ်မှာ ကိုယ်တိုင် ဖွဲကြိုးဆွဲပြီး သတ်သေမိတော့မှာပေါ့။

အမယ်လေးနော်၊ တွေးမိတာနဲ့တင် ကြက်သီးထစရာကြီး။ သူမကတော့ လူ့ဘဝရောက်လာရတဲ့ ဒီအသက်လေးကို အဲဒီလို အချည်းနှီးနဲ့တော့ အဆုံးမသတ်ချင်ပါလေ။ တူနှစ်ကိုယ်တဲ့အိုပျက်မှာနေရ၊ ထမင်းရည်ပူ အတူလျက်ရဆိုတာ သီချင်းထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ ပါပေမယ့် စိတ်ကူးယဉ်ဖို့ကောင်းတာမှမဟုတ်ဘဲ။

ဒီလိုဒုက္ခဘုံထဲကိုတော့ အသက်တမျှချစ်ပါတယ်ဆိုပေမယ့်လည်း ခုန်ချရဲတဲ့အထိ မိုက်တွင်းမနက်ရဲပါလေ။ စိတ်ရှုပ်လိုက်တာနော်။ ဒီအရွယ်အထိ ကျောင်းစာတွေနဲ့ချည်း နပန်းလုံးလာရတာ အဲဒီအချစ်ဆိုတာက ဘယ်ချောင်ကနေ သူမဆီကို ခုန်ထွက်လာလို့ ဦးနှောက်ထဲ ရောက်လာရတာတဲ့လဲ။ မုန်းစရာကြီး။

မှုံ့ကိုလည်း မှာထားဦးမှ။ တော်ကြာ လူကြီးတွေ အတင်းသဘောတူတဲ့လူနဲ့မယူဘဲ ဒီလိုမျိုးမဟုတ်တဲ့လူနောက် ပါသွားရင် ရင်ကျိုးရချည်ရဲ့။ အိုလေ. . . မှုံ့က ဒီလောက်အထိ သတ္တိရှိတဲ့လူမှမဟုတ်တာ။

ဘာပဲဖြစ်ဖြစ် မှုံ့ကို အိမ်က သဘောတူထားတဲ့ မြတ်နိုးမောင်ကလည်း အချောစား။ မှုံ့တို့ရှေ့ခြံကို အနီးဆုံးပြောင်းလာတဲ့ ရှင်းသန့်ကြည်လင်ကလည်း အခန့်စားမဟုတ်လား။ မိမှုံ့တစ်ယောက် လိပ်ပြာနှစ်ကောင်ကြား ရွေးရခက်နေရင် ငါ့ကို တစ်ယောက်ပေးလို့ ပြောလိုက်မှာပေါ့။

နင့်ကို ငါမနာလိုချင်တော့ဘူး မှုံ့။



## အခန်း (၉)

ကျစ်ဆံမြီးကျစ်ထားသည့် ဆံနွယ်ရင်းမှာ မေမေ ပန်ပေး
တာက နှင်းဆီနီနီ။ ဒီလိုလှအောင်ပြင်ဆင်တာကိုဖြင့် ဖေဖေ
းတာမို့ တော်သေးတာပေါ့။ မျက်နှာထက်မှာ သူများတွေ
(သိရဲ့လို) Colour တွေဘာတွေ မခြယ်တတ်တာလည်း မှုံ့
ဲ။ ဆေးကျောင်းက ပုံတုံးကြီးဆိုပြီး မှုံ့ကိုတစ်ချက်ကြည့်
ာနဲ့ မျက်နှာလွှဲသွားတာ အများဆုံးပါလေ။

ပြောကြမှာပေါ့။ ဆေးကျောင်းသားတွေက ဒီခေတ်မှာ
နေတာ မပြောပါနဲ့။ ဆေးကျောင်းသူတွေလည်း အတူတူ
လေ။ မှုံ့မှာသာ ရင်စေ့ ရင်ဖုံးအင်္ကျီတွေသာ များသလို blo-



www.burmeseclassic.com

www.burmeseclassic.com



use ရှိုးရှိုးလေးတွေပဲ နေ့စဉ်ဝတ်စားခဲ့တာကြာပါပြီ။ အခုလည်း blouse နီနီလေးက လည်ပင်းထောင်ရင်စေ့ဖြစ်သလို လုံခြည်က အဖြူပေါ်မှာ အစိမ်းခက်လေးတွေ ကျဲပြီး နှင်းဆီအနီပွင့်တွေမို့ လိုက်ဖက်ပါရဲ့။

သို့သော် နောက်ဆုံးပိတ် အဆုံးသတ်တဲ့အနေအထားကဖြင့် ပုံတုံးကြီးပါပဲ။

"သမီး"

"ရှင်. . . မေမေ"

"ဟိုနေ့ကပြောတဲ့ကောင်လေးက ဘယ်သူ"

"မြတ်နိုးမောင်လား မေမေ"

"အင်း. . . အဲဒီကောင်လေးက သမီးအပေါ်မှာ စိတ်ဝင်တစားရှိနေတာများလား"

"ဟုတ်ပါတယ်မေမေ၊ မုံ့ကို အဝေးကနေ ကြည့်နေတာအကြာကြီးပဲ။ မုံ့ကိုယ်တိုင်မြင်တော့မှ မုံ့အနီးကို သူရောက်လာပြီး ပြောပြတာပါ။ ပြီးတော့ သီရိနဲ့ငယ်သူငယ်ချင်းဖြစ်နေမှ သိခဲ့ရတယ်"

"ဩော်. . . သမီးခေတ်နဲ့ သိတယ်ပေါ့"

"ဟုတ်ကဲ့"





"ကောင်လေးရဲ့ပုံစံကရော"

"ခေတ်လူငယ်ပုံစံပါပဲ မေမေ"

"လူယဉ်သန့်သန့်လေးပေါ့၊ ဟုတ်လား"

ခေါင်းကိုသာ ညိတ်ပြလိုက်မိ၏။ ဖော်ရွေပေမယ့် မျက်နှာပေါ်မှာ အပြုံးတွေအများကြီးရှိတဲ့ မြတ်နိုးမောင်ထက် မုံ့ကို နှုးခနဲတစ်ချက်ကြည့်ပြီး မျက်နှာတည်သည့် ရှင်းသန့်ကြည်လင်ကို ဘာလို့ မုံ့သတိရနေတာပါလဲ။ မနက်စောစော ဘုရားခန်းဝင်သောက်တော်ရေလဲတိုင်း မြင်နေရတာက ပြုံ့ဘီးအနီလေးပါပဲ။

Exercise သဘောမျိုး အချိန်တစ်နာရီခန့် မနက်တိုင်း သူစက်ဘီးစီးကျင့်တာကို အမြဲမြင်ရသလို နားကျပ်အဖြူရောင်လေး နားပေါက်မှာတပ်ထားသည့် MP4 ကြောင့် သူသီချင်းနားထောင်တာမို့ သူ့ဝါသနာကို မုံ့ခန့်မှန်းမိတာပါလေ။ အားကစားရော အနုပညာကိုပါ သူခုံမင်တာဖြစ်ပေမယ့် အဘယ်ကြောင့် မျက်နှာထား မာကျောရမှန်းကိုဖြင့် မုံ့တကယ်မသိနိုင်ပါချေ။

"မေမေကတော့ စိတ်ပူတာအမှန်ပဲ မုံ့"

"ဘာကိုလဲ မေမေ"

"သမီးအဖေအကြောင်းလည်း သိသားပဲလေ။ တော်ကြာ အဲဒီကောင်လေးမိသားစုကများ ဒီအိမ်ကိုရောက်လာရင်



www.burmeseclassic.com

www.burmeseclassic.com

ပြဿနာတက်မှာကိုပေါ့''

မှုံပြုံးလိုက်မိ၏။ ဒါကိုကြိုမြင်ထားတာမို့ မြတ်နိုးမောင်က မကြောက်မရွံ့ဖြစ်နေတာလေ။ ကုမ္ပဏီ Member ချင်းဖြစ်တဲ့ သူ့ဖေဖေနဲ့ မှုံ့ဖေဖေက အတော်လေးရင်းနှီးတာကို အခွင့်ကောင်းယူပြီး လူကိုလာရောရဲတာပဲမဟုတ်လား။

ကြည့်သေးတာပေါ့ မြတ်နိုးမောင်။ ရှင့်မှာ ဘယ်လောက်ထိ သတ္တိသွေးတွေ ရှိနေသလဲလို့ပေါ့။ နောက်မှ ဖေဖေ့ဒေါသကြောင့် ကြောက်လန့်ပြီး နောက်ဆုတ်သွားမလဲဆိုတာကို စောင့်ကြည့်ရဦးမှာလေ။

''သူကြိုသိထားတာပဲ မေမေရယ်၊ အဲဒါကိုမကြောက်ဘဲ ရှေ့ဆက်တိုးရဲရင် တိုးပါစေပေါ့၊ ဖေဖေနဲ့တွေ့လိမ့်မယ်''

''အင်း''

''မှုံသွားတော့မယ် မေမေ''

''ဘာမှမစားသွားဘူးလား သမီးရယ်''

''မစားချင်တော့ပါဘူး မေမေရယ်၊ ကျောင်းရောက်ရင် သူငယ်ချင်းတွေနဲ့ စာနွေးရဦးမှာ''

''အေးအေး. . . ဒီနေ့ အစ်ကို ကုမ္ပဏီခပ်စောစောသွားလို့ တော်ပါသေးရဲ့''





မေမေနှင့်အတူ လှေကားမှ ဆင်းခဲ့ပါ၏။ ဖေဖေရှိနေရင် မေမေပါမက မှုံပါ အသက်ရှူမဝသလိုပါပဲ။ ဘွားကတော့ မနက် အရမ်းစောစောထရင် ခေါင်းမူးတတ်တာမို့ ဒီမနက် မှုံ (၇)နာရီကျော်ကျော်အချိန် ကျောင်းသွားချိန်မှာ ပွစိပွစိပြောမယ့်သူမရှိတာ အမှန်ပါလေ။

''ကိုဘသော်ရေ၊ ကားအဆင်သင့်ဖြစ်ပြီလား''

''ရပါပြီ မမ''

''လာကြိုရမယ့်အချိန်ကို Phone ကြိုဆက်ဖို့ မမေ့နဲ့နော် မှုံ''

''ဟုတ်ကဲ့ပါ မေမေ''

ဘကြီးသော်က ကားစက်ကိုနှိုးလျက် မောင်းထွက်ခဲ့လေ၏။ အဘယ်မျှ စိတ်ပေါ့ရပါသလဲနော်။ မှုံ့ကိုအပြစ်ရှာသလို စောင့်ကြည့်နေသည့်မျက်ဝန်းတို့နှင့် တစ်မနက်လေး ကင်းလွတ်ခွင့်ရတာ သိကြားဒေဝါတွေ 'မ'တာပဲဖြစ်မယ်ထင်ပါရဲ့။

''သမီး''

''ရှင်. . .ဘကြီး၊ ဘာပြောမလို့လဲ''

''ကားက မနေ့ကတည်းက နည်းနည်းဖောက်နေလို့ အဲဒါ ဝပ်ရှော့ပို့ရမှာ''



www.burmeseclassic.com

www.burmeseclassic.com



"ပို့လိုက်လေ ဘကြီးရဲ့"

"အင်း, သူ့ဒွေးလေးကိုတော့ ပြောထားတာပဲ ဟော!"

ပြောလို့မှမဆုံးသေးခင် ကားက တုံ့ခနဲ သုံးလေးခါဖြစ်လာလေ၏။ ဘုရားရေ! ခပ်စောစောလေးထွက်လာရလို့ ပျော်ရမလား မှတ်တယ်၊ ဘာဖြစ်ကုန်ပြီလဲ၊ လမ်းဘေးကို ထိုးရပ်လိုက်သည့်ကားကြောင့် မှုံ့မျက်နှာလေး မှုံကုပ်ကုပ်ဖြစ်သွားရပါ၏။ စိတ်ရှုပ်ရပါ့နော်။

"ကြာမှာလားဟင် အဘ"

"ကြည့်ဦးမယ်ကွယ်"

"ဟိုလေ၊ မှုံ့ Taxi နဲ့ပဲ သွားလိုက်ရမလား"

"မဖြစ်ဘူးသမီးရဲ့၊ သမီးကို Taxi နဲ့တစ်ယောက်တည်း လွှတ်ပေးလိုက်တာကိုသိရင် သူ့ဒွေးလေးက အဘကိုသတ်မှာ"

ကဲ! ပြောကိုမပြောချင်တော့ပါဘူး။ ဘကြီးလို အသက်ကြီးတဲ့လူကတောင် ဖေဖေ့ကို ဤမျှကြောက်နေတာ၊ မှုံ့လိုသမီးကတော့ မပြောပါနဲ့တော့။ စောစောလေး ထွက်လာတာလည်း အလကားပါပဲ မှုံနှံ့သာရယ်။

လမ်းမကြီးတစ်နေရာမှာ ရပ်ထားသည့်ကားကြောင့် ကားကို သူ့အရှိန်လျှော့လိုက်မိ၏။ ဒါ မှုံနှံ့သာတို့အိမ်ကကားပဲ။ ကား အကောင်းစားကြီးက ဘာများဖြစ်တာပါလိမ့်။ ရပ်ထားသည့်ကားရှေ့မှာ သူ့ ကားကိုအသာရပ်ကာ ဆင်းလာခဲ့ပါသည်။





ကားပေါ်က ကောင်မလေးကဖြင့် နှုတ်ခမ်းစူစူလေးဖြစ်သို့ပါလေ။ ရှင်းသန့်ကြည်လင်တို့ကကောင်းချက်ကဖြင့် ရက်ရာစာ မနက်ခင်းလေးပါပဲလား။ အတွေးဖြင့် ပြုံးမိသည်အထိပါလေ။

"ကားဘာဖြစ်လို့လဲ ဦးလေး"

"သြော်. . . ဒီမှာလေကွယ်၊ မနေ့ကတည်းက အသံပေါင်းစုံဖြစ်နေတာ ဒီမနက်တော့ ထိုးရပ်သွားတာပဲ။ ဘာဖြစ်မှန်းတော့ ဦးလေးလည်း မသိဘူးကွယ့်"

"စက်ပြင်ဆရာကို ခေါ်လိုက်လေ ဦးလေးရဲ့။ သူတို့လာပြင်ပေးမှာပေါ့"

"အေးကွယ့်. . . ဒါပေမဲ့"

ဦးလေးကြီးက စကားကိုဆက်မပြောသေးဘဲ တွေဝေနေပါ၏။ ကားပြတင်းဝမှ မျက်နှာလေးပြူထွက်လာတာကို မြင်ပေမယ့် သူမသိချင်ယောင်ဆောင်လိုက်မိလေသည်။ ကိုယ်က မြင်ပြတ်လိုတော့ သည်းသည်းလှုပ်မပြတတ်ဘူး မှုံနှံ့သာ၊ ခပ်တည်တည်တုံ့တုံ့နေတတ်တာကိုက ရှင်းသန့်ကြည်လင်ရဲ့ Original Style ဖြစ်နေတာကြောင့်မို့ပါလေ။



www.burmeseclassic.com

www.burmeseclassic.com



''Phone မပါရင် ကျွန်တော့် Phone ယူဆက်လိုက်လေ။ ဒါမှမဟုတ် ကျွန်တော်ပဲ ခေါ်ပေးပါ့မယ်''

''မဟုတ်ပါဘူး၊ ဟိုလေ ဝပ်ရှော့ကလူလာရင် အနည်းဆုံး နာရီဝက်ကျော်လောက်ကြာမှာကွယ့်။ ဦးလေးက သမီးလေးကျောင်းနောက်ကျမှာစိုးရိမ်လို့ပါ''

''သမီးလေး''

''ဟုတ်တယ်ကွယ့်၊ သူဌေးလေးရဲ့သမီးလေးကိုကျောင်းလိုက်ပို့တာ''

''ဪ. . . မှုံနှံ့သာလား''

''ဟုတ်တယ်''

''မှုံနှံ့သာက ကျွန်တော်နဲ့သူငယ်ချင်းပဲဟာ။ ကျွန်တော်ကားကြုံတင်ခေါ်သွားလို့ဖြစ်ပါတယ် ဦးလေးရဲ့''

''အို. . . အားနာစရာကွယ်''

''ရပါတယ် ဦးလေးရဲ့၊ အိမ်နီးချင်းတွေပဲ ကူညီရမှာပေါ့။ ကျွန်တော် Phone ခေါ်ပေးမယ်နော်''

သူက Phone နံပါတ်တွေကို နှိပ်လိုက်စဉ် ဒရိုင်ဘာဦးလေးကြီးက သူမထံသွားကာ တီးတိုးပြောနေလေ၏။ Taxi ပေါ်တင်ပေးလိုက်တာထက် တစ်ကျောင်းတည်းသူငယ်ချင်းက





သူမအတွက် ပိုစိတ်ချနိုင်တာလေ။ ကဲ! မှုံနှံ့သာရေ၊ ဗိုးမြတ်ရဲ့ကားပေါ် မင်းတစ်ကြိမ်မှလိုက်မစီးရသေးခင် ငါ့ကားပေါ် အရင်ဆုံးလိုက်စီးရတာ ကံပါပဲ။

''ဖေဖေဆူလိမ့်မယ် ဘကြီးရဲ့''

အသံတိုးတိုးထွက်လာပါ၏။ ငြင်းတာပေါ့လေ။ မင်းတစ်ယောက်တည်း Taxi စီးရဲ့ရင်တော့ မင်းသတ္တိကို ကိုယ် ဦးညွှတ်လိမ့်မိမယ် မှုံနှံ့သာ။ အခြေအနေက ဒီလိုဒီလိုတွေဖြစ်နေပြီ ဒက်ဒီနဲ့မာမီရေ။

''အဘ လိုက်ပို့ပေးတယ်လို့ပဲ အိမ်ကိုပြောပေးပါနော်ကလေး''

''ဟုတ်''

ခေါင်းကို ခပ်ငုံ့ငုံ့အနေအထားဖြင့် သူရပ်နေသည့်အနားသို့ သူမ ရောက်လာလေ၏။ သင်းခနဲရလိုက်သည့် ရှင်မတောင်သနပ်ခါးရနံ့ကြောင့် မသိမသာငဲ့ကြည့်လိုက်မိစဉ် ညီညာ လှပသည့် သနပ်ခါးပါးကွက်လေးက သူမ၏ပါးမို့မို့ထက်မှာ ဖွေးလို့ပါလေ။

အဘယ်မျှချစ်စဖွယ်ကောင်းလိုက်တဲ့ ကောင်မလေးပါလဲ။ ဘယ်သူကရော သူမပုံစံကို Second MB တက်နေတဲ့အေး



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသူလို့ မြင်မှာတဲ့လဲ။ သနပ်ခါးတွေ ဖုံနေအောင်လူးပြီး သိပ်လှချင်တဲ့အရွယ် အထက်တန်းကျောင်းသူလေးလို့ပဲ မြင်ကြမှာ အသေအချာပါလေ။

"ရပြီ ဦးလေး၊ နာရီဝက်လောက်ကြာရင် ဝပ်ရှော့ခ်က လူလာလိမ့်မယ်။ ဒီမှာပဲပြင်လို့မရရင် ဆိုင်ကိုပို့ရင်ပို့ရမှာ"

"အေးပါကွယ်"

"ဆိုင်ပို့ရရင် Taxi နဲ့ပဲ ဦးလေး အိမ်ပြန်ရမှာ။ ကားခ ရှိရဲ့လား"

"ရှိပါတယ်ကွယ့်"

"လိုလိုမယ်မယ် ယူထားလိုက်ပါ ဦးလေးရဲ့"

"အာ. . . မဟုတ်တာ"

"ယူထားလိုက်ပါဗျာ"

သူ အတင်းပဲ ဦးလေးကြီး၏အင်္ကျီအိတ်ကပ်ထဲသို့ ငါးထောင်တန်ကို ထည့်ပေးလိုက်တာမို့ ဦးလေးကြီးက မျက်နှာပင်နီချေပြီ။ အားနာတာကြောင့်ပဲဖြစ်မယ်ထင်ပါရဲ့။

"ကျွန်တော်တို့သွားပြီနော် ဦးလေး"

"အေးအေး. . . ကျေးဇူးပါ မောင်ရင်ရယ်"

"ရပါတယ်ဗျာ၊ သွားစို့ မုံနှံ့သာ"





ရှေ့ခန်းတံခါးကို သူဆွဲဖွင့်ပေးလိုက်တာမို့ သူမ တက်လိုက်လေ၏။ ပြီးမှ မောင်းသူဘက်သို့ သူတက်ထိုင်ကာ စက်နှိုးပြီး မောင်းထွက်လိုက်ပါသည်။ ကျွန်တော့်ကားထဲမှာ သနပ်ခါးရနံ့တွေ လှိုင်လှိုင်မွှေးနေပါရောလား ဒက်ဒီ။

"ပျင်းနေပြီလား"

ငုံ့မကြည့်ဘဲ စကားဆိုမိစဉ် တုံ့ပြန်သံ မကြားရပါချေ။ ပေါင်ပေါ်မှာ လွယ်အိတ်ကို တင်ထားလျက် ရင်ဘတ်မှာ စာအုပ်တစ်ထပ်ကို ပိုက်ထားပုံက တင်းတင်းကျပ်ကျပ်ပါပဲလား။ အနေခက်နေသလား မုံနှံ့သာ။ သူစိမ်းယောကျ်ားကလေး တစ်ဦးတစ်ယောက်နဲ့မှ အရောတဝင်မရှိဖူးတာ အသိသာကြီးပါပဲလား။

သူပြုံးလိုက်မိပါ၏။ ကျောင်းရောက်လို့ ကားပေါ်ကဆင်းရင် ဖိုးမြတ်တော့ အဘယ်မျှဒေါ်ပွလေမည်မသိ။ သူငယ်ချင်းကို စိတ်ထဲကလိုရတာထက် လက်ရှိအနေအထားကို သူကျေနပ်နေမိတာ အမှန်ပါပဲ။

"သီချင်းနားထောင်မလား"

ဘာမှပြန်မပြောတာမို့ ကက်ဆက်ခလုတ်ကို သူနှိပ်လိုက်ပါ၏။ အလို! ဒါ ခါတိုင်း သူထည့်ထားလေ့ရှိတဲ့တီးလုံးတွေချည်းပါတဲ့ CD မဟုတ်ပါလား။ ကေနွတော့ အိမ်ကခြံရှင်းကားဆေး



www.burmeseclassic.com

www.burmeseclassic.com



တဲ့မောင်အေးတစ်ယောက် ကားဆေးရင်း ဖွင့်နားထောင်တဲ့ CD ဖြစ်မယ်ထင်ပါရဲ့။

အမြဲလိုပင်× × × သနပ်ခါးလေး ပါးပါးညီညီလိမ်းကျံတာ× × × အကူအညီမပါပေမယ့်လည်း× × × နဂိုနီတဲ့နှုတ်ခမ်းလေးအလှသွေးကြွယ်× × × ပိတုန်းနက်ဆံစလေးတွေ× × × ခါးရွှံ့ရွှံ့လေးထက်မှာ× × × ယဉ်နိုင်လွန်းတယ်× × ×

တွေးချင်တယ်× × × တစိမ့်စိမ့်နဲ့ ကြည့်လို့တကယ်ကိုမဝနိုင်တယ်× × × ဂုဏ်ဖြွရှင်မလေးရယ်× × × ဆယ်ခါတစ်ခါပြုံးခဲနိုင်လွန်းတယ်× × × ဒေါ်သမာနလေးတွေ× × × မရှိတဲ့သူ့သဘောထားကို× × × ကိုယ် စာဖွဲ့မယ်× × ×

ဘယ်သူတွေ ဘယ်လောက်ထိချောချောချောပါစေ× × × မမြင်နိုင်တဲ့နှလုံးသားထဲကအလှတွေ× × × သူ့မှာရှိတယ်× × × မဟာဆန်တဲ့× × × ကဗျာဟန်လေးရယ်× × × သိမ်မွေ့နုနယ်× × × စာနွယ်လား× × × ပန်းရိုးလေလားကွယ်× × × မယ်ယဉ်ကျေးရယ်× × ×

သူလေပြည်လာရင် အဝေးကရတဲ့× × × သနပ်ခါးနံ့လေးတွေကို× × × ဒီတစ်သက်တာ× × × ကိုယ်လေ မွှေးချင်တယ်× × ×

တွေးချင်တယ်× × × တစိမ့်စိမ့်နဲ့ ကြည့်လို့တကယ်ကို





မဝနိုင်တယ်× × × ဂုဏ်ဖြွရှင်မလေးရယ်× × × ဆယ်ခါတစ်ခါပြုံးခဲနိုင်လွန်းတယ်× × × ဒေါ်သမာနလေးတွေ× × × မရှိတဲ့သူ့သဘောထားကို× × × ကိုယ် စာဖွဲ့မယ်× × ×

ဘယ်သူတွေ ဘယ်လောက်ထိချောချောချောပါစေ× × × မမြင်နိုင်တဲ့နှလုံးသားထဲကအလှတွေ× × × သူ့မှာရှိတယ်× × × မဟာဆန်တဲ့× × × ကဗျာဟန်လေးရယ်× × × သိမ်မွေ့နုနယ်× × × စာနွယ်လား× × × ပန်းရိုးလေလားကွယ်× × × မယ်ယဉ်ကျေးရယ်× × ×

မဟာဆန်တဲ့× × × ကဗျာဟန်လေးရယ်× × × သိမ်မွေ့နုနယ်× × × စာနွယ်လား× × × ပန်းရိုးလေလားကွယ်× × × မယ်ယဉ်ကျေးရယ်× × ×

အမြဲလိုပင်× × × သနပ်ခါးလေး ပါးပါးညီညီလိမ်းကျံတာ× × ×

R ဇာနည်၏ဆွဲငင်ငင်အသံက သီချင်းကိုပိုပြီး အသက်ဝင်စေသလိုပါပဲလား။ သူလှည့်ကြည့်လိုက်မိစဉ် သူမက ပြတင်းတစ်ဖက်ကိုလှည့်ကာ မျက်နှာလွှဲထားလေ၏။ ဒါ ရှောင်နည်းတစ်မျိုးလား မှန်းသော။

လက်စကာဝတ်ထားသည့်အင်္ကျီနီလေး၏ အောက်နား



www.burmeseclassic.com

www.burmeseclassic.com



လက်ဖျံထက်မှ မွေးညင်းနုလေးတွေ ထောင်နေသလို အဖုသေးသေးလေးတွေကိုပါ မြင်လိုက်ရတာမို့ သူမ အတော်လေးရှက်နေမှန်း သူသိလိုက်ရပါသည်။ အရှက်ကလည်း သည်းပါ့ မှုံနဲ့သာရယ်။



## အခန်း (၁၀)

"ဟဲ့! နှင် ဒီနေ့ သူ့ကားနဲ့အတူစီးလာတာဆို၊ ဟုတ်လား မှုံ"

ကျောင်းခန်းထဲဝင်လာသည်နှင့် မှုံ့လက်မောင်းကို ဖတ်ခနဲရိုက်လျက် သီရိမေးလေ၏။ ရော်! ရှက်လို့ပါဆိုမှပဲ အာပြဲကြီးနဲ့ လူကြားအောင် မေးရတယ်လို့ သီရိရယ်။ ခေါင်းကိုမညိတ်ချင်ပါဘဲ ညိတ်ပြလိုက်ရပါ၏။ ကျောင်းကိုခပ်စောစောလေးရောက်တာတောင်မှ ဒီသတင်းကို ဘယ်သူတွေများ ဖြန့်ကြတာပါလိမ့်နော်။

"နှင် ဘာဇာတ်လမ်းတွေ ထွင်နေတာလဲ မှုံ"



www.burmeseclassic.com

www.burmeseclassic.com



''အေးလေ၊ နင့်အဖေသိရင် ပြဿနာပဲ မှုံရဲ့''

''မှုံလည်း ဘယ်လိုက်ချင်ပါ့မလဲ''

''ဟဲ့! မလိုက်ချင်ဘဲ သူ့ကားပေါ် ပါလာစရာလားလို့။ နင်တို့သတင်းက Canteen ထဲမှာ ဟိုးလေးတကြော်ဖြစ်နေတာ မကြားချင်မှအဆုံး''

''တိုးတိုးပြောပါ သီရိရယ်''

''ဘာဖြစ်လဲ၊ သူကြားမှာ စိုးတယ်ပေါ့လေ၊ မိန်းမကိုက ပြောတော့တစ်မျိုး လုပ်တော့တစ်လွဲ''

''မှုံ ဘာလုပ်မိလို့လဲ''

အိညှောင်ညှောင် ဖြေရှင်းပြနေပေမယ့် သက်သေက မခိုင်လုံနိုင်ပါလေ။ အတန်းထဲသို့ သူဝင်မလာသေးတာမို့ တော်ပါသေးရဲ့။ ကားပေါ်မှဆင်းလာတာကို မြင်ကြတာပဲရှိသေးတာ၊ ကားထဲမှာတုန်းကဆို မှုံ့အထင်မှားချင်စရာသီချင်းမျိုး သူဖွင့်ပြဖြစ်တာများ သိကြရင် ဘယ်လောက်ထိ ပြောကြမယ်မသိပါလေ။

''ပြောလိုက်ရင် အဲဒီလို မရေမရာချည်းပဲ။ နင့်အဖေသိရင်တော့ နင်သေတော့မှာပဲ။ အနီကယ်က နင်နဲ့သူ့ကို မသိရဘူး၊ မပေါင်းမသင်းရဘူးလို့ အစောကြီးကတည်းက ပြောခဲ့တာမဟုတ်လား''





''ဩော်. . . သီရိရယ်၊ မှုံလည်း သူ့ကို စကားမပြောပါဘူး''

''ဟဲ့! နင်စကားမပြောဘဲနဲ့ ဘာလို့ သူ့ကားပေါ်ကို ခေါ်တက်လိုက်ခဲ့တာတုန်း''

''ဘကြီးသော်က ကားပျက်လို့ ပြင်ရင် အချိန်ကြာနေမှာစိုးလို့တဲ့၊ အဲဒါနဲ့ သူခေါ်တာမို့ အားနာပြီး လိုက်ခဲ့တာပါဟယ်''

ပြဿနာပါပဲလား။ အိမ်မှာ မဖြေရှင်းရသေးပါဘဲ ဒီကျောင်းခန်းထဲမှာ သူငယ်ချင်းကို ရှင်းပြနေရတာလေ။ မှုံကတော့ အဖေနဲ့ ဘွားကို အကြောက်အလန့်ဆုံးပါဆိုမှ အခု သီရိကိုပါ ကြောက်နေရတာပါလား။ သီရိသာ ပြန်တိုင်လိုက်ရင်တော့ မှုံတော့ ကျောင်းထွက်ရတော့မှာပါလေ၊ ခက်ပါ့ သီရိရယ်။

''အေး. . . နာနာ၊ အဲဒီအားနာပြီး ခါးပါ နင်ပါသွားမှာ သိရဲ့လား''

''ဘာလဲ ခါးပါတယ်ဆိုတာ''

''ငါနော် မပြောလိုက်ချင်ဘူး၊ ဒါလေးတောင်မှမသိဘဲ နဲ့အရွယ် ရောက်လာရတယ်လို့''

သီရိက မှုံ့ကိုအမြင်ကတ်ကတ်ဖြင့် မျက်စောင်းခဲလေသည်။ ဩော်. . . မသိလို့မေးပြန်တော့လည်း အခက်ပါလား။ သူ

www.burmeseclassic.com



ကို မလှူးသာမလွှန့်သာဖြစ်အောင် ဆွဲနေရတယ်လို့။

"မှို"

"ဟင်. . . ဘာလဲ"

"နင် သူ့ကိုစိတ်ဝင်စားနေပြီလား"

"ဘယ်သူ့ကိုလဲ"

"ရှင်းသန့်ကြည်လင်ပေါ့"

"ပေါက်တတ်ကရ"

"ဒါဖြင့် မြတ်နိုးမောင်ကိုရော"

"ပိုတောင်ဝေးသေး"

ဘုရားရေ! သူ့အကြောင်းပြောနေရာက ဘယ်လိုဖြစ်ပြီး ဟိုတစ်ယောက်ဆီကို ပြောင်းသွားရတာပါလိမ့်။ အဲဒီမြတ်နိုးမောင် ကြောင့် စိတ်ရှုပ်နေရတာလေ။ သီရိတော့ မြတ်နိုးမောင်ကိုများ စိတ်ဝင်စားနေလို့များလား။ မဖြစ်နိုင်တာ။

"နင် အန့်တီနှင်းမှုံကို မေးကြည့်သေးလား"

"မြတ်နိုးမောင်အကြောင်းလား"

"အေး"

"မေးတယ်"

"အန့်တီက ဘာပြောသေးလဲ"





"ဟင့်အင်း. . . မသိဘူးတဲ့၊ အန့်တီသက်က နယ်မှာ ပိုစတင်ကျတာမို့ Phone ပဲအဆက်အသွယ်ရှိတာ။ ဘာမှ ဘာ ဘာညာညာမပြောဖူးပါဘူးတဲ့"

"တော်သေးတာပေါ့"

အလို! သီရိမျက်နှာက အခုမှ စိုးရိမ်စိတ်လျော့သွားသလို ပါပဲလား။ ပြောတုန်းကဖြင့် မှို့ကိုများ သူနဲ့စိုးရိမ်သလိုလိုပြောနေ ပြီး မြားဦးက မြတ်နိုးမောင်ဆီ လှည့်သွားတာ ဘာသဘောပါလဲ။ မှို့နားမလည်ပါလေ။

"ဘာကိုလဲ"

အတန်းထဲသို့ သူဝင်လာတာကိုမြင်လိုက်ရစဉ် သီရိက မှို့အနားကပ်ကာ စကားပြောနေလျက်မှ လှုချင်းခွာလိုက်လေ၏။ ဒါက ဘာသဘောပါလိမ့်။ သူ့သူငယ်ချင်းအကြောင်းကို သူ့ရှေ့ မှာ ကြားမှာစိုးလို့ မပြောချင်တာလား။

"ဘာမှမဟုတ်ပါဘူး"

"ရှင်းသန့်"

သီရိကိုယ်လေး တွန့်ခနဲဖြစ်သွားလေ၏။ မြတ်နိုးမောင် အသံကိုကြားတာ မှို့က မလန့်ပါဘဲ ဘာလို့ သီရိက လန့်တာလဲ လေ၊ အံ့သြပေစွ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲကွာ"

"မင်းကိုပြောစရာရှိတယ်၊ ခဏလိုက်ခဲ့"

"Class စတော့မှာကွ၊ အချိန်မရှိတော့ဘူး"

"မရဘူးကွာ. . . လိုက်ခဲ့"

"ကျစ်! ဘာလဲကွာ"

ခုံမှာ အခုပဲဝင်ထိုင်ရုံရှိသေးသည့်သူက ခုံမှထလိုက်ရ ၏။ ဖိုးမြတ်ကတော့ ဘာပြဿနာရှာမှာပါလိမ့်။ Canteen က သတင်းကိုများ ဒီကောင်ကြားခဲ့တာများလား။

"ဘာလဲ၊ ပြော"

Corridor မှာပဲရပ်ကာ သူမေးလိုက်စဉ် ဖိုးမြတ်က သူ့ ကို မကြည့်လင်သည့်မျက်လုံးမျိုးဖြင့် ကြည့်လေ၏။ ဟုတ်နေ ပြီ၊ မှုံနှံ့သာကို သူ့ကားပေါ် တစ်ရက်လေး ခေါ်တင်မိပါတယ် သတင်းက ဤမျှထိကြီးမားလိမ့်မည်ဟု ထင်မထားတာလေ။

"မှုံ့ကို မင်းကားနဲ့တင်ခေါ်လာတာဆို"

"အေး"

"ဘာဖြစ်လို့လဲကွ၊ မှုံက ငါ့သက်ဆိုင်သူဆိုတာ မင်း ရဲ့သားနဲ့"

"နေဦး ဖိုးမြတ်၊ ဒီနေ့ လမ်းမှာ သူတို့အိမ်က ကား





နေတာနဲ့ တိုးတယ်ကွာ၊ အဲဒါကို ဒရိုင်ဘာဦးလေးက Taxi နဲ့ မှုံ့ကို တစ်ယောက်တည်းမလိုက်စေချင်တာမို့ ငါကားနဲ့လူကြုံတင် ခေါ်ခဲ့ပေးတာ။ သူငယ်ချင်းတွေပဲလေကွာ၊ ဒီလောက်ထိ ဘာ အေါ်သထွက်စရာရှိလို့လဲ"

ဖိုးမြတ်မျက်နှာက ခပ်မှုံမှုံပါပဲ။ မှုံနှံ့သာကဖြင့် သူနဲ့ကား ပေါ်မှာ စကားတစ်ခွန်းတောင် မပြောခဲ့တာလေ။ သူတို့နှစ်ဦးကို ကားပေါ်မှာ စကားတွေဖောင်အောင်ပြောပြီး ရင်းနှီးခင်မင်သွား တယ်လို့များ ထင်ထားလေသလား။ ခက်ပဲ့ ဖိုးမြတ်ရာ။

"မင်းတို့စကားတွေ ပြောခဲ့တာပေါ့"

"ကျစ်! တစ်ခွန်းမှမပြောပေါင်၊ ငါလည်းကက်ဆက်ဖွင့် ပြီး ကျောင်းကိုရောက်ခဲ့တာပါကွာ"

"ဒါဖြင့် မင်းတို့မရင်းနှီးဘူးပေါ့လေ"

"ဟ! သူ့အဖေတားထားတဲ့ကိစ္စကို သူက ဘာလို့လုပ် ရမှာလဲကွ။ ဝေးပါ့"

သူ့စကားကြောင့် ဖိုးမြတ် အတော်ကျေနပ်သွားပုံရပါ၏။ Sorry ကွာ၊ ဘော်ဒါကဗျာဆိုတာ တစ်ကန့်၊ နှလုံးသားရေးရာ ကဗျာဆိုတာ တစ်ကန့် ခွဲခြားထားရမှာကို မင်းသိပါရဲ့လား ဖိုး မြတ်ရာ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် ငါ့ကောင်မလေးနဲ့တော့ ဝေးဝေးနေပေး ရှင်းသန့်ရာ"

သူ ဟက်ခနဲရယ်လိုက်မိပါ၏။ မပိုင်ရသေးပါဘဲ မှန်ဗီရို မှန်ခန်းထဲက အရုပ်လေးကို ငါ့ဥစ္စာလို့ပြောတဲ့ကလေးလိုပါပဲလား။ ဥစ္စာခြောက်တယ်ဆိုတာ ဒါမျိုးကိုခေါ်တာထင်ပါရဲ့။

"ငါ့ကို ကတိပေး"

"ဘာဆိုင်လို့လဲ"

"ဟ! ပေးရမှာပေါ့ကွ"

"မင်းနဲ့မှုန့်သာက စေ့စပ်ထားတဲ့သူတွေမှမဟုတ်တာ ဖိုးမြတ်ရ"

"မိဘချင်းပြောပြီး သဘောတူထားတာလေကွာ"

"အဲဒါ မင်းရဲ့မိဘတွေ တစ်ဖက်သတ်စီစဉ်နေတာလေ ကွာ၊ မှုန့်သာ့ဘက်က လူကြီးတွေက ကြည်ဖြူလို့လား၊ ပြောစမ်း ပါဦး"

ကြည့်စမ်း! ဒီကောင်ရှင်းသန့်ပြောနေပုံက သူ့ကိုအချက် ကျကျပါပဲလား။ သူ့ကို ဒီကတိလေးပေးဖို့များ ဒီလောက်ဝန်လေး စရာလားလို့။ သူငယ်ချင်းအချင်းချင်း ဒီကောင် စည်းကျော်ချင် ပြီလား ရှင်းသန့်ကြည့်လင်။





"မင်းအတွက် ဒီကတိက ခက်နေလို့လား ရှင်းသန့်"

"မလိုအပ်ဘဲနဲ့ ကတိတစ်ခုကို ငါလွယ်လွယ်မပေးတတ် မှန်း မင်းအသိဆုံးပါ ဖိုးမြတ်ရာ။ ငါ ဘယ်လိုအကျင့်စရိုက်မျိုး ရှိသလဲဆိုတာ ငါ့မိဘတွေနီးနီး မင်းလည်းသိနေတာပဲ"

မကျေနပ်နိုင်ပါ။ ဒီကောင် ဝေ့လည်ကြောင်ပတ်နဲ့ စကား ပြောနေတာပါပဲလား။ ငါနော်၊ ဘော်ဒါဘော်ချွတ်ကဏ္ဍသာ ရှိ မထားရင် ဒီကောင့်ကို လက်သီးတစ်လုံးလောက် ကျွေးမိတော့ မှာလေ။

"ဘာပဲဖြစ်ဖြစ် ပြောကွာ၊ မှုန့်ကို မင်းမကြိုက်ဘူးလို့"

သူ တဟားဟားအော်ရယ်မိချေပြီ။ ဒီကောင်ဖိုးမြတ်က တော့ အခုမှ မူကြိုကျောင်းသား ဂျစ်သလို ဂျစ်နေတာမျိုးမဟုတ် ဘူး။ ဒက်ဒီတို့သာ ဒီကိစ္စကိုသိရင် သူ့လိုပဲ ရယ်ကြမှာ အသေ အချာလေ။

"မပြောနိုင်ဘူးဆိုရင်ကောကွာ"

"ဘာကွ"

"မင်းရဲ့မှုန့်ကို မင်းဖြင့်ပိုင်သေးတာမဟုတ်ဘဲ ဥစ္စာခြောက် ပြောချင်နဲ့ကွ။ ယောက်ျားတန်မဲ့ အမြင်ကပ်စရာကြီး"

"မင်းနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုအပျိုကိုမဆို လူပျိုတိုင်းက ကြိုက်လို့ရတယ် မဟုတ်ဘူးလား"

"ဟော့ကောင်!"

စာသင်ပေးမည့်ဆရာ လာနေပြီမို့ သူက စကားနိုင်ပိုင်းပြီးဖြတ်ကာ ကျောင်းခန်းထဲ အမြန်ဝင်လိုက်ပါ၏။ ဖိုးမြတ်ထံမှ ပွစိပွစိစကားတီးတိုးပြောပြီး နောက်မှလိုက်လာကာ ထိုင်ခုံတန်းမှာ ဝင်ထိုင်လိုက်လေသည်။ ဒီကောင့်ကို မိုလ်ကျရရင် သူ့အပျော်ဆုံးပဲမဟုတ်ပါလား။

"ဟယ်!"

"ဘာဖြစ်ပြန်တာလဲ"

"မနေ့က မှုံ့မှတ်ထားတဲ့ Note စာရွက်လေး မရှိတော့လို့။ ဘယ်နားကျပျောက်သွားလဲမသိပါဘူး"

"Meaning Note လား မှုံ့နှံ့သအ"

မှုံ့က နောက်မှမေးတာမို့ ယောင်ယမ်းပြီး ခေါင်းကိုညိတ်ပြလိုက်မိပါ၏။ ဟောတော်! အဲဒါ သူ့အသံမဟုတ်လား။ ဘယ်လိုဖြစ်ပြီး သူမေးတာကို မှုံ့က ပြန်ခေါင်းညိတ်လိုက်မိတာပါလိမ့်နော်။ သိရိုပြန်တိုင်ရင် ဘယ်နှယ့်လုပ်ရမလဲ။

"လိုရင် ကိုယ့် Pocket Dictionary ကို ယူထားလိုက်





လေ"

"နေပါစေ၊ နောက်မှဝယ်လိုက်မယ်"

"လောလောဆယ်လိုနေတာမဟုတ်လား မှုံ့နှံ့သာရဲ့။ ယူထားလိုက်ပါ၊ ကိုယ့်အိမ်မှာ အလတ်ရော အကြီးရော ရှိပြီးသား။ နော့"

တကယ်လည်းလိုနေတာမို့ သူကမ်းပေးလိုက်သည့်စာအုပ်အသေးရှည်ရှည်လေးကို လှည့်ယူလိုက်စဉ်၊ မြတ်နိုးမောင်က မှုံ့ကို မျက်မှောင်ကြုတ်ပြလိုက်ပါ၏။ ဘာလဲ. . . မကြိုက်ဘူးလား။ သူနဲ့ဖြင့် ဘာမှမဟုတ်သေးပါဘဲ လူကို ဒီလို Style မျိုးကြည့်တာ မနှစ်သက်ပါလေ။

"မှုံ့"

"ဘာလဲ"

"မှုံ့ကို ကိုယ်ဝယ်ပေးမှာပေါ့။ သူ့ဥစ္စာ ပြန်ပေးလိုက်ညီ"

"အို. . . မှုံ့ဘာသာ ဝယ်ပြီးရင် ပြန်ပေးမှာပေါ့၊ ဘာဖြစ်လို့လဲ"

"သူ့အဆင်ပြေအောင် ခဏလေးငှားတာပဲ ဖိုးမြတ်ရာ၊ ဒီဘာက တိုစရာမရှိ ရှာကြံတိုနေပြန်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ၊ ဟုတ်သားပဲ မြတ်မောင်ရဲ့"

"ဒါ နှင့်ကိုစွမဟုတ်ပါဘူး ခေတ်သမီးရဲ့၊ ဝင်မပါစမ်းပါနဲ့"

သီရိက မြတ်နိုးမောင် ဟောက်တာကို မကျေနပ်ဟန်ဖြင့် ခြေဆောင့်ပြလေ၏။ မဆိုင်တဲ့လူကို ရမ်းတာတတ်တာ မြတ်နိုးမောင်ရဲ့ဝသီပဲ ထင်ပါရဲ့။ စာသင်ချိန်တစ်ချိန်လုံး အနောက်မှာ နှစ်ယောက်သားကျိတ်ပြီး စကားများနေသံက တိုးတိုးကျိတ်ကျိတ်ပါလေ။

ကျောင်းဆင်းတော့ စာအုပ်ကို မှုံပြန်မပေးရသေးခင် သူတို့နှစ်ယောက်လုံး တစ်ယောက်တစ်ပေါက်စကားပြောရင်းက အရင်ဆုံးထွက်သွားကြလေသည်။ အဲဒီညနေမှာ ST ဟု အတိုကောက်ရေးထားသည့် သူ့စာအုပ်လေး မှုံ့ထံပါလာသလို အိမ်မှာ စာအုပ်စစ်ပေမယ့် အဲဒီစာအုပ်အဖုံးအတွင်းမှ အင်္ဂလိပ်စာလုံးကို မမြင်တာမို့ မှုံ့အခန်းထဲမှာ ရှိခဲ့တာပါလေ။



## အခန်း (၁၁)

စာအုပ်ရှည်ရှည်လေးကို မှုံ လက်ချောင်းလေးနှင့်အသာပွတ်လေး ကိုင်လိုက်မိပါ၏။ စည်းကမ်းရှိလိုက်တာနော်။ Meaning ရှာတွေ့ရင် စာမျက်နှာကို ထောင့်မှာခေါက်တာမျိုးမရှိသလို စာရွက်သေးသေးလေးခေါက်ပြီး ကြားထိုးညှပ်တာရှိပြီး ကတ်တူကျွန်းစလေးနှင့်ညှပ်ထားတာ သုံးလေးခုရှိနေလေ၏။

"သမီး"

ရင်ထဲ ဒိတ်ခနဲမြည်သွားရပါ၏။ မှုံစာကျက်ချိန်မှာ ဖေဖေ သိပေမယ့် ဘာကြောင့် မှုံ့အခန်းထဲကို ဝင်လာရတာပါလိမ့်။ ညနေတာ အိမ်ကို သီရိလိုက်ပို့ပေးမှန်း သိကြတာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ! မနက်တုန်းက သူ့ကားနဲ့လိုက်စီးခဲ့တာကို များ သိသွားလို့များလား။ လက်က အလိုလိုပင် Pocket book လေးကို ဗလာစာအုပ်နှင့် အသာဖုံးလိုက်မိလေ၏။

"ဖေဖေ"

"စာကျက်နေလား"

"ဟင့်အင်း၊ မှတ်စုတွေ ပြန်စစ်ကြည့်နေတုန်းပါ"

ဖေဖေက မှူ့ကုတင်ထက်မှာ ထိုင်လိုက်လေ၏။ မေမေ ဆို ပြောစရာရှိတာကို မြန်မြန်သွက်သွက်ပြောပြီး အခန်းထဲမှ ထွက်သွားတာမျိုးလေ။ အခုဖေဖေကတော့ မှူ့ဘေးမှာ ခပ်ကြာကြာရှိနေပုံပါပဲလား။

"မှူ"

"ရှင်"

"သမီးနောက်ကို ကောင်လေးတစ်ကောင် လိုက်နေတယ်ဆိုတာ ဟုတ်လား"

"ဟင်!"

ခေါင်းနားပန် ကြီးသွားရပါ၏။ အလိုလေးလေ! မှူတော့ ဖေဖေရိုက်တာကို ခံရတော့မှာပဲထင်ပါရဲ့။ အခုထိ မှူကြီးကလေး တုန်းကလို ဖေဖေ့ကိုတုန်နေအောင် ကြောက်နေရတုန်းပင်မဟုတ်





ပါလား။

"ပြောလေ"

"ဟုတ်ကဲ့"

"ဘယ်ကတဲ့လဲ"

"ကျောင်းကပါပဲ ဖေဖေ"

"နာမည်ကရော"

"မြတ်နိုးမောင်ပါ"

"သူငယ်ချင်းထဲကလား"

"ဟင့်အင်း၊ မှူမှ ယောက်ျားလေးသူငယ်ချင်းမထားတာ ဖေဖေရဲ့"

"ဒါဖြင့် အဲဒီကောင်လေးက ဘယ်ကနေဘယ်လို သမီး အနားကို ရောက်လာရတာလဲ"

အဲဒါကမှ ပြဿနာ. . . မေမေ့ညီမနဲ့ပတ်သက်ပြီး ဒီ လောက်ထိဖြစ်လာတာကိုများသိရင် ဖေဖေ ဘာလုပ်မှာလဲ။ မေမေ့ ကို ပြဿနာရှာဦးမှာလား။ ဒုက္ခပါပဲ၊ နေရင်းထိုင်ရင်း မေမေပါ မှူ့ကြောင့် အဆူအငေါက်ခံရဦးတော့မှာလေ။

"ဟိုလေ၊ အန်တီသက်နဲ့ သူ့မေမေက ဟိုးအရင်တည်းက သူငယ်ချင်းတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ!"

တုန်ခနဲဖြစ်သွားရလေ၏။ သိနေတယ်လေ၊ အဲဒီအန်တီသက်ကိုလည်း ဆရာဝန်မို့ ဖေဖေကြည့်မရတာမဟုတ်လား။ ဆရာဝန်တွေကို မုန်းတဲ့ဖေဖေက ဘာကြောင့် မှုံ့ကို ဆေးကျောင်းတက်ခိုင်းခဲ့တာပါလိမ့်။ Duty coat ဝတ်ထားတိုင်း ဖေဖေ့မျက်ဝန်းတွေ တလက်လက်တောက်ပနေတာ ဘာကြောင့်များလဲဆိုတဲ့အဓိပ္ပာယ်ကို မှုံ့မသိတာ အမှန်ပါလေ။

"ဒီအေးသက်က ပါလာပြန်ပြီလား"

"..."

"ဒါဖြင့် နှင်းသိတာပေါ့လေ၊ ဟုတ်လား မှုံ့"

"ဟုတ်ကဲ့ဖေဖေ၊ မေမေ့ကို မှုံ့ပြောဖူးတယ်"

"တောက်! ဒီမိန်းမတော့လား၊ ငါမသိအောင် ဒီကိစ္စကို ဖုံးကွယ်ထားတာပေါ့လေ။ တွေ့ကြသေးတာပေါ့"

စိတ်မြန်သူပီပီ အခန်းထဲမှ ဝုန်းခနဲထွက်သွားပြန်လေ၏။ အမယ်လေးနော်၊ မေမေတော့ မှုံ့ကြောင့် ဖေဖေနဲ့စကားများရတော့မှာပဲ။ မဟုတ်ပါဘူး၊ ဖေဖေ့ကိုခွန်းတုန့်မပြန်ရဲတဲ့မေမေ့အဖို့ ခေါင်းငုံ့ငြိမ်ခံရုံသာ ရှိတော့မှာလေ။

အို. . . ဘာမှမဟုတ်သေးပါဘဲ မှုံ့အတွက်နဲ့ မေမေတစ်





ဖက်သတ်ဖိနှိပ်ခံရမှာကိုတော့ မဖြစ်စေချင်ပါ။ စာကျက်ရမှာကို စိတ်မပါတာမို့ စာအုပ်ကိုပိတ်ကိုင်လျက် အခန်းထဲမှထွက်ကာ လှေကားတစ်ဆစ်ချိုး ထောင့်အကွယ်လေးမှာ ပုန်းကွယ်ထိုင်လျက်သားဖြင့် ဧည့်ခန်းကို နားစွင့်နေမိလေသည်။

"နှင်းမှုံ့မှုံ့"

"ရှင်. . . အစ်ကို"

"မြတ်နိုးမောင်နဲ့ ငါ့သမီးကိစ္စကို မင်းသိတယ်ဆို"

ဖြေသံမကြားရပါ။ မေမေ ခေါင်းပဲညိတ်ပြလိုက်လေသလား။ မေမေသနားပါတယ်။

"ပြောလေ၊ မေးလိုက်ရင် မြူစိစိလုပ်တာကို ငါမကြိုက်ဆုံးပဲ၊ ကြည့်လိုက်ရင် အာစေးမိထားသလို တုံးတိုဘာဝေ။ ငါ့သမီးကိစ္စကို ငါမသိအောင် ဖုံးကွယ်ထားတာ ဘာသဘောလဲကွ"

"သမီးနဲ့က ဘာမှမဟုတ်ပါဘူး အစ်ကိုရယ်"

"ဘာမဟုတ်ဘဲနဲ့တော့ ငါ့နားထဲ ဒီသတင်းရောက်မလာဘူးကွ။ ဒီအိမ်ထဲကနေ ခွာသွားတာနဲ့ ငါ့သမီးရဲ့ကျောပေါ်မှာ ငါ့မျက်လုံးကို တပ်ပေးလိုက်တာ။ သူဘာလုပ်လုပ် ငါအကုန်သိပြီးသား။ ဒီကောင်လေး ဒီလောက်အထိ အတင့်ရဲရအောင် မင်းသမီး အနေအထိုင်မတတ်လို့ပေါ့ ဒေါ်နှင်းရဲ့"



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပူနေသည့်ကြားမှ လှစ်ခနဲပြုံးလိုက်မိလေ၏။ ခုနတုန်းကဖြင့် ငါ့သမီးဆိုပြီး မှုံအနေအထိုင်မတတ်တော့ မင်းသမီးဆိုပြီး မေမေ့သမီးဖြစ်သွားရတာလေ။ မှုံ့ဖေဖေက ဤသို့ဤနှယ်တစ်ဖက်စောင်းနင်းပြောတတ်တဲ့သူပါပဲ။

"မဟုတ်ပါဘူး အစ်ကိုရယ်၊ ကောင်လေးက အစ်ကို့မိတ်ဆွေရဲ့သားမို့ နည်းနည်းရဲတာမျိုးဖြစ်တာပါ။ သမီးဘက်က ဘာမှမတုန့်ပြန်ပါဘူး"

"အေးလေ၊ ဒါလည်း ငါ့ကိုပြန်ပြောရမှာပေါ့ နှင်းရဲ့။ နေစမ်းပါဦး၊ ငါ့မိတ်ဆွေဆိုတော့ ဘယ်သူတွေမို့လဲ"

"သမီးပြောတာတော့ ဦးမျိုးမင်းမင်းမောင်နဲ့ ဒေါက်တာဇင်မမဇော်တဲ့"

"ဘယ်လို! လာပြန်ပြီလား ဒေါက်တိုမျိုး။ အဲဒီအစ်ကိုင်တဲ့လူတွေကို ကြည့်မရပါဘူးဆိုမှပဲ။ အဲဒါ မင်းညီမအသက်ရဲ့စနက်လေ"

ဟောကြည့်! ဖေဖေ့မိတ်ဆွေပါလို့ ပြောနေကာမှ အနှိတ်သက်ကိုပဲ ပုံချနေပြန်ပါပြီ။ ဒေါက်တိုမျိုးတဲ့။ ဖေဖေကတော့ သူများကို လက်ညှိုးထိုးပြရမှ ကျေနပ်သည့်နှယ်ပါပဲလား။

"အစ်ကို့သမီးလည်း ဆေးကျောင်းသူပဲလေ"





"အံမာ! ငါ့သမီးကို အပြစ်မတင်ချင်စမ်းပါနဲ့ ဒေါ်နှင်းမှုံရဲ့။ ငါက ငါ့သမီးကို မျက်စိဒေါက်ထောက်ကြည့်ပြီး စက္ကန့်မလပ်စောင့်ရှောက်နေတဲ့အဖေပါ။ ဟွန်း. . . ဂျူတီကုတ်လေးဝတ်ထားပြီး ဒီအဖေကို ဆေးကုပေးတာ ခံချင်လွန်းလို့ ဒီကျောင်းမျိုးကိုပါထားပေးတာ။ အလကားနေ အလကား သူများလက်ထဲထိုးထည့်ပေးဖို့မှမဟုတ်ဘဲ။ မျိုးမင်းသောဘာသော မငဲ့နိုင်ဘူး။ ငါနဲ့ထိပ်တိုက်တွေ့ရင်တော့ ကွဲပြီပဲမှတ်။ တောက်! "

"အစ်ကိုရယ်၊ ကလေးချင်း ဘာမှလည်းမဖြစ်ဘဲ မပြောပါနဲ့လား။ အားနာစရာကြီး"

"အံမာ! ဘာကိစ္စအားနာရမှာတုန်း၊ ဒင်းတို့က ငါပိုင်တဲ့ဥစ္စာကို လာထိချင်တာလေ။ ခွန်ချိုသာ့လက်ဝါးစောင်းအကြောင်း ကောင်းကောင်းသိသွားစေရမယ်မှတ်"

ကဲ! စိတ်များလည်း ညစ်ပါရဲ့။ နေရင်းထိုင်ရင်း သူ့ဖေဖေကို ပြဿနာရှာတော့မှာလေ။ ရှင်တော့နာပြီ မြတ်နိုးမောင်ရေ့။ မှုံ့ဖေဖေမွှေသမျှ နားညည်းဖို့သာ ပြင်ထားပေတော့။ ပြောတော့ဖြင့် ရှင့်ဖေဖေနဲ့ မှုံ့ဖေဖေက အရင်းနှီးဆုံးဆို။ ခုတော့ ဖေဖေနှယ်သမျှ ရှင်တို့နာပြီမှတ်ရှင့်။

ခဏအကြာမှာ ဖေဖေ Phone နှိပ်သံကြားရတာမို့မှုံ



www.burmeseclassic.com

www.burmeseclassic.com



ခြေသံဖွလျက် အပေါ်ထပ်သို့ပြန်တက်လိုက်ပါ၏။ ဖေဖေဘာပြောမည်ဆိုတာကို မှုံ့သိတာလေ။ စာကြည့်ခုံမှာထိုင်ပြီး Pocket book ၏အဖုံးလေးကို အသာဖွင့်လိုက်ပြီး ST ဆိုသည့်အင်္ဂလိပ်စာလုံးအတိုကောက်လေးကို အသာလေးလက်တို့ကာ ပြုံးလိုက်မိပါသည်။

ရှင်းသန့်ပေါ့နော်။ ကြည်လင်ဆိုတာ သူ့ဒက်ဒီအမည်ကိုး။ ရှင်းသန့်ဆိုသည့်အတိုင်း တကယ်ပဲ လူတကာအလယ်မှာ အရှင်းဆုံး အထင်းဆုံးနဲ့ အတည်ဆုံး အသန့်ဆုံးပဲ မဟုတ်လား။ မြတ်နိုးမောင်လည်း ယောကျ်ားပီသပေမယ့် နှစ်ယောက်သား ယှဉ်ရပ်လိုက်ရင် သူက မြတ်နိုးမောင်ထက် ပိုပြီးအသားဖြူသလို ထင်းခနဲမြင်သာတာ အားလုံးသိကြတာပါလေ။

အို! မှုံ့တော့ ဆယ်ကျော်သက်အရွယ်လေးလို စိတ်တွေများ ယိမ်းယိုင်နေပြီလား။ တစ်ကြိမ်တစ်ခါမှမဖြစ်ဖူးခဲ့ပါဘဲ သူစိမ်းယောကျ်ားလေးကို အာရုံထဲမှာမြင်ပြီး သတိတရဖြစ်နေရတယ်လို့

ခေါင်းကိုခါရမ်းလိုက်မိပြီး စာထဲမှာပင် စိတ်နှစ်လိုက်ရပါ၏။ နာရီအတော်ကြာချိန်မှာ ဇက်ကို ဟိုလှည့်ဒီလှည့်စောင်းကာ ဆတ်ခနဲချိုးလိုက်ပြီး ခါးကိုဆန့်လိုက်စဉ် တံခါးဖွင့်သံကြားလိုက်ရလေသည်။





"မေမေလား"

"အင်း. . . သမီး ဘာများသောက်ချင်လဲလို့ လာမေးတာ"

"နေပါစေ မေမေ၊ ညဆယ့်တစ်နာရီပဲ ကျော်နေပြီဟာ။ တစ်နေ့လုံးပင်ပန်းနေတယ်မဟုတ်လား။ နားပါတော့လားမေမေ"

"တကယ်မလိုဘူးလား သမီး"

"အင်း"

"လိုရင် ခေါ်လိုက်နော်"

"ဟုတ်ကဲ့ပါ မေမေရဲ့"

စိတ်မချသလိုအကြည့်ဖြင့် တစ်ချက်ကြည့်ကာ တံခါးပြန်စေ့သွားလေ၏။ စားပွဲထက်မှာ လက်ထောက်မေးတင်လျက် ငြိမ်သက်နေမိသည်။ ဟိုတစ်ယောက်တော့ ဖေဖေကောတာကို အဘယ်မျှခံနေရပြီမသိ။ အင်းပေါ့လေ၊ မနက်ဖြန်ကျောင်းရောက်တော့ သတင်းကြားရမှာပေါ့။

တွေးကြသေးတာပေါ့ မြတ်နိုးမောင်ရယ်. . .

ဂစ်တာသံသဲ့သဲ့မျှ ကြားလိုက်ရသဖြင့် နားစွင့်လိုက်မိပြန်သည်။ ကြည့်စမ်း! အခုတလော မကြာခဏ ညစဉ်လိုလို သူ ဂစ်တာတီး သီချင်းဆိုလေ့ရှိနေပါရောလား။



www.burmeseclassic.com

www.burmeseclassic.com



လေထုထဲ လွင့်ပျံလာသံက သံစဉ်ငြိမ့်ငြိမ့်ကလေးနှင့် English သီချင်းဖြစ်နေလေသည်။

'Saying 'I Love you'× × × Is not the words I want to hear from you× × × It's not that I want you× × × Not to say,× × × but if you only knew how easy× × × If would be to show me how you feel× × × .

More than words× × × Is all you have to do to make it real× × × Then you wouldn't have to say that you love me× × × Cause I'd already know× × ×

What would you do if my heart was torn in two?× × × More than words to show you feel × × × That you love for me is real× × × What would you say if I took those away?× × × Then you couldn't make things new× × × Just by saying × × × 'I love you× × × More than words× × ×

Now I've tried to talk to you× × × And make





you understand× × × All you have to do is close your eyes× × × And just reach out your hands × × × And touch me× × × Hold me close, don't ever let me go× × × More than words× × × Is all I ever needed you to show× × × Then you wouldn't have to say that you love me× × × Cause I'd already know× × ×

'More than words' တဲ့လား။ အဘယ်မျှ အဓိပ္ပာယ်နက်ရှိုင်းလိုက်တဲ့စကားလုံးတွေပါလဲ။ သူ့ကို သီချင်းနားထောင်တာကိုပဲ နှစ်ခြိုက်တဲ့လူလို့ မှုထင်ခဲ့ပေမယ့် အခုတော့ ဂစ်တာတီးပြီး သီချင်းဆိုသည့်ဝါသနာပါမှန်း မှုသိနေပါသည်။

ဘာလို့များ ဒီလိုအဓိပ္ပာယ်ရှိတဲ့သီချင်းမျိုးကို ခံစားချက်အပြည့်နဲ့များ ဆိုရတာပါလိမ့်။ ရှင် ဘာကိုဆိုလိုချင်တာပါလဲကိုရှင်းသန့်ရယ်။ ကားအတူစီးတုန်းက မှု့ကို တစ်ချက်တောင်မှကြည့်ခဲ့သလို စကားလည်းအများကြီးမပြောချင်သလိုမျိုး ဘာကြောင့်လုပ်ခဲ့တာပါလဲ။ မှုက မိန်းမသားပါ။ မိဘတွေ အုပ်ထိန်းမှုအတိုင်း တစ်သွေမတိမ်း နာခံနေရတဲ့သူပါလေ။

မှု့လိုပဲ ရှင့်မိဘတွေကရော ဒီမိသားစုနဲ့ မပေါင်းသင်းရ



www.burmeseclassic.com

www.burmeseclassic.com



ဘူးလို့ အမိန့်ပေးထားတာများလား။ ဒါကြောင့် ခပ်ကင်းကင်းနေရတာလား။ ဟင့်အင်း. . . မဟုတ်နိုင်ပါဘူး။ မှုံလိုအပ်တဲ့စာအုပ်ကိုတောင် ငှားပေးခဲ့တာပါလေ။

ဒါဖြင့် ရှင့်မိဘတွေကတော့ ဖေဖေ့လို ပင်လယ်ပြင်ကြီးလို၊ မဟာတံတိုင်းကြီးလို မှုံတို့ကြားမှာ စည်းခြားပြီး မကာန့်သတ်ဘူးပေါ့နော်။ ဒါပေမဲ့ပေါ့ရှင်ရယ်၊ နေရတာ မျက်နှာချင်းဆိုင် ရှိနေပေမယ့် မှုံတို့နှစ်ယောက်က တကယ့်ကိုအဝေးကြီးဆိုမှ အဝေးကြီးပါပဲ။

အရင်ဘဝ၊ အခုဘဝ၊ နောက်ဘဝဆိုပြီး ရှည်ရှည်ဝေးဝေး မျှော်လင့်လို့မရနိုင်အောင် မှုံတို့က ကမ္ဘာခြားပြီး မိုင်ပေါင်းကုဋေပါပဲ ကိုရှင်းသန့်ကြည်လင်ရယ်။



အခန်း (၁၂)

ခြံထဲမှ ကားမောင်းထွက်လိုက်စဉ် ရှေ့ခြံမှကားက ထွက်လာတာမို့ ခေါင်းချင်းဆိုင်ဖြစ်သွားရလေ၏။ ဘကြီးသော်က ကားကို အနည်းငယ်မျှ နောက်ဆုတ်ပေးလိုက်စဉ် မာစီးဒီးကား ဆီးညိုရောင်လေးထဲမှ မျက်နှာတစ်ခု ထွက်ကြည့်လိုက်လေသည်။

အလို! အင်မတန်မှ ကျက်သရေရှိလွန်းပြီး ချောမောလှပလွန်းတဲ့ အန်တီပါလားနော်။

ဒါ ဖေဖေ့နှလုံးသားကို ဘုတ်ခနဲပြုတ်ကျအောင် လုပ်နိုင်ခဲ့တဲ့ ဒေါက်တာဖြူဖြူလေးတဲ့လား။

"Thanks. . .နော်"



www.burmeseclassic.com

www.burmeseclassic.com



ဘာမှပြန်မပြောဖြစ်ကြ။ ကားသွားမလိုလုပ်ပြီး ယှဉ်လျက်သားဖြစ်သွားသည့် ဘေးတံခါးပြတင်းပေါက်မှ အန်တီက မှုံ့ကို ပြုံးပြပြန်လေ၏။ အလို! သိပ်ကိုဖော်ရွေလွန်းလှတဲ့အပြုံးတွေပါပဲလား။ ရင်ထဲအထိ အေးချမ်းသွားစေနိုင်တဲ့သဘောတွေ ပျော်ဝင်နေသည့်ရယ်ပါ။

"သမီးက မှုံ့နဲ့သာလား"

"ဟုတ်ကဲ့"

"အချောလေးပဲ၊ ဒါကြောင့် ကိုသန့်က ချီးမွမ်းနေတာကိုး။ သွားဦးမယ်နော် သမီးလေး"

ယောင်ယမ်းလျက် ခေါင်းကိုသာ ညိတ်ပြလိုက်မိလေ၏။ ဘုရားရေ! ပါရဂူဒေါက်တာမျိုးက မှုံ့လိုဆေးကျောင်းသူလေးကို တခုတ်တရ နှုတ်ဆက်သတဲ့။ အံ့ဩဖွယ်ကောင်းလေစွ။ နေပါဦး. . . မှုံ့ကိုချီးမွမ်းသတဲ့၊ ကိုသန့်ဆိုလား။ ဒါဖြင့် သူ့ကို သူ့မာမီက ကိုသန့်လို့ခေါ်တာပေါ့။ ကြည့်စမ်း! ဘယ်လောက်ခေါ်လို့ကောင်းလိုက်တဲ့အမည်လေးပါလဲ။

"တီ!"

နောက်ဘက်မှဟွန်းသံကြောင့် ဘကြီးက ကားကိုလမ်းဘေးကပ်မောင်းလိုက်ပေးပါ၏။ နောက်မှကျော်တက်လိုက်သည့်





ကားခဲရောင်လေးကြောင့် ရင်ထဲမှာ ဒိတ်ခနဲခုန်သွားရပါ၏။ ဒါက သူ့ကားမဟုတ်လား။

"ကားကောင်းသွားပြီလား ဦးလေး"

"အေးကွယ့်"

ဘကြီးကိုပင် ရွှေနှုတ်ဆက်ကာ သူ့ကားက ကျော်တက်သွားလေ၏။ ဟင်! ကျောင်းမှာတော့ မှုံ့ကိုစကားပြောပြီး ဘကြီးရှေ့မှာဆို မှုံ့ကိုမသိချင်ယောင်ဆောင် စကားမပြောပါလား။ ရှင်၊ ဘယ်လိုလူလဲ ကိုသန့်။ မျက်နှာနှစ်ဖက်နဲ့လူလားရှင်ရယ်။ အို! မှုံ့စိတ်ထဲမှာ သူ့ကိုဘယ်လိုများခေါ်လိုက်မိတာပါလိမ့်နော်။ ရှက်စရာကြီး။

မျက်နှာရဲခနဲဖြစ်သွားကာ ကိုယ့်ကိုယ်ကို ရှက်မိသွားရပါ၏။ အိုလေ၊ ဘယ်သူမှမသိအောင် ခေါ်တာမဟုတ်လား။ ဘာဖြစ်လဲ. . . ကိုသန့်. . . ကိုသန့်. . . ခေါ်လို့ကောင်းတယ်နော်။ နာမည်နဲ့လိုက်အောင် သူကိုက သန့်နေတာပါလေ။

"လာကြိုရမယ့်အချိန် Phone... ဆက်ခေါ်လိုက်နော် ကလေး"

"ဟင်! ဩော်. . . ဟုတ်ကဲ့ပါ အဘ"

အတွေးလွန်နေရင်းမှ ဘကြီးအသံကြောင့် လန့်သွားရ



www.burmeseclassic.com

www.burmeseclassic.com



ပါ၏။ ကျောင်းတောင် ရောက်နေပါပေါ့လား။ စိတ်နဲ့လူနဲ့ မကပ်ဘူးဆိုတာ ဒါမျိုးကိုခေါ်တာပဲဖြစ်မှာပါလေ။

ကားပေါ်မှဆင်းလိုက်စဉ် မှုံ့ဘေးမှ သူ့ကားက ကျော်တက်သွားပါ၏။ Canteen ထဲမှာ သူငယ်ချင်းတွေရှိမနေတာမို့ ကျောင်းခန်းထဲကပဲစောင့်ရန် လမ်းဆက်လျှောက်လာခဲ့သည်။

''မှုံ့နှင်းသာ''

ခြေလှမ်းက တုန့်ခနဲဖြစ်သွားရပါ၏။ သူ့ကားဘေးက ဖြတ်လျှောက်တုန်း လှမ်းခေါ်ရတယ်လို့။ စောစောကဖြင့် ဖာသိချင်ယောင်ဆောင်ခဲ့သေးတာလေ။ မကြားသလိုဟန်ဆောင်လျက် ရှေ့ကိုဆက်လျှောက်လိုက်မိစဉ် နံဘေးသို့ သူလိုက်လျှောက်လေ၏။ အို! ဘာသဘောပါလိမ့်နော်။

''မှုံ့နှင်းသာ''

လှည့်မကြည့်ဖြစ်။ သူက မှုံ့ကိုငုံ့ကြည့်ကာ ပြုံးလေ၏။ ဘာကြောင့်လဲ၊ မှုံ့က သူရယ်ချင်စရာ ဟာသရုပ်ပြောင်လေးမှ မဟုတ်တာလေ။

''ဟောဗျာ! ဒါက ကိုယ့်ကိုစိတ်ကောက်နေတာလား''

''ဘယ်မှာကောက်လို့လဲ''

''မင်းနှုတ်ခမ်းလေးက စူနေတာလေ''





''မစူပါဘူးနော်၊ ဘယ်မှာစူလို့လဲ''

''မှန်ထဲမှာကြည့်မှ မြင်မှာပေါ့ မှုံ့နှင်းသာရဲ့။ မဟုတ်ဘူးလား''

''မဟုတ်ပါဘူးဆို''

''ဘာလို့စိတ်ကောက်တာလဲ ပြောပါဦး''

''အို! မကောက်ပါဘူးလို့ပြောနေတာကို''

အခုမှ တကယ်ကောက်ချင်လာတာလေ။ အမှတ်မထင် ခြေဆောင့်လိုက်မိသလို ခြေလှမ်းရပ်လိုက်စဉ် သူက ဟက်ခနဲရယ်ချေပြီ။ အို! မှုံ့မျက်နှာ နွေးလိုက်တာနော်။

''ကိုယ်မပြောဘူးလား၊ မင်း ကိုယ့်ကိုစိတ်ကောက်နေပါတယ်လို့''

''မှုံ့က ဘာလို့ကောက်ရမှာလဲ''

''မပြောတတ်ဘူးလေ. . . မင်းဖေဖေက ကိုယ်နဲ့စကားမပြောရဘူးလို့ အမိန့်တွေထပ်ပြီးထုတ်ပေးလို့လား''

မျက်စောင်းက ဒိုင်းခနဲထိုးလိုက်မိပါ၏။ မဟုတ်သေးပါဘူး၊ ဘာကြောင့်များ မှုံ့က သူ့ကို ဒီလိုမျက်စောင်းထိုးမိတာပါလိမ့်။

''ပြောလေ''



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး"

"ဖိုးမြတ်ကိုရော"

"သူ့အကြောင်းမပြောချင်ပါဘူး"

"ဘာဖြစ်လို့လဲ"

"ကြည့်မရလို့ပေါ့"

သူ တဟားဟားရယ်ပြန်လေ၏။ မြတ်နိုးမောင်ကို မမုန်းပေမယ့် ဒီလိုလွှတ်ခနဲထွက်သွားမိတာမို့ သူက ဘာကြောင့်များ သဘောကျတာပါလိမ့်နော်။

"ဘာရယ်တာလဲ"

"ဖိုးမြတ်ကြားရင် ငိုလိမ့်မယ် မှုံနှံ့သာရဲ့။ မင်းကို သူ ဘယ်လောက်ချစ်နေသလဲဆိုတာ မင်းသိတယ်မဟုတ်လား"

"အို. . . မှုံက သူ့ကိုကြည့်လို့မရပါဘူးဆိုနေမှ"

"ဒါဖြင့် သူ့ကိုပြန်မချစ်နိုင်ဘူးပေါ့လေ၊ ဟုတ်လား"

"ဘာလို့ချစ်ရမှာလဲ၊ ညကပဲ ဖေဖေ့ကိုပြန်တိုင်လိုက်ပြီ။ သူ့ဆီကို ဖေဖေ Phone ခေါ်တာတောင် ကြားလိုက်သေး"

"အဟုတ်"

"အဟုတ်ပေါ့"

"ဒီကောင်တော့ ဘယ်လိုမျက်နှာနဲ့ ကျောင်းကိုလာမလဲ





မသိဘူး"

"တော်တော်ပျော်နေတယ်ပေါ့လေ"

လှေကားထစ်တွေကို တက်တာမို့ သူက မှုံ့ကို လက်ရန်းဘက်မှာထားပြီး သူက လှေကားထစ်အလယ်မှာပဲ လမ်းလျှောက်လေ၏။ မှုံတို့နောက်ဘက်မှ ဆေးကျောင်းသားအုပ်စုတွေက တစ်ယောက်နှင့်တစ်ယောက် စနောက်နေကြပြီး လှေကားပေါ်တက်ပြေးစဉ် သူ့ပခုံးကိုတိုက်လိုက်တာမို့ ယိုင်သွားသလို မှုံပါ လန့်သွားရလေသည်။

"အာ. . ."

"Sorry...ကိုရှင်းသန့်ရေ၊ သူငယ်ချင်းတွေ လိုက်ရိုက်နေလို့ပါဗျာ"

တစ်အုပ်စုလုံး ရယ်မောကာ ဆက်သွားကြသလို မှုံက သူလိမ့်ကျသွားမှာစိုးရိမ်ပြီး သူ့လက်မောင်းကို ဖျတ်ခနဲဆွဲကိုင်လိုက်မိတာမို့ မျက်နှာရဲသွားရလေ၏။ မရည်ရွယ်ပါဘဲ မှုံ ဘာကြောင့် သူ့ကိုဆွဲလိုက်မိတာပါလိမ့်နော်။

"Thanks...ပါ မှုံနှံ့သာ"

"ရပါတယ်"

"ဟိုလေ၊ မနေ့က ကိုယ်ငှားလိုက်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"မှူးဆီမှာ ပါပါတယ်၊ ကို့၊ အင်း. . . ကိုသန့်လို့ခေါ်ရင် စိတ်ဆိုးမလားဟင်"

"ဘာဖြစ်လဲ မှူးနှင့်သာရယ်၊ ရပါတယ်။ ကိုယ်က ပြန်မယူတော့ဘူးလို့ပြောမလို့ပါ။ ကိုယ့်ဆီမှာ အစုံရှိနေတာလေ"

"မဟုတ်တာ"

"အမှတ်တရပေါ့ မှူးနှင့်သာရယ်"

"ကျေးဇူးတင်ပါတယ် ကိုသန့်၊ မှူ့စာအုပ်တွေကို အိမ်ပြန်ရင် တစ်အုပ်ချင်းစစ်လို့ပါ"

"ဘယ်လို"

"ဟုတ်တယ်"

"ဘာလဲ၊ ရည်းစားစာပါမှာစိုးလို့ စစ်တာလားဟင်"

သူ့မျက်နှာက ပြုံးစိစိဖြစ်သွားသလို မှူ့မျက်နှာ နွေးသွားရလေ၏။ အဲဒီလိုပဲ ထင်တာပေါ့နော်။ အရွယ်ရောက်တဲ့ ကျောင်းသူလေးကတည်းက ဒီလိုစစ်ဆေးခဲ့တာမဟုတ်ပါလား။

"ဟင်းဟင်း. . ."

"ဘာရယ်တာလဲ"

"ဩော်. . . ခုထိ ဆယ်တန်းကျောင်းသူလို့ပဲ မင်းကို ထင်နေတုန်းပဲလို့ပေါ့ မှူးနှင့်သာရဲ့"





"မပြောချင်ပါဘူး"

"ဒါဖြင့် ရည်းစားခိုးထားဖို့ မရှိဘူးပေါ့လေ"

"အာ. . ."

"Sorry...sorry...ကိုယ် အမှတ်တမဲ့ပြောလိုက်မိတာပါ"

ရင်ခုန်သံ ဒိတ်ခနဲဖြစ်သွားတာ အမှန်ပါ။ ဘယ်လိုလဲ၊ ဖေဖေ အထူးသီးသန့်တားမြစ်ထားတဲ့အမိန့်ကြောင့်၊ ဘိုပေမယ့် သူနဲ့စကားပြောပေမယ့် မှူ့ဘာကြောင့် စိတ်လှုပ်ရှားမှုတွေချည်း ဖြစ်ဖြစ်နေရပါသလဲ။

"မင်းကိုစိတ်ဝင်စားမိတဲ့သူကတော့ အတော်လေးကို ဒုက္ခရောက်မှာ အသေအချာပဲ"

ရင်ထဲမှာ နွမ်းလျသွားရပါ၏။ ဒါဖြင့် မှူ့ကို သူစိတ်မဝင်စားဘူးပေါ့နော်။ အို! ရက်စရာကြီးပါလား။ မကိုင်မိစေနဲ့ဆိုတဲ့ မီးစကို လှမ်းကိုင်ချင်နေမိသည့် မှူ့ကိုယ်မှူ လိပ်ပြာမသန့်တော့ပါလေ။

"ကိုသန့်မိဘတွေကရော ဘာပြောလဲ"

"ဒက်ဒီနဲ့ မာမီက"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုမေးတာလဲ မှုံနှံ့သာ"

"မှုံနဲ့သူငယ်ချင်းမလုပ်ဖို့ မပြောဘူးလားလို့ပါ"

စကားလမ်းကြောင်းကို လွှဲပေးလိုက်ပါ၏။ မျက်နှာပျမှ ရ သက်သာရအောင်ပါလေ။ Class ထဲမှာ လူအနည်းအကျဉ်းရှိနေ တာမို့ သူက မှုံထိုင်လိုက်သည့်အတန်း (မှုံ့ခုံ့ဘေး)မှာပင် ဝင်ထိုင် လိုက်လေ၏။

"မပြောပါဘူး၊ ဒက်ဒီတို့က အေးဆေးပဲ"

"ကိုသန့်မာမီက သဘောကောင်းတယ်"

"အိုး. . .မာမိနဲ့ ဘယ်တုန်းက ဆုံဖူးလို့လဲ"

"ဒီမနက်ပဲ"

"ဘယ်လိုလဲ၊ ကိုယ့်မာမီ မချောဘူးလား"

ချောပ့ါရှင် ချောပ့ါ။ ချောလို့လည်း မှုံ့ဖေဖေ (တစ်ချိန် က) ပစ်ကျခဲ့ရတာပေ့ါ။ အခုတော့ အိမ်ထောင်ကိုယ်စီရှိနေကြ ပြီမို့ အနက်တီဖြူဖြူလေးကိုတွေ့ရင် ဖေဖေ့အတွက် ဒုတိယမွိုင်ခုန် သံတွေ အသစ်တစ်ဖန် ဖြစ်မလာနိုင်ဘူးလို့ ပြောနိုင်မလားလေ။

"အင်း"

"မာမီကတော့ မင်းကိုပိုချောတယ်လို့ပဲ ပြောမှာပါ မှုံ နှံ့သာ"





"အံ့မယ်!. . .မှုံတို့က ရှက်ကြမ်းရေကျိုပါနော်။ လူကို အခြောက်တိုက် လျှောက်မြှောက်မနေပါနဲ့၊ ကလေးမှမဟုတ်တာ"

"ကလေးမဟုတ်ဘူးဆိုတော့ လူကြီးပေ့ါလေ"

အို. . .စကားများပြန်ပါပေ့ါ။ သတိထားပေမယ့် ဘာလို့ ဒီလိုပြောမိတာပါလိမ့်။ သူက စကားအထအနကောက်ကာ မှုံ့ကို စချင်တာပါပဲလားနော်။

"ကိုယ့်မာမီပြောတဲ့အတိုင်း မကွယ်မဝှက်ပြောရမလား"

"ဘာကိုလဲ"

"မာမီတို့က မင်းဒက်ဒီလို သားသမီးကို အတင်းအကျပ် မချုပ်ချယ်ပါဘူး မှုံနှံ့သာရဲ့။ အမြဲတမ်း ကိုယ့်သဘောတဲ့"

ဘာသဘောပါလိမ့်။ တစ်ဦးတည်းသောသားကို အလို လိုက်တဲ့သဘောပေ့ါလေ။ မှုံနဲ့မှ တခြားစီပါပဲလားနော်။

"မှုံ. . ."

ကျစ်!. . . ရောက်လာချေပြီ။ မျက်နှာက မှိုရသလိုနှယ် ကျောက်ကျောမှိုတက်ရုပ်ဖြင့် မှုံတို့ရှေ့တန်းမှာ ဝင်ထိုင်ကာ ပြုံးနေ သည့် မြတ်နိုးမောင်က မှုံ့ရှေ့သို့ Pocket book လေးကို အသာ ချပေးလိုက်လေ၏။

"မှုံ့အတွက် ကိုယ်ဝယ်လာပေးတာ"



www.burmeseclassic.com

www.burmeseclassic.com

''ငါပေးပြီးပြီ ဖိုးမြတ်ရဲ့''

''ဘာကွ''

''ငါ့ဆီမှာ ပိုနေလို့ပါကွာ''

''သူ့စာအုပ်ပြန်ပေးလိုက်ပါ မှုံ၊ မယူနဲ့''

''သူငယ်ချင်းတွေပဲ ဖိုးမြတ်ရာ၊ ဘာဖြစ်လဲ''

''မှုံက ငါ့ရဲ့မှုံကွ''

ပိုင်စိုးပိုင်နင်းပြောလိုက်ပေမယ့် သူက မြတ်နိုးမောင်ကို ပြန်မချေပပါလေ။ အမြင်ကပ်လိုက်တာနော်။ ဖေဖေ Phone ဆက်ထားတာကိုတောင်မှ ဒင်း မကြောက်မလန့်နဲ့ပါလား။

''မှုံ့ဖေဖေခေါ်ထားလို့ မှုံတို့အိမ်ကို မနက်ဖြန် ကိုယ်လာခဲ့မယ်''



## အခန်း (၁၃)

''မေ. . . မြန်မြန်ဗျို့''

''ဘယ်လိုဖြစ်နေတာလဲ သားရယ်၊ သားဖေဖေတောင် အခုမှရေချိုးတုန်းကို''

''သွားချင်လှပြီ မေရ''

''ဟဲ့! ဟိုက မြေးကိုပဲခေါ်တာမဟုတ်ဘူးလား မောင်ရဲ့၊ သမီးတို့ပါ လိုက်ရအောင် စေ့စပ်ပွဲလည်းမဟုတ် ဘာမဟုတ်နဲ့''

''ဘာပဲဖြစ်ဖြစ် မေတို့လိုက်တော့ မောင် အားရှိသွားတာပေါ့ ဘွားရဲ့။ ဘွားအတွက် မြေးချွေးမလေးရဖို့ကိစ္စကို ဒီလောက်တော့ လောပေးမှပေါ့''



www.burmeseclassic.com

www.burmeseclassic.com



ဘွားထံမှ မျက်စောင်းထိုးလိုက်တာမို့ သူ ဇက်ပုသွားပါ၏။ ဦးခွန်ချိုသာက 'လာတွေ့ပါ'ဆိုတဲ့အမိန့်ကြောင့် တစ်ယောက်တည်းမသွားဘဲ တစ်မိသားစုလုံးသွားတော့ရော ဘာဖြစ်သေးလဲ၊ ဒါမှ မင်းမျက်လုံးလေးဝိုင်းပြီး အလန့်တကြားဖြစ်သွားမှာမဟုတ်လား မှုံ။ မောင့်ရွှေရုပ်လေးကို ရင်ခွင်ထဲမှာ ပိုင်ပိုင်ကြီးထွေးဖက်ထားချင်ပါရဲ့ မှုံရယ်။

"မ"

"ရှင်"

"ဟိုကောင် ဘာဝတ်ထားလဲ"

"ပုဆိုးနဲ့ ရှပ်အင်္ကျီပေါ့ မောင်ရဲ့"

"မဟုတ်ဘူး၊ Colour ကိုပြောတာ"

တွေ့လား. . . ပြုံးစရာမရှိ သားအဖချင်းကို ဦးမျိုးမင်းမင်းမောင် ပြုံးချင်နေတာလေ။ အပေါ်ထပ်မှ လှမ်းအော်နေတာမို့ မေမေက သက်ပြင်းကျိတ်ရှိုက်လျက် လှေကားမှတက်သွားရတော့၏။ ဖေဖေတို့က ဤသို့ဤနှယ်ပါလေ။

မောင်လည်း မေမေတို့လို အချစ်တွေထုံနေအောင် မှုံ့ကို အပိုင်စားချစ်ချင်တာ အမှန်ပါပဲ။ လောလောဆယ်တော့ ခဏလေးအောင့်ထားဦးမယ် မှုံ။ အခွင့်ရမှပဲ အတိုးနဲ့အရင်းပေါင်းပြီး





တအားကြီးချစ်ပါရစေတော့။

"ဟိုရောက်မှ ငါတို့ကိုမခေါ်ဘဲ မင်းကို တစ်ယောက်တည်းခေါ်ရင်တော့ အရှက်ကွဲမှာနော် မြတ်နိုးမောင်"

"ဖေဖေကလည်းဗျာ"

"ဘာဖေဖေကလည်းလဲ"

"အန်ကယ်ခွန်ချိုနဲ့ ရင်းနှီးတယ်ဆို"

"ဟ! လုပ်ငန်းကိစ္စပြောရတာ ဘာ Problem မှမရှိဘူးကွ။ အခုဟာက သူ့သမီးကိစ္စ၊ နဂိုကတည်းကမှ ကျွတ်ထဲထည့်ထားမတတ် ချစ်တဲ့သမီးကို လွယ်လွယ်နဲ့ပေးမယ်လို့တော့ တယ်မထင်ပေါင်။ ငါတို့အရှက်ကွဲလို့ကတော့ မင်းအသေပဲမှတ်"

"အို!. . . ကလေးကို ပေါက်တတ်ကရတွေ မောင်ရယ်၊ မပြောပါနဲ့"

"ပြောလိုက်ရင် ဒင်းရှေ့ ကာသီးကာသီးလုပ်မနေနဲ့ 'မ' ရှေ့။ နောက်မှ 'မ'နားရွက်ကို ဒင်းကိုက်မှ မငိုနဲ့"

"ဖေဖေကလည်း မေ့နားကိုကိုက်ရအောင် မောင်က ခွေးမှမဟုတ်တာ"

"ဟဲ့! ဩော်. . . သားကလည်းကွယ်၊ မြေးကို"

"မေ မသိပါဘူး၊ မေ့မြေးကို မေတို့အလိုလိုက်မဲ့တော့



www.burmeseclassic.com

www.burmeseclassic.com



ခက်ပါရဲ့''

''သွားပြီ ဘွားရေ့''

လူက မြောက်ကြွမြောက်ကြွဖြစ်ကာ မောင်းသူနေရာမှာ သူထိုင်လိုက်ပေမယ့် မေတို့က အိမ်ထဲမှ မထွက်သေးပါချေ။ ဒီအဖေကတော့ သူ့ကိုကြန့်ကြာအောင် ရစ်ချင်နေပြန်ပြီထင်ပါရဲ့။

''ဖေ့!''

''ဘာလဲကွာ၊ ဘယ်လိုဖြစ်နေတာလဲ။ အိမ်မြောင်အမြီးပြတ်လို့ ဖျတ်ဖျတ်လူးနေတာပဲ။ ဣန္ဒြေကိုမရဘူး''

''ဖေဖေက ပိုင်ရှင်ရှိပြီးသားကိုးဗျ''

''မနာလို မရှုစိမ့် မဖြစ်စမ်းပါနဲ့''

ညစ်ကျယ်ကျယ်ပြောပြီးမှ ကားပေါ်တက်လေ၏။ မှုံမည်သို့ရှိမည်နည်း။ သူလာမှာကို ကြိုသိထားလို့များ ရက်အားပိုနေမည်လား။ ဒါမှမဟုတ်ရင် မေတို့မမြင်သာတဲ့နေရာတစ်ခုခု နောက်ကွယ်ကနေပဲ အသာခိုးကြည့်နေမည်ထင်ပါရဲ့။

ကိုယ်လာပြီ မှုံ၊ မောင် လာနေပါပြီ။

''ညှော်ခန်းထဲ မလာနဲ့တဲ့''

''ဘာလို့လဲ မေမေ''

''သမီးဖေဖေ ညှော်သည်ဖိတ်ထားလို့''





''အိမ်ကို. . . ဟုတ်လား''

''ဟုတ်တယ်''

ထူးဆန်းလေစွ။ မြတ်နိုးမောင်ကို ဖေဖေ အပြင်မှာမချိန်းဘဲ ဘာကြောင့် အိမ်ခေါ်တွေ့ရပါသလဲ။ ဟိုနေ့က သူပြောတာကို မယုံမိတာ မှားပြီပေါ့။

''ဘယ်သူလာမလဲဆိုတာ သမီးသိလား မှုံ''

''သိတယ် မေမေ''

''ဘယ်သူလဲ''

''မြတ်နိုးမောင်လေ''

''ဘယ်လို''

မေမေက စိုးရိမ်ပူပန်ပုံဖြင့် ရင်ဘတ်ဖိလေ၏။ ဘုရားပန်း လဲနေတာကို အာရုံစိုက်နေရတာကြောင့် စိတ်ကိုမလွှင့်ရဲ၊ တော်ကြာ အသံမြည်ရင် မေမေပဲ အဆူခံရမှာလေ။ မေမေ့ကို ကူညီချင်တာမို့ အပေါ်ထပ်ဝရံတာမှာ ရေဇလုံ၊ ရေပုံးတို့ဖြင့် ကူပေးနေတာပင်။

''ဒုက္ခပဲ''

''ဘာဖြစ်လို့လဲ မေမေရဲ့''

''ပြဿနာတက်မှာစိုးလို့ပေါ့ သမီးရယ်. . . သမီးအဖေ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းလည်း သိရဲ့သားနဲ့''

''သူတောင် မကြောက်မရွံ့လာရဲသေးတာပဲ မေမေရယ်။ ကြိုပူမနေပါနဲ့''

''သမီးကို ကျောင်းမှာ သူနှောင့်ယှက်သေးလား''

''ဆေးကျောင်းသားပါ မေမေရယ်၊ ဒီခေတ်လမ်းပေါ်က ချာတိတ်တွေလို အတင်းအကျပ်ပြောတာမျိုး ဘယ်ရှိပါ့မလဲ''

မေမေက သက်ပြင်းကိုတိုက်ရှိုက်လိုက်လေ၏။ ခြံဝမှကားဟွန်းသံကြောင့် လှမ်းကြည့်လိုက်စဉ် သူ့ကားအဖြူလေးကို မြင်လိုက်ရလေသည်။ လာချေပြီပေါ့ မြတ်နိုးမောင်။

''ဟောတော်! အခုချိန်ကြီး ရောက်လာပြီ''

''သွားလိုက်ပါမေမေ၊ ဒါတွေ မှုံ့ဆက်လုပ်လိုက်ပါ့မယ်''

မေမေက လှေကားမှဆင်းသွားလေ၏။ ဘုရားပန်းအိုးတို့ကို စားပွဲခုံပေါ် စီတင်ထားသမျှ ပန်းတွေထိုးပြီးပြီမို့ တစ်အိုးချင်း 'မ'ကာ ဘုရားခန်းဆီ ဝင်ခဲ့ပါသည်။ အားလုံးပြင်ဆင်ပြီးမှ ရေသုံးထားသည့်နေရာကို သန့်ရှင်းနေမိစဉ် စိတ်ထဲတစ်မျိုးဖြစ်သွားတာမို့ ရှေ့ခြံကို ဖျတ်ခနဲကြည့်လိုက်မိလေ၏။

''ဟင်!''

ရှေ့ခြံရှိတိုက်ဝရံတာမှာ လက်ပိုက်လျက် ရပ်ကြည့်နေ





သည်က သူပါပင်။ ဘယ်လိုလဲ၊ မြတ်နိုးမောင် လာမည်ဆိုတာကို သိလို့ပဲ တမင်လှမ်းကြည့်နေတာများလား။ ခပ်ဝေးဝေးပဲမြင်ရတာမို့ ဘာကိုမှမတွေ့ရသော်ငြား သူက လက်တစ်ဖက်ထောင်ပြလျက် လှမ်းနှုတ်ဆက်ဟန်ပြုလေသည်။

''အို့ . .''

ရင်ထဲ လှိုက်ခနဲဖိုသွားရတာ အမှန်ပါလေ။ သူက မှုံ့ကိုမြတ်နိုးမောင်တို့လာလည်တာကို ချောင်းကြည့်နေတာများ သိချင်လို့လား။ ဒါကြောင့်ပဲ စောင့်ကြည့်နေတာဖြစ်မယ်ထင်ပါရဲ့။

''ဟော! ကိုမျိုးမင်းတို့ပါ ပါလာတာပါလား ဗျ''

''ဟုတ်တယ် ကိုခွန်ချိုသာရေ့ . . သားတော်မောင်က အတင်းခေါ်နေတာနဲ့ ဘာမှန်းညာမှန်းမသိ ထလိုက်လာရတာ''

မှုံ့မေမေက သူတို့မိသားစုကို ဧည့်ခန်းမှာ ထိုင်ရန် ကြိုဆိုတာမို့ ထိုင်လိုက်ကြရပါ၏။ ထင်သည့်အတိုင်းပါပဲ၊ သူ့လမင်းလေးကိုဖြင့် အရိပ်အယောင်တောင် မမြင်ရတာပါလေ။ ပုန်းနေတာများလား။ သို့တည်းမဟုတ် အန်ကယ်ခွန်သာကိုယ်တိုင်ကပဲ မှုံ့ကို ထွက်မလာနဲ့ဆိုပြီး အမိန့်ကြောင့်ပဲလား။

''သားလေ ကိုခွန်ချိုသာ၊ မြတ်နိုးမောင်တဲ့။ ဒါက ကျွန်တော့်ဇနီး ဇင်မမဇော်ပါ''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ သမီးရဲ့အမေ နှင်းမှုံမှုံပါ ကိုမျိုးမင်း"

ဒါပဲလား၊ သမီးဖြစ်သူကို ဥစ္စာခြောက်တယ်ဆိုတာကို အခုမှ လက်တွေ့ကျကျသိရတော့တာလေ။ ဇနီးဖြစ်သူက ဘာတစ်ခွန်းမှ မဟာရဲဘဲ မျက်လွှာချလျက် အရုပ်တစ်ရုပ်လို ထိုင်နေတာမို့ ဒီလူကြီးအမိန့်အာဏာ ဒီအိမ်မှာ အဘယ်မျှ အုပ်စိုးသလဲဆိုတာကို မြင်ရုံနှင့် ခန့်မှန်းသိစေနိုင်လေ၏။

"သားကိုခေါ်တဲ့အကြောင်းက ဘာများပါလဲခင်ဗျ"

"ဪ. . . ဒီလိုပါပဲ၊ သမီးနောက်ကို လူငယ်လေးတစ်ယောက် လိုက်ကပ်နေတယ်လို့ သတင်းထွက်နေတာနဲ့ ခေါ်တွေ့လိုက်တာပါ။ ဒီလိုမျိုး လူကြီးတွေပါလာတဲ့အထိ မကြီးကျယ်ပါဘူး ကိုမျိုးမင်းရယ်"

"သားက ဦးခွန်ချိုသာရဲ့သမီးလေးကို အပျော်သဘောမျိုးနဲ့ထားတာ မဟုတ်ရပါဘူးရှင်။ တကယ့်ကို စိတ်ရင်းနဲ့နှစ်သက်တာမျိုးပါ။ ကျွန်မက အသက်ပြောပြဖူးလို့ သမီးကိုကြည့်ရုံလေး ခွင့်ပြုလိုက်တာနဲ့ ဒီအခြေအနေထိ ဖြစ်ကုန်တာပါပဲ"

"ဟုတ်ပါတယ် ကိုခွန်ချိုသာရေ့၊ ဒါနဲ့ သမီးရော"

ဦးခွန်ချိုသာက အပြုံးမျက်နှာ ရှုံ့လိုက်ပြီး မျက်မှောင်ကြုတ်သွားလေ၏။ ထင်တော့ထင်သားပါပဲ၊ အရွယ်ရောက်နေ





သည့်သမီးကို သဝန်တိုနေတုန်းပဲလားနော်။ ဘယ်အချိန်ထိ သမီးကို ဝှက်သိမ်းထားဦးမှာပါလိမ့်။

"ခေါင်းမူးလို့ ဆေးသောက်ပြီး အိပ်နေတယ်ဗျ"

သူပြုံးလိုက်မိပါ၏။ တွေ့တယ်မဟုတ်လား။ ဦးခွန်ချိုသာရဲ့စိတ်ထားက အမြဲတမ်းမဖြူတာပါလေ။ ဖေဖေက အံ့သြတန်ဖြစ်သွားပေမယ့် မေမေကတော့ သူ့လိုခပ်ပြုံးပြုံးပါပဲ။

"အသက်က ဒီကိုလာလည်ရဲ့လား မနှင်းမှုံ"

"ရှင်"

"ဒီအိမ်က ဒေါက်တာအေးသက်ရဲ့အိမ်မှမဟုတ်တာဘဲ ဒေါက်တာရဲ့"

"ဪ. . . ဒါတော့ဒါပေါ့ ကိုခွန်ချိုသာရယ်။ ဒီတူမလေးတစ်ဦးတည်းရှိတာမဟုတ်လား"

"တူမဆိုတာ တူမပဲမဟုတ်လား ဒေါက်တာ၊ သမီးမှမဟုတ်ဘဲ။ သူ့သမီးနဲ့ဘာမှမတော်ဘဲ ကျွန်တော့်သမီးကို ဘယ်သူရဲ့သားနဲ့လိုက်ပြီး စေ့စပ်လို့ ဘယ်ရမှာလဲ။ မဟုတ်ဘူးလားဗျာ"

ကဲ! ပြောတယ်မဟုတ်လား၊ သူ့သမီးကို ဘယ်သူနဲ့မှ ပေးစားမှာမရှိဘူးလေ။ ဒီလောက် မိတ်ဆွေရဲ့သားကိုတောင်



www.burmeseclassic.com

www.burmeseclassic.com



မပေးစားချင်ရင် ဘယ်လိုလူငယ်နဲ့မျှား ပေးစားမှာပါလိမ့်။ ဒီလူကြီးကို လူ့ခွစာလို့ပြောကြတာ အခုမှ သူတို့လက်တွေ့သိရပြီလေ။

"ကျွန်တော့်သားက ခင်ဗျားရဲ့သမီးကို ချစ်နေတာပါ ကိုခွန်ချိုသာ"

"No! no!...ဒီစကားမျိုး ကျွန်တော့်ကိုမပြောပါနဲ့ ကိုမျိုးမင်းရယ်။ ကျွန်တော့်သမီးက အခုမှငယ်ငယ်လေးပဲ ရှိသေးတာဗျ"

"သမီးကညာ အခါမလင့်စေနဲ့ဆိုတဲ့စကားပုံ ရှိပါတယ်ရှင်။ ကျွန်မတို့က အခုချက်ချင်းပေးစားမှာမှမဟုတ်တာ"

"ဒါဖြင့် ဘာသဘောမျိုးလဲ"

"စိတ်ချလက်ချရှိရအောင် စေ့စပ်ထားချင်လို့ပေါ့ရှင်"

ခေါင်းခါလိုက်ပါရောလား။ ဘယ်လိုလူကြီးပါလိမ့်၊ ဘယ်လိုမှ လှည့်ပတ်ပြောလို့မရပါလေ။ တိမ်ဖုံးနေလို့များလား လကလေးရယ်။ ကျောင်းမှာ တစ်နေ့လုံးမြင်နေရပေမယ့် အိမ်နေရင်းမျက်နှာလေးကို ဖျတ်ခနဲတောင်မှ မမြင်ရပါလား။ တွေ့နိုင်ရဖို့က ဤမျှအထိ ခက်ခဲလှချည်လား မှုံ့ရယ်။

"မဖြစ်နိုင်ပါဘူး ဒေါက်တာ"

"ဘာဖြစ်လို့ပါလဲရှင်၊ ကျွန်မတို့သားက ဘာချို့ယွင်း





ချက်များ ရှိလို့ပါလဲ"

"မဟုတ်ပါဘူး၊ အဲဒီသဘောနဲ့ပြောတာမျိုးမဟုတ်ပါဘူး ဒေါက်တာ"

"ဒါဖြင့်"

"ဒီလိုစကားမျိုးကို ဒေါက်တာ့မှာ သားပျိုသမီးပျိုများ အကယ်၍ ရှိခဲ့ရင်ပေါ့။ ဒီစကားပြောရင် နှစ်သက်နိုင်ပါ့မလား"

မေမေ ပြုံးချေပြီ။ စကားကို ကပ်သပ်ပြောတဲ့နေရာမှာဖြင့် မိန်းမတွေနဲ့ယှဉ်ပြိုင်နေသလိုပါပဲလား။ မောင်တော့ ရင်မောနေရသလိုပါပဲ မှုံ့။ အလွှာချင်းတူပေမယ့် မောင့်ရင်ထဲမှာ လသာနိုင်ပါလေ။

"ကျွန်မကတော့ ကလေးရှေ့ရေးကို ဦးစားပေးပြီး စဉ်းစားပေးရမှာလို့ပဲ မြင်ပါတယ်"

"ဒါဆို ဒေါက်တာ အိမ်ထောင်ကျတုန်းက ဘယ်အရွယ်ရှိလို့လဲ"

"အခု သမီးအရွယ်လောက်ပဲ ရှိတာပါ ဦးခွန်ချိုသာ"

ဦးခွန်ချိုသာ မျက်နှာရှုံ့သွားလေ၏။ ဟိုက်! မေမေတို့ လက်ထပ်ခဲ့တုန်းက ဒီအရွယ်တဲ့လား။ သူဖြင့် တစ်ခါမှမမေးဖြစ်ခဲ့တာလေ။



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးတစ်ယောက် အိမ်ထောင်ပြုသင့်တဲ့အရွယ်ဆိုတာ (၂၅)နှစ်ထက် မကျော်သင့်ပါဘူး ကိုခွန်ချိုသာ။ သတ္တဝါတိုင်း အတောင်အလက်စုံရင် ပျံတတ်ကြစမြဲမို့ ရှင့်သမီးကို ရှင်တစ်သက်လုံး ကာကွယ်သိုဝှက်ထားလို့မရပါဘူး"

"ဘာဗျ! "

"ထားပါတော့လေ၊ လူငယ်ချင်း ညှိနိုင်မှပဲ ကျွန်မတို့ ထပ်ဆုံပါရစေ။ သွားကြစို့ မောင်၊ သားလည်း ထ၊ ကျွန်မတို့ပြန်လိုက်ပါဦးမယ် မနှင်းမှုံ"

"ဟုတ်ကဲ့ရှင့်"

မေမေခေါ်သည့်နောက် ပြန်လိုက်ခဲ့ရပေမယ့် သူ ရင်မှုလိုက်တာ မပြောပါနဲ့နော်။ ဘယ်နေရာကများ ကြည့်နေသလဲ မှုံရယ်။



## အခန်း (၁၄)

ဆင်ဝင်အောက်မှ ကားဖြူလေး မောင်းထွက်သွားတာကို မြင်လိုက်ရပါ၏။ ပြန်ပြီပေါ့။ ဖေဖေတော့ ဘာများပြောလိုက်တာပါလိမ့်။ စကားပြောချိန်က အချိန်မများပါလေ။ ပြဿနာများ ဖြစ်ကုန်ပြီလား။

"မှုံနှံသာ"

"ရှင်"

"လာစမ်း! "

အပေါ်ထပ်ညွှန်ခန်းဆီမှခေါ်သံကြောင့် လူက လန့်သွားသလို တစ်ကိုယ်လုံး တုန်သွားတာပါလေ၊ သိတယ် . . . သိတယ် ဒီလိုပဲဖြစ်မှာပါပဲ။ အဲဒီမြတ်နိုးမောင်ကတော့ မှုံတို့အိမ်ကို မီးဘ



www.burmeseclassic.com

www.burmeseclassic.com



ရှိတာပဲ ဖြစ်နေမှာကိုး။

"လာပါပြီ ဖေဖေ"

"အပြင်မှာ ဘာကိစ္စ ညှိုမြလုပ်နေတာလဲ၊ နင့်အကောင်ကို လူလုံးထွက်ပြနေတာပေါ့လေ။ ဟုတ်လား မွှန်သာ"

"ရှင်! မဟုတ်ရပါဘူးဖေဖေ၊ စောစောတုန်းက ဘုရားပန်းလဲရင်း ပွနေတာကို လှဲကျင်းနေတာပါ"

"တောက်! နင့်ယောက္ခမလောင်းက ငါ့ကိုတာပြောသွားတယ်ထင်သလဲ မွှန်သာရဲ့"

အမယ်လေးလေ၊ ယောက္ခမလောင်းတဲ့လား။ ဒါဖြင့် သူ့မိဘတွေပါ ပါလာတာကိုး။ ခြံရှေ့အိမ်က ကိုသန့်ကိုများ မြင်လိုက်လို့ ဖေဖေဆူတာများလားလို့လေ။ တော်ပါသေးရဲ့၊ မြတ်နိုးမောင်ကြောင့် ဆူခံရတာကိုး။

"မွှန်က ဘာဖြစ်လို့ပါလဲဖေဖေ"

"နင့်ကြောင့်ပေါ့၊ နင်အနေအထိုင်မတတ်လို့ အခုလို သမီးတောင်းခံရတာလေ"

ဒုက္ခပါပဲ၊ ဒီကျောင်းတက်ပါဆိုလို့ မွှန် ဆေးကျောင်းတက်ခဲ့ရတာမဟုတ်လား။ အခုတစ်ခါ ကျောင်းတက်တာကိုမကြိုက်သလိုဖြစ်ပြန်ပြီလား။ စိတ်ရှုပ်လိုက်တာနော်။ ဖေဖေ့စိတ်တိုင်းကျ





ဖြစ်ရလေအောင် မွှန်ဘယ်လိုများနေရမှာပါလိမ့်။

"မွှန် ဘာလုပ်မိလို့လဲ"

"အဲဒီကောင်နဲ့ ဘယ်အခြေအနေအထိ ရောက်နေပြီလဲ။ မှန်မှန်ပြောစမ်း"

". . ."

"မေးနေရင် ဖြေလေ"

"သူငယ်ချင်းတွေပါ ဖေဖေရယ်"

"ဘာသူငယ်ချင်းလဲ၊ သူငယ်ချင်းဆိုရင် အခုလို အိမ်တိုင်ရာရောက် လာတောင်းတဲ့အဆင့်ထိ ဖြစ်မလား မွှန်သာရဲ့"

တွေ့လား. . . ဖေဖေပဲ သူ့ကို အိမ်လာတွေ့လို့ခေါ်ပြီး ခုကျ မွှန့်ကိုသာ အပြစ်ပုံချနေပြန်ချေပြီ။ စိတ်နဲ့ငါနဲ့ ညစ်လိုက်တာနော်။

"သူပြောတော့ ဖေဖေခေါ်လို့ဆို"

"အံမာ! အတိုင်အဖောက်က ညီတယ်ပေါ့။ တယ်လေ ငါ နားရင်းအုပ်ထည့်လိုက်ရ မကောင်းဘူး။ နင်ကျောင်းထွက်ချင်နေပြီလား"

"ဖေဖေထွက်ခိုင်းရင်လည်း ထွက်ရမှာပေါ့"

"ဘာ!"



www.burmeseclassic.com

www.burmeseclassic.com



''ဟဲ့! ဘာဖြစ်နေပြန်ပြီလဲ''

''ဒီမှာ မေမေ့မြေး ပြန်ခံပက်နေတာ ကြည့်ပါလား''

''တိုးတိုးသာသာပြောပါလား သားရယ်''

''လူကဖြင့် လက်တောင့်လောက် ရှိသေးတယ်၊ အခုကတည်းက ဖအေကို ပြန်ခံပက်တတ်နေပြီ၊ နင့်ခြေထောက်ပေါ်မှာ နင်ရပ်နိုင်ပြီမို့လို့လား မှုန့်သာ။ ပြောစမ်း! ''

ပါးပြင်ထက် မျက်ရည်က စီးကျသွားလေ၏။ ပြောပါဖေဖေ၊ ဒီနေ့ဒီအရွယ်အထိ မှုံရော မေမေပါ ဖေဖေပြောသမျှ ခေါင်းငုံ့နာခံနေခဲ့စမြဲပါ။ ဒါတောင်မှ ဖေဖေ့စိတ်တိုင်းမကျဘူးဆိုရင် မှုံတို့သားအမိ ဘယ်လိုနေပြရပါ့မလဲ။

''သားကလည်းကွယ်''

''မေမေ ကာဆီးကာဆီးမလုပ်နဲ့ဗျ။ ဒင်းမှာ ရည်းစားရှိတာနဲ့ ဒီအချိုးမျိုး ချိုးပြနေတာ''

''မှုံ. . . မှုံ. . . ရည်းစားမရှိပါဘူး ဖေဖေ''

''မဟုတ်ဘဲနဲ့ နင့်အကောင်က ဒီလိုရဲရဲတင်းတင်းပြောပါမလား''

''ဟယ်! အဲဒီကောင်လေးကို သားပဲ အိမ်မှာလာတွေ့ဆို''





ဟုတ်တယ်။ ဘွားဝင်ပြောမှပဲ ဘယ်သူက စမှားသလဲဆိုတာ ဖေဖေသဘောပေါက်တော့မှာလေ။ မှုံကတော့ စီးကျနေသည့်မျက်ရည်တို့ကို ကျိတ်သုတ်နေမိသည်။

''ဒင်းက မိဘတွေပါ ခေါ်လာတာဗျ''

''သြော်. . . အိမ်လာဆိုမှတော့ တစ်မျိုးထင်ပြီး မိဘတွေပါ ခေါ်လာတော့မှာပေါ့သားရယ်။ မြေးက မဟုတ်ပါဘူးလို့ ပြောနေတယ်မဟုတ်လား။ ပြီးရောပေါ့''

''မပြီးဘူး''

''မပြီးရင် ဘာပြောဦးမလို့လဲ''

''မေမေ့မြေးက ကျောင်းထွက်မယ်တဲ့လေ''

''ဟုတ်လား မြေး''

ခေါင်းကို ဆတ်ခနဲညိတ်ပြလိုက်ပါ၏။ ခေတ်လူငယ်ပါဖေဖေ။ ဖေဖေ့သမီးမို့ စိတ်မြန်လက်မြန်ရှိပါတယ်။ အခု ဖြူ အခု မည်းဆိုပြီး အမျိုးမျိုးပြောင်းချင်နေရင် မှုံကျောင်းဆက်တက်နေလို့လည်း ဘာထူးမှာလဲ။ အိမ်ထဲမှာပဲ အောင်းပြီး ဖေဖေနေစေချင်သလို နေတာပဲ ကောင်းမှာပါလေ။

''ဘာဖြစ်လို့လဲ၊ စာမလိုက်နိုင်လို့လား မြေး၊ ဟုတ်လား''

''ဟင့်အင်း''



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဘာကြောင့်လဲ"

"ဖေဖေဖြစ်စေချင်သလိုပဲ နေဖို့ပါ"

"ဘယ်လို"

"ဘွားသိပါတယ်၊ မှုံ့ကို စာဒီလိုကျက် ဒီကျောင်းကို တက်ဆိုပြီး အမိန့်ပေးခဲ့လို့ မှုံ့ ဖေဖေ့စိတ်တိုင်းကျ တက်ခဲ့တာပဲ။ ရည်းစားမထားရဘူးဆိုလို့လည်း မှုံ့ မထားခဲ့ပါဘူး။ ယယ်ယယ် ကတည်းကလို မှုံ့လွယ်အိတ်နဲ့ စာအုပ်တွေကို ဘွားကိုယ်တိုင် စစ်ပေးနေတာပဲ။ ကျောင်းမှာ အတန်းမပျက်နိုင်အောင် အမြဲ Phone ဆက်မေးနေတာပါ။ မှုံ့ပြန်ဖြေတိုင်း ကြယ်ပြာနဲ့ ခွာဝါပါ အမြဲကူပြောပေးနေကြတာပါပဲ။ ဒါနဲ့တောင်မှ မှုံ့ကို ဒီလိုစွပ်စွဲ ပြောနေဦးမယ်ဆိုရင် ဒီကျောင်းကိုဆက်တက်နေလို့ရော ဘာထူး တော့မှာလဲ ဘွားရယ်"

"မှုံ့နှံ့သာ"

'မေမေ့လိုပဲ အိမ်တွင်းအောင်းဘဝနဲ့ တစ်သက်လုံးနေ ပေးသွားပါ့မယ်ဖေဖေ၊ ဒါဆိုရင် ဖေဖေ့စိတ်တိုင်းကျဖြစ်မှာပါ'

အသံတို့ တိတ်သွားကြလေ၏။ အပြင်မှာ အော်ဟစ် ငိုရှိုက်ချင်ပေမယ့် မှုံ့အသံမထွက်နိုင်ပါချေ။ ရင်ထဲမှာ ကျိတ်ငိုနေ တာမို့ ရင်ဘတ်အောင့်ပေမယ့် ဝေဒနာကို မျိုသိပ်လိုက်ပါသည်။





နှလုံးရောဂါသည်ဆိုရင်တော့ ဒီနေရာမှာပဲ သတိလစ်ကာ ဒီကမ္ဘာကြီးကို လက်ပြ ကျောခိုင်းထွက်တော့မှာ အမှန်ပါပဲ။

"ငါ့ကိုရွဲ့ပြောနေတာပေါ့လေ၊ ငါ့မျက်နှာကိုကြည့်စမ်းပါ၊ နင့်ကိုချစ်လွန်းလို့ ဒီသမီးလေးတစ်ယောက်တည်း ရှိတာမို့ မဖြစ်သင့်တာမဖြစ်ရအောင် ချွန်းအုပ်ထိန်းချုပ်နေတာကို အချုပ်ထဲထည့်ထားသလိုများ ထင်နေလား"

". . ."

"ပြောလေ၊ နင့်ကိုဖိနှိပ်ချုပ်ချယ်ထားတယ်လို့များ ယူဆထားလား မှုံ့နှံ့သာ. . . ပြော"

ပခုံးနှစ်ဖက်ကို ကိုင်လှုပ်လျက် မေးနေပြီမို့ မှုံ့ခန္ဓာကိုယ် ပါးပါးလေး ယိမ်းထိုးသွားရလေ၏။ မထူးပါဘူးဖေဖေ၊ လှောင်အိမ်ထဲမှာ အလှထားတဲ့ငှက်ကလေးနဲ့ မှုံ့က ဘဝတူတွေပဲမဟုတ်လား။

"ဖေဖေသဘောအတိုင်းပါ"

"ဘာ! "

"မှုံ့က ဘာများပြောလို့ရမလဲဖေဖေ၊ ဘာများ ပြောခွင့်ရှိလို့လဲ။ ဖေဖေ့အတွက် မှုံ့နဲ့မေမေက ဖေဖေပိုင်ဆိုင်တဲ့အရုပ်တွေပါ"



www.burmeseclassic.com

www.burmeseclassic.com



"မှုံ. . ."

"မှုံတို့သားအမိ စိတ်ပျော်ရွှင်ဖို့ထက် ဖေဖေသာပျော်ဖို့ အဓိကကျပါတယ်"

"သမီးလေး. . . မြေး, မှုံ"

"ဒီဘဝကြီးထဲမှာ လူဖြစ်ပေမယ့်. . ."

မျက်ရည်ကျနေတာမို့ အသက်ရှူတစ်ချက်ရှိုက်လိုက်ပြီး သက်ပြင်းချလိုက်မိပါ၏။ ကဲ! ပြောမိပြီမို့ မထူးတော့ပါဘူး။ မေမေ့ခံစားချက်ကိုပါ မှုံအသိဆုံးဖြစ်တာကြောင့် နှစ်ဦးစလုံးအတွက် မှုံကသာ ပြောရတာပါလေ။

"မှုံ. . . သမီး"

"မပျော်ပိုက်ခဲ့တာ အနှစ်နှစ်ဆယ်ကျော်ခဲ့ပါပြီဖေဖေ"

"သမီးရယ်"

ဖေဖေက မှုံ့ကို ရင်ခွင်ထဲပိုက်ထွေး ဖက်လိုက်ပါ၏။ အပြာရောင်ရှပ်အင်္ကျီဝတ်ထားသည့်ဖေဖေ့ရင်ဘတ်မှာ မှုံရဲ့မျက်ရည်တွေ ရွှဲရွှဲစိုသွားလေသည်။ အခုမှသိတာလား။ မှုံနဲ့မေမေတို့ ဖေဖေ့ကွယ်ရာမှာ ငိုကျွေးမိခဲ့တဲ့မျက်ရည်တွေက ဒီ့ထက်မက မြောက်များစွာ ရှိခဲ့တာပါလေ။

"ဖေဖေ့ကိုခွင့်လွှတ်ပါ၊ နားလည်ပေးပါ သမီးရယ်"





". . ."

"ကိုယ် နှစ်နှစ်ကာကာ မြတ်မြတ်နိုးနိုး ချစ်ခဲ့ပါလျက် ကိုယ့်ကိုမငဲ့ညှာခဲ့တဲ့မိန်းမတစ်ယောက်ကြောင့် မေတ္တာဆိုတဲ့အရာကို အယုံအကြည်မရှိခဲ့သလို ဘယ်သူ့စိမ်းကိုမှ မယုံရဲတော့တာ အမှန်ပါ။ ဒါကြောင့်လည်း သမီးကို ဖေဖေ့လိုအဖြစ်မျိုးကြုံမှာစိုးပြီး မျက်စိအောက်က အပျောက်မခံနိုင်အောင်ကို စောင့်ကြည့်နေခဲ့မိတာလေ"

"ဒါတွေအားလုံးက သမီးကို ဖေဖေအချစ်ဆုံးပါ မှုံရယ်၊ သမီးက ဖေဖေ့ရဲ့နှလုံးသားပါ၊ ဖေဖေ့ရဲ့အသက်ဘူးလေးပါ သမီးရယ်၊ သမီးအပေါ်ထားရှိတဲ့ ဖေဖေ့ရဲ့ချစ်ခြင်းတွေကိုတော့ အပြစ်မမြင်လိုက်ပါနဲ့။ သမီးကိုချစ်လွန်လွန်းလို့ပါ မှုံ"

ဖေဖေက မှုံ့ကို အိပ်ရာထက် လှဲစေလျက် အခန်းတံခါးကို စေ့ပေးသွားလေ၏။ တစ်နေ့လုံးငိုထားတာမို့ မျက်နှာတစ်ခုလုံး ရောင်နေသလို ခေါင်းတွေကိုက်လိုက်တာ မပြောပါနဲ့နော်။

"မမ. . ."

"ဟင်. . . ဘာလဲရွှေရွှေ"

"ဘွားဘွားကြီးက ညနေစာထမင်းမစားချင်ရင် ဘာစားချင်သလဲတဲ့"



www.burmeseclassic.com

www.burmeseclassic.com



''နေပါစေ ရွှေရွှေ၊ မုံ့ဆာမှပဲ ကော်ဖီနဲ့မုန့်ပဲဖြစ်ဖြစ် စားလိုက်မယ်။ စိတ်မပူနဲ့လို့ ပြောလိုက်ပါနော်''

''ဟုတ်ကဲ့''

ရွှေရွှေပြန်ထွက်သွားတော့၏။ ဘယ်နှနာရီရှိပြီမှန်းမသိဘဲ ညနေစောင်းမှာ မေ့ခနဲအိပ်ပျော်သွားပါ၏။ မှိုးနိုးလာတော့ ညမှောင်နေလေပြီ။ အိပ်ရေးဝသွားတာမို့ ခေါင်းက အတော်လေးကြည်လင်ပါရဲ့။ ဩော်, ကြည်လင်ဆိုတာ ကိုသန့်ရဲ့ဒက်ဒီ့နာမည်လေ။ ကိုသန့်ရဲ့နာမည်က ရှင်းသန့်ကြည်လင်ပင်မဟုတ်လား။

သတိရခိုက်မှာပင် နှုတ်ခမ်းဖျားမှအပြုံးက ဖြစ်တည်လေ၏။ မိုးည၏ကောင်းကင်က မှောင်နေသလို လေက စိုစွတ်နေသလိုပါပင်။ အခန်းတွင်းမှထွက်ကာ ဝရံတာမှာ ခဏမျှရပ်နေမိသည်။ ရှေ့ခြံထဲမှာ လင်းနေသော်ငြား အိမ်ကမှောင်နေပြီမို့ သူတို့ အိပ်နေပြီထင်ပါရဲ့။

''ဟော! ''

ဂစ်တာသံသဲ့သဲ့ကို ကြားလိုက်ရတာမို့ နားစွင့်လိုက်မိလေ၏။ ဒါဖြင့် သူမအိပ်သေးဘူးပေါ့လေ။

**'နောက်လှည့်အကြည့်တစ်ချက် ဆိုသာရုံလေး ညို့မျက်ဝန်းရှင်ရယ် × × × မင်းပေးသွားတဲ့ရင်ဝေဒနာလည်း စက္ကူနံ့ရွှေ အမျှ**





ဝါပဲ× × × ကလေးငယ်လို လိုလားမှုများစွာနဲ့ရယ်× × × တောင်းခံသူကို× × ×

အချစ်တစ်ခြမ်းပဲဖြစ်ဖြစ် စေတနာသဒ္ဒါသလောက် မျှခဲ့ပါ × × × အချစ်လမ်းတစ်ဝက်ဖြစ်ဖြစ် ကြင်နာနိုင်သလောက် ရွှေလှမ်းပါ× × ×"အချစ်ပန်းတစ်ဝက်ဖြစ်ဖြစ် တွယ်တာနိုင်သလောက် စွန့်ခဲ့ပါ× × ×

နားနဲ့မနာ ဖဝါးနဲ့မနာ× × × နှလုံးသားနဲ့ နာတော်မူပါ × × × ပြောခဲ့ပါ× × × ယာခဲ့ပါ× × × အချစ်တရားတစ်ပုဒ် နာလိုသူမှာ× × × အတွေးများစွာ× × × ပေးထားတာ× × × အရှုံးအမြတ်အတွက် မရေရာသူမှာ× × ×

နေလောင်ပန်းတို့ရဲ့ငိုရှိုက်သံနဲ့အတူ× × × ရော်ဝါရွက်တို့ရဲ့ညိုးငယ်စိတ်နဲ့အတူ× × × မြေဇာမြက်တို့ရဲ့သိမ်ငယ်မှုနဲ့ထပ်တူ × × × တစ်ပြည်ကွာအနမ်းတို့ရဲ့ အဝေးစွာခြင်းနဲ့အတူ× × ×

ဒီလူမှာသာ× × × ဆုံးရှုံးနေမှာပဲလေ× × × ဆုံးကာရှုံးကာသာ နေမှာပဲလေ× × × ဆုံးရှုံးနေမှာပဲလေ× × × အမြဲအစဉ်ရှုံးကာသာ နေမှာပဲလေ× × × အမြဲရှုံးနေမှာပဲလေ× × × အချစ်ရေ× × ×

အသည်းခွင်းမြားချက် ရင်လယ်ဗဟို၌ စူးစိုက်ခဲ့ပါပြီကွယ်



www.burmeseclassic.com

www.burmeseclassic.com



× × × အဖြူးဝင့်တစ်ချက်က ရင်ကိုတစ်ပါတည်း သိမ်းပိုက်သွားပြီ ဝဲ× × × စိတ်အစဥ်ရယ်× × × တစ်ပါတည်းနဲ့လိုက်ပါသွားတယ် × × × ညို့ပိုင်သူရေ× × ×

အရှင့်ဝခုံးထက်မှ အပြာရောင်လွယ်အိတ်ကလေး ဖြစ်ပါရစေ× × × အရှင့်ဖဝါးနအောက်မှ ကတ္တီပါဖိနပ်ကလေးဖြစ်ပါရစေ × × × အရှင့်ဦးထိပ်ထက်မှ ငွေရောင်ဆံညှပ်ကလေးဖြစ်ပါရစေ× ×

အရှင်ပိုင်ဆိုင်ရာ× × × အသည်းယာစ်ပလ္လင်တော်ထက်မှာ× × × မနေ့မမြန်စတေးခံကာ နေမှာပဲလေ× × × အသည်းယာစ်ပလ္လင်တော်ထက်မှာ ဆုံးကာရှုံးကာသာ နေမှာပဲလေ× × × ဆုံးရှုံး နေမှာပဲလေ× × × အချစ်ရေ× × × '

ညလေညင်းတွေကို တိုက်ခတ်သည့်ကြားမှာ မှုံပြုံးလိုက်မိပါ၏။ ကျေးဇူးတင်ပါတယ်ရှင်ရယ်၊ တစ်နေ့လုံးကြွေကျခဲ့ရတဲ့ မျက်ရည်တို့ကို တေးသီချော့ပေးလို့ပါပဲ။ ကျေးဇူး ကိုသန့်။





## ကျောက်ဖြစ်ရုပ်ကြွင်း

အမှတ်တရတွေကို သိမ်းဆည်းရင်း
အမှတ်တမဲ့ နင်ထွက်သွားတယ်...
ငါ့အဖြူရောင်နှလုံးသားမှာ
နာနာကျင်ကျင်ခံစားရတာက
အချစ်တဲ့လား....
နင့်အချစ်ကြောင့်
ငါရခဲ့တာက....မျက်ရည်
လိုချင်မက်မောတဲ့ပျော်ရွှင်မှုမှာ
အလွမ်းတွေ ရောထွေးမပါစေချင်ဘူး....
ရင်တစ်ခုလုံး အေးမြသွားရအောင်
ချစ်လွန်လွန်းသတဲ့လား....
ဟင့်အင်း!
နင့်အချစ်ကြောင့်
အေးစက်စက် ငါ့ရင်ခွင်က
နွေးထွေးခွင့်ရခဲ့တာပါ....
နုတ်မဆက်ဘဲ ထွက်ခွာသွားသူကို
တားမြစ်ခွင့်တွေမရှိခဲ့ဘူး....



www.burmeseclassic.com

www.burmeseclassic.com



ဟန်ဆောင်အပြုံးတွေ စီခြယ်ထားတဲ့
ငါ့နှလုံးသားမှာ
ဒဏ်ရာတွေ ဗလပွနဲ့
ကြေမွအက်ကွဲလို့
စာနာမယ့်သူလည်း မရှိခဲ့ဘူး....
နင်ချန်ထားခဲ့တဲ့နေရာမှာ
အသံမဲ့ငိုရှိုက်မှုတွေနဲ့
ငါ့နှလုံးသား....ကျောက်ဖြစ်ခဲ့ပြီလေ....



## အခန်း (၁၅)

ခြံထဲမှ ကားထွက်လိုက်စဉ် ခြံရှေ့မှ ကားခဲရောင် ထွက်လာတာမို့ ကားရပ်လိုက်လေ၏။ လှပ်ပြန်ပြီ၊ အခုတလောမှာ မှုံနဲ့သူက ဘာလို့များ အမြဲတမ်းဆုံတွေ့ရပြန်တာပါလိမ့်နော်။

"တီ!"

"ဦးလေး"

"ဟေ"

"မှုံနဲ့သာကို ကျွန်တော့်ကားနဲ့ခေါ်သွားပါရစေဗျာ"

"ဟာ! သူဌေးသိရင် ဦးလေးကို အလုပ်ထွက်ခိုင်းမှာ မောင်ရင်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဪ. . . ဦးလေးကလည်း မြို့ထဲမှာ ဆီထည့်ပြီး လက်ဖက်ရည်ဆိုင်ထိုင်ပြီးမှပြန်ရင် ပြီးရောပေါ့ဗျ"

"မဖြစ်ပါဘူး လူလေးရာ"

"ကူညီပါ ဦးလေးရယ်၊ မှုံနှံ့သာနဲ့ကျွန်တော် ကျောင်းမှာ ဆုံရင် ဖိုးမြတ်က အမြဲတမ်းပြဿနာရှာလို့ပါ။ စကားတောင် မပြောရဘူး"

ဘကြီးသော်က မှုံ့ကိုလှမ်းကြည့်လိုက်လေ၏။ အိမ်မှာ အသံတွေမပြည်တာ ကြာပြီမို့ ဘကြီးက မှုံ့ကို ဘာမှမမေးတော့ ပါလေ။ ဖေဖေကိုယ်တိုင် ခုတလော ဆူဆူပူပူမလုပ်ဘဲ အေးအေး ချမ်းချမ်းရှိနေတာကြာပြီပဲ။ သတိထားဖို့ကတော့ မြတ်နိုးမောင် အကြောင်းကို လုံးဝမပြောမိစေဖို့ပါလေ။

"သမီးဘာဖြစ်ချင်လဲ"

"ဖေဖေဆူနေပါဦးမယ် အဘရယ်"

"သမီးက မလိုက်ချင်ဘူးတဲ့"

ဘကြီးက လှမ်းပြောလိုက်ပေမယ့် သူက ဂရုမထား သလို မှုံတို့ကားရှေ့မှာ သူ့ကားကိုပိတ်ရပ်လိုက်လေ၏။ လုပ်ပြန် ပြီ၊ ဘယ်လိုတွေ သူလုပ်ဦးမလို့ပါလဲ။

"ကျေးဇူးပြု၍ ဒီတစ်ရက်ပဲ ခွင့်ပေးစေချင်ပါတယ် ဦး





လေးရယ်။ နောက်ကို ဒီလိုမျိုးခွင့်မတောင်းစေရဘူး။ Please! မှုံနှံ့သာ"

"ကိုသန့်ရယ်၊ ဖေဖေ့အကြောင်းလည်း သိရဲ့သားနဲ့"

"သိလို့ အခုကတည်းက ခေါ်တာပေါ့ မှုံနှံ့သာရယ်။ ဖိုးမြတ်တို့လာတာကို မေးချင်လို့ပါ"

"အဲဒါကျောင်းရောက်ရင် မေးပေါ့လို့"

"အဲဒီကောင်ရှိနေတုန်း မင်းနဲ့ကိုယ် ဘယ်နှခါများ စကား ပြောလို့ရသလဲ"

"ကျစ်!. . ."

သူက မှုံရှိနေသည့်ကားတံခါးပေါက်အနီးမှာ ပေကပ် ရပ်နေတာပါလေ။ မှုံမှ ကားပေါ်ကမဆင်းရင် သူ့ကားကို ရွှေ့ ပေးမှာမဟုတ်သလိုပါပဲလား။ ဖွဲ့ရှိတဲ့နေရာမှာတော့ ဒီယောကျ်ား လေးနှစ်ယောက်က တူကိုတူလွန်းပါရဲ့။

"ဘကြီး"

'ဟေ. . . ဘာလဲသမီးလေး"

"ဟိုတစ်ခါတုန်းကလိုပဲ သူ့ကားနဲ့ မှုံလိုက်သွားတာကို ဖေဖေမသိပါစေနဲ့နော်"

"အေးပါကွယ့် သမီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com

"ကျေးဇူးပါပဲ ဦးလေး"

သူက ကားတံခါးကို အပြင်မှဖွင့်ပေးလိုက်လေ၏။ မှုံတို့ ကားက ပါဂျဲရိုးမို့ မြင့်သလို အတက်အဆင်းသတိထားရပါသည်။ သူခေါ်နေတာကို စိတ်ထင့်နေရသလိုဖြစ်နေတာမို့ ကားပေါ်မှ ဆင်းလိုက်စဉ် ခြေဖျားထောက်လိုက်ရာ လူက ယိုင်သွားရလေ၏။

"အ!"

"ဘာဖြစ်သွားလဲ"

"ဟင့်အင်း"

"နာသွားလား မှုံနဲ့သာ"

"ရတယ်"

ဇစ်ခနဲနာသွားပေမယ့် သတိမထားမိဘဲ သူ့ကားရှေ့ခန်း ပေါ် တက်လိုက်ပါ၏။ သူက ကားစက်နှိုးကာ ညင်ညင်သာသာ လေး မောင်းထွက်လိုက်လေသည်။

"ဖိုးမြတ်တို့ ဘာလာလုပ်ကြတာလဲ"

မြင်လိုက်တာပေါ့လေ ကားထဲကနေ လူဘယ်နှယောက် ဆင်းလာသလဲဆိုတာကို တိုက်ဝရံတာပေါ်မှ သူတွေ့တာထင် ရဲ့။ အဲဒီနေ့က တစ်နေ့လုံး ထိုနေရာမှာ သူရှိနေခဲ့တာပါလေ





"ဖေဖေခေါ်လို့ လာကြတာပါ"

"အမေးနဲ့အဖြေ တစ်ခြားစီဖြစ်နေတယ် မထင်ဘူးလား"

"ရှင်"

သူက မှုံ့ကိုလှမ်းကြည့်ကာ ပြုံးလေ၏။ ဟုတ်သားပဲ၊ ဘာလာလုပ်တယ်ဆိုတာကိုမဖြေဘဲ မှုံ့အဖြေက တစ်လွဲစီကိုး။ ဘယ်လိုဖြေရမှာလဲ။ သူတို့ဘာပြောသွားသလဲဆိုတာကို မှုံ သေ သေချာချာမသိပေမယ့် မှုံနဲ့ဖေဖေ ပြဿနာဖြစ်တာမို့ မှုံသိတာ ပါလေ။

"မှုံမှမသိတာ"

"ညာပြောတာလား မှုံနဲ့သာ"

"ဟင်"

"အဲဒီညနေမှာ မင်း ခြံထဲလမ်းမလျှောက်ခဲ့ဘူး။ နောက် တစ်နေ့ညနေ မင်းခြံထဲဆင်းတော့ မျက်နှာတစ်ခုလုံး မို့အစ်နေ တာ ကိုယ်မြင်ခဲ့ရလို့ အခုလိုမေးနေတာပါ"

မှုံနှုတ်ခမ်းလေး ဟသွားရပါ၏။ အလို! သူက မှုံငိုထား တဲ့မျက်နှာကို သူမြင်တာတဲ့လေ။ အို. . . ရှက်စရာပါပဲလား။ မှုံ နှစ်ရှေ့ရှေ့ တစ်ညနေလုံး ခြံထဲမှာ လမ်းလျှောက်လိုက် ပန်းခြံအနီး မှာ ထိုင်လိုက်လုပ်နေတာကို သူဘယ်လိုတွေ့ခဲ့တာပါလဲ။

www.burmeseclassic.com



"တစ်နေရာမှာ ဝင်ကြရအောင်"

"ဟင်! ကျောင်းသွားရမှာလေ"

"သွားရမှာပါ မှုံနှံ့သာရဲ့၊ ကျောင်းက ဘယ်ကိုမှထွက်မပြေးပါဘူး။ မိနစ်နှစ်ဆယ်လောက်လေး ကော်ဖီသောက်ဖို့ကိုတောင် အချိန်မပေးနိုင်ဘူးလား"

ဘာမှပြန်မဖြေဖြစ်။ ကော်ဖီဆိုင်တစ်ခုရှေ့မှာ သူကားရပ်လိုက်တာမို့ သက်ပြင်းကျိတ်ရှိုက်လိုက်မိလေ၏။ သူဖွင့်ပေးလိုက်သည့်တံခါးမှဆင်းစဉ် မျက်နှာလေး ရှုံ့သွားပါသည်။ ခြေထောက်က အခုမှ တကယ်ရောင်နေပါရောလား။

"ကြည့်စမ်း! ကိုယ်မေးတုန်းကတော့ ဘာမှမဖြစ်ဘူးဆို"

"ရပါတယ်"

'ဘာရပါတယ်လဲ၊ မဖြစ်ဘူး . . . လာ၊ ကော်ဖီဆိုင်ထဲခဏထိုင်ဦး"

သူက မှုံ့လက်မောင်းကိုကိုင်၍ ဆိုင်ထဲခေါ်ကာ တံခါးအနီးခုံမှာ ထိုင်ခိုင်းလေ၏။ အနီးသို့ရောက်လာသည့် စားပွဲထိုးလေးကို ကော်ဖီနှင့်မုန့်မှာလိုက်ပြီး ဆိုင်ပြင်သို့ပြန်ထွက်သွားပြန်သည်။ ဘယ်ကိုသွားပြန်တာလဲ။

ခြေထောက်ကို ငုံ့ကြည့်လိုက်မိစဉ် ခြေမျက်စိနေရာမှာ





နီရဲရောင်ရမ်းနေလေ၏။ ဟောတော်! ခဏလေးမျက်သွားတာနဲ့ ဒီလိုဖြစ်သွားတာပါလား။ ဘယ်ဘက်ပေါင်ကို အသာထိန်းကိုင်ရင်း ဆိုင်တွင်းသို့ မျက်စိဝေ့ဝဲကြည့်လိုက်မိ၏။ မနက်ခုနစ်နာရီကျော်ကျော်သာရှိသေးတာမို့ အနည်းငယ်လူရှင်းပေမယ့် လူလေးငါးဆယ်ယောက်တော့ ရှိမည်ပင်။

ခဏအကြာမှာ Plastic အိတ်ကိုင်လျက် သူရောက်လာလေ၏။ စားပွဲပေါ်သို့ ထိုအိတ်ကိုတင်လိုက်ပြီး သူထုတ်လိုက်တာက တောင်ဆိတ်ဆီဆေးပုလင်းနှင့် ပတ်တီးလိပ်ဖြစ်နေပါသည်။ ပြီးနောက် မှုံ့အနီး သံမံတလင်းမှာပင် သူထိုင်ချလိုက်လေ၏။

"ဒီဘက်ကို နည်းနည်းလှည့် မှုံနှံ့သာ"

"အင်း"

"ကိုယ့်ဒူးပေါ်ကို ခြေထောက်တင်လိုက်"

"ဟယ်! ဘယ်ဖြစ်မှာလဲ"

"ဆေးမြန်မြန်လူးပြီး ပတ်တီးစည်းထားမှဖြစ်မှာပေါ့ မှုံနှံ့သာ။ ကြာရင် ပိုဆိုးသွားလိမ့်မယ်"

"မလုပ်ပါနဲ့ ကိုသန့်ရယ်၊ ကျောင်းရောက်မှပဲ မှုံ့ဘာသာလူးပါ့မယ်"

သူက မှုံ့ကိုတစ်ချက်ကြည့်လိုက်ပြီး မပြောမဆိုတဲ့ ငုံနေ



www.burmeseclassic.com

www.burmeseclassic.com



သည့်ခြေထောက်ကို ဆွဲယူတင်လိုက်လေ၏။

"အို!. . . ကိုသန့်"

"ငြိမ်ငြိမ်နေ"

မှုံ့မျက်နှာ ဖြန်းခနဲ ရဲရဲနီသွားရပါ၏။ ဆိုင်ထဲမှာ လူတွေ ရှိနေပါလျက် သူ တကယ်သတိမထားမိလေသလား။ Style Pants အနက်ပေါ်သို့ မှုံ့ခြေထောက်တင်ကာ ဆေးလူးလျက် အသာခပ်ဖွဖွနှိပ်နေပါ၏။ ခြေထောက်အနာကိုသာ သူအာရုံစိုက် နေလေသည်။

မျက်လွှာချထားသည့်သူ့မျက်နှာကို မှုံ့ အသာလေးခိုး ကြည့်နေမိ၏။ နဖူးပြေပြေထက်မှာ ဆံပင်အနည်းငယ်မျှ ဖုံးနေပုံ ကိုက သူ့မျက်နှာသွယ်သွယ်ကို တစ်မျိုးကြည့်ကောင်းစေသလို ပင်။ မျက်ခုံးကြီးတွေက အပြားထူပြီး စိမ်းသလိုမျိုး နက်မှောင် နေတာပါလား။ အသားဖြူတာမို့ ဆံပင်က ပိုပြီးနက်နေသလို ဖြစ်စေ၏။ နှာတံကလည်း ယောကျ်ားလေးဖြစ်ပြီး ဤမျှလှရ သလား။ ပိရိသေသပ်တဲ့နှုတ်ခမ်းကို ကြည့်မိစဉ် အကြည့်ကိုလွှဲ လိုက်ရပါသည်။

ရင်ခုန်သံတွေ ဒိန်းခနဲမြည်တာမို့ အသက်အောင့်လိုက် မိပါ၏။ အို. . . မှုံ့ရင်ခုန်သံကိုများ သူကြားသွားမှာ စိုးမိတာ





အမှန်ပါပဲ။ ကိုသန့်ရယ်၊ မှုံ့ရင်ထဲမှာ အချစ်ဆိုတဲ့အရာ ရှိနေပြီ ထင်ပါရဲ့။ ကိုသန့်ကို မှုံ့တစ်ဖက်သတ်ချစ်နေတာ သိတော့မလား။

ညတိုင်းမှာ ကိုသန့်သီချင်းဆိုခဲ့တာမို့ မှုံ့ကိုများ ချစ်မိ လို့လားဆိုတဲ့အတွေးတွေကြောင့် အိပ်ပျက်ညတွေ များနေပြီလေ။

"ဟောဗျာ! ဘာတွေ ဒီလောက်စဉ်းစားနေတာလဲ မှုံ့ နှံ့သာရဲ့"

"ဟင်. . . ဘာလဲ ကိုသန့်"

"ကိုယ် လက်သွားဆေးမလို့ပြောနေတာလေ။ ကော်ဖီ သောက်နှင့်နော်"

ခေါင်းညိတ်ပြလိုက်စဉ် သူက ကော်ဖီဆိုင်နောက်ဖေး ခန်းကို လှည့်သွားသလို အနီးဝန်းကျင်စားပွဲများမှ လူတစ်ချို့၏ အကြည့်တို့က မှုံ့ထံမှာ စုဝေးနေကြလေ၏။ ဟုတ်သားပဲလေ၊ ယောကျ်ားတစ်ယောက်ရဲ့ ခြေထောက်နှိပ်၊ ဆေးလိမ်း၊ ပတ်တီး စည်းပေးတာကို မြင်သလို မှုံ့လိုမိန်းကလေးကို ဘာညာဘာညာ များ ထင်နေပြီလား။

ရှေ့မှာရှိသည့်ကော်ဖီခွက်ကို မော့ချရန်ပြင်လိုက်စဉ် မှုံ့ လက်ဖျံကို ကိုင်လိုက်တာက သူပါပဲလေ။

"ပူမယ် မှုံ့နှံ့သာ၊ မှုတ်ပြီးမှသောက်"



www.burmeseclassic.com

www.burmeseclassic.com



"အားနာလိုက်တာ ကိုသန့်ရယ်၊ မှုံတော့ ငဲကြီးတော့မှာပဲ"

"ဩော်. . . သူငယ်ချင်းတွေပဲဟာ၊ ဆေးကျောင်းသားပေမယ့် ဒီလောက်တော့ပြုစုတတ်မှပေါ့။ မဟုတ်ဘူးလား"

ကြည့်စမ်း! သူငယ်ချင်းတဲ့။ သူငယ်ချင်းတဲ့လားကွယ်။ မှုံကဖြင့် မှုံ့အပေါ်မှာ သူသံယောဇဉ်တွယ်တာနေပြီလားလို့ ထင်မိနေတာပါလေ။ ရက်ဖို့ကောင်းပါဘိ။ မိန်းကလေးတန်မဲ့ ဣန္ဒြေမဲ့တဲ့အတွေးမျိုး မှုံမို့ တွေးမိရတယ်လို့။

"ဘာလို့ ငိုရတာလဲ"

"ဟင်! မှုံ ဘယ်မှာငိုလို့လဲ"

"ဟိုနေ့က ငိုတာကိုပြောနေတာ"

"ဩော်. . . ဖေဖေဆူလို့ပါ"

"ဘာဖြစ်လို့ ဆူတာလဲ"

မေးပြန်ပြီ။ ဒီဘူတာကိုပဲ ဆိုက်လာအောင် စပ်စုနေတာမို့ နှုတ်ခမ်းစူချင်လာပြီလေ။

"ဟိုတစ်ယောက် သူ့မိဘတွေကိုပါ ခေါ်လာရာက စဆူတာပဲ"

"ဖိုးမြတ်က ဘာတဲ့လဲ"





"ဟင့်အင်း"

"ဘာမှမပြောဘူးလို့တော့ မညာသင့်ဘူးနော်"

ကြည့်! လူကိုများ ညာတတ်တယ်ထင်နေ။ ခြေထောက်နာတာထက် ရင်ဘတ်ထဲမှာ အောင့်တောင့်တောင့်ဖြစ်လာသလိုနှယ်။

"ဟိုလေ၊ အန်တီဇင်က ပြောသွားတာတဲ့"

"ဘာတဲ့လဲ"

"မှုံနဲ့. . ."

အောက်နှုတ်ခမ်းကို အသာကိုက်လိုက်ပါ၏။ မပြောရဲပါဘူး။ ဘာပြောသွားမှန်းတောင်မှ သေချာမသိပါဘဲ နားရှက်စရာစကားမျိုး မှုံဘယ်လိုပြောဝံ့ပါ့မလဲ။

"အင်း. . . မှုံနဲ့သာ့အဖေက ဘာပြန်ပြောလိုက်သလဲ"

"သိဘူး. . . ဒေါသတွေပွပြီး မှုံ့ကို လာဆူတာပဲ သိတော့တယ်"

"ဖိုးမြတ်တို့ကို မင်း ညွှန်မခံဖြစ်လိုက်ဘူးမဟုတ်လား"

"မှုံ့ကို အိမ်ပေါ်ကနေတောင် ဆင်းမလာခိုင်းတဲ့ဟာ။ အန်ကယ်နဲ့အန်တီ ဖြူသလားမည်းသလားတောင်မှ မှုံမသိလိုက်ရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းသဘောကရော"

"ဟင်. . . ဘာကိုလဲ"

"ဖိုးမြတ်အပေါ် ဘယ်လိုသဘောထားလဲလို့လေ"

တဆိတ်! ရှင်လွန်ပြီနော်။ လူကို ဆေးကုပေးတာနဲ့ ကော်ဖီတိုက်တာကို ကျေးဇူးတင်ပေမယ့် ဒီလိုမျိုး Personal ကိစ္စထိ လိုက်အစ်တာတော့ မှုံစိတ်ကောက်ချင်ပါရဲ့။

"မှုံ့ကိုယ်ရေးကိုယ်တာကို ကိုသန့် သိစရာလိုလို့လား"

"Sorry!...ကိုယ် Foul သွားတယ် မှုံနှံ့သာ။ ပြီးရင် သွားရအောင်။ ကျောင်းမှာ မင်းနဲ့အတူထိုင်ရင်တော့ စိတ်မဆိုးလောက်ဘူးမဟုတ်လား"

ကဲ! ကြယ်ပြာနဲ့ခွာဝါက ကိစ္စမရှိ။ ဟိုတစ်ယောက်နဲ့ မငြိရင် တော်သေးတယ် ကိုသန့်ရေ့။



## အခန်း (၁၆)

"ဟဲ့! မှုံ"

"ဟင်"

"ဒါက ဘာလုပ်တာလဲ"

"မှုံ ဘာလုပ်လို့လဲ ခွာဝါရဲ့"

ဘေးမှာ တီးတိုးကျိတ်မေးနေသည့်ခွာဝါက မှုံ့ဘေးခုံမှာထိုင်ပြီး စာဖတ်နေသည့်သူ့ကို မေးငေါ့ပြလိုက်လေ၏။ သူပါ ရှိနေရင် မှုံတို့ထိုင်ခုံက ကျပ်တော့မှာလေ။

"သူ့ဘာသာသူ လာထိုင်တာ မှုံက ဘာပြောလို့ရမှာလဲ"

"ရှေ့ခုံကိုရွှေ့ထိုင်ပေါ့ မရွှေ့ချောရဲ့။ တကတည်းမှ"



www.burmeseclassic.com

www.burmeseclassic.com



"မှုန်နဲ့သာက ဟိုရွှေ့ဒီရွှေ့လုပ်လို့မရဘူးနော်"

သူက မှုတို့တီးတိုးပြောနေတာကို ကြားတာပါပဲလား။ ဘေးကိုငဲ့မကြည့်ဘဲ ပြောလိုက်တာမို့ ခွာဝါတို့ အံ့သြသွားလေ၏။

"ဘာဖြစ်လို့ ရွှေ့မရတာလဲ"

"သူ့ခြေထောက်နာနေတယ်၊ လှုပ်လှုပ်ရှားရှားသိပ်လုပ်လို့မရဘူး"

"ဟင်! မှုခြေထောက်နာနေတာကို ရှင်ဘယ်လိုလုပ် သိသလဲ"

"ခွာဝါ"

"ကိုယ့်ကားနဲ့ တင်ခေါ်လာလို့ပေါ့"

"ဘယ်လို"

မှုက သူငယ်ချင်းလက်ဖျားကိုဆွဲ၍ သတိပေးနေပေမယ့် စိတ်မြန်လက်မြန်ခွာဝါကတော့ သိရိုလိုပါလေ။

"မှုက ရှင့်ကားနဲ့လိုက်တယ်"

"ဟုတ်တယ်၊ ဘာဖြစ်လဲ"

"မှု့အိမ်ကသိရင် ပြဿနာဖြစ်မှာ ရှင်မသိဘူးလား"

"မသိအောင်လုပ်ရတာပေါ့၊ ခွာဝါတို့သာ မှုန်နဲ့သာ့အိမ်ကို ပြန်မတိုင်ရင် No Problem! "





"အိုး . . . သတ္တိတွေ သိပ်ရှိနေတာပါပဲလား"

ခွာဝါတို့က မှုတို့ဘေးမှာ ဝင်ထိုင်လိုက်ကြပြီမို့ လူပြည့်ချေပြီ။ ဒါဖြင့် သိရှိလာရင်တော့ မြတ်နိုးမောင်နဲ့အတူထိုင်ရတော့မှာပေါ့။ ဘယ်လို ဂဏှာဂျောင်ကျမယ်မသိပေမယ့် လောလောဆယ်တော့ မှု့ဘေးခုံကို ဦးသူက ထိုင်နေပြီလေ။

"မှု"

"ဟင်"

"နင်တို့နှစ်ယောက်က ဘာလဲ"

"ဘာကိုမေးတာလဲ"

ခွာဝါဆိုလိုတာကို နားလည်သော်ငြား မသိယောင်ဆောင်လိုက်မိ၏။ ဒီလိုမေးခွန်းတွေကို မှုမဖြေချင်ပါလေ။ ဘယ်လိုလဲ၊ သူနဲ့မှုကို အနီးဆုံးထိုင်နေတာကို မကျေနပ်ဘူးလား။ မိဘတွေအမိန့်ပေးခဲ့တာ ကန့်ကွက်သလိုမျိုး သူငယ်ချင်းတွေအကုန်လုံးလိုက်ပြီး ခွဲခြားနေဦးမှာပဲလားနော်။

"နင်နော်၊ သိရှိသိရင် ငါတို့လည်း မတတ်နိုင်ဘူး"

"ဟုတ်တယ်"

"ဘာလို့လဲ"

"ကြည့်! သိရဲ့သားနဲ့ မေးပြန်ပြီ"



www.burmeseclassic.com

"ဘာဖြစ်လို့လဲ၊ သီရိက မှုံ့အိမ်ကို တိုင်မှာစိုးလို့လား"

"အဲဒါလည်း ပါတယ်"

"အဲဒါလည်းပါတယ်ဆိုတော့ နောက်တစ်ခု ရှိသေးတာပေါ့"

နှစ်ယောက်သား မျက်နှာရှုံ့သွားကြလေ၏။ ခြေထောက်မှာ လူးပေးထားသည့်ဆေးမှ ပူတူတူ ရှိန်းတိန်းတိန်းခံစားမှုမျိုးကို ရင်ထဲမှာဖြစ်နေသလို သူငယ်ချင်းတွေနှင့် ဤသို့ပြောနေတာမို့ မှုံ့ ပျော်နေတာအမှန်ပါလေ။

"ဘာလဲ၊ သီရိက သူ့ကိုစိတ်ဝင်စားနေလို့လား"

"ဘာရယ်"

အသံတိုးပြီး ကျိတ်မေးလိုက်သော်ငြား မျက်လုံးပြူးဖြင့် အော်သံက အတော်ကျယ်သွားပါ၏။ သူက ကြားသွားပုံဖြင့် ဟက်ခနဲတစ်ချက်ရယ်ချလိုက်လေသည်။ သေစမ်း! မှုံ့တို့က အနားကပ်ရှိနေပြီး သူ့ကိစ္စကို ဆွေးနွေးနေသလိုဖြစ်နေတာကိုး။

"ဟာ. . . ဘယ်လိုဖြစ်ပြီး ကားကို မလွှတ်မလပ် ရပ်လိုက်တာလဲ"

ကျောင်းဝင်းထဲ ကားရပ်ထားတာကို ပြန်ထွက်ရင် တိုက်မိတော့မှာမဟုတ်လား။ ငါမိခေတ်ကတော့ သူ့ကိုပြဿနာရှာနေ





ပြီလေ။

"ရသလောက် ရပ်လိုက်တာပဲလေ မောင်ရာ၊ ဒီလောက်ကားတွေများနေတာ အေးဆေးပေါ့"

ကြည့်စမ်း! စကားရောဖောရောနဲ့ သူ့ကိုများ မောင်တဲ့၊ ပိုင်စိုးပိုင်နင်းနဲ့ပါလား။ ဒီခေါ်သံကို တစ်ဦးတည်းသာရှိတဲ့ မှုံ့နှုတ်ဖျားကသာ ထွက်တာကို သူမျှော်လင့်ထားတာလေ။ အခုဖြင့် ဒီကလေးမက မရှက်မကြောက်ခေါ်ဝံ့တယ်လို့။

"နေစမ်းပါဦး၊ နင်က ဘာကိစ္စနဲ့ ငါ့ကို မောင်လို့ခေါ်ရဟာလဲ မိခေတ်ရဲ့"

"နင်ပဲ မှုံ့နဲ့စကားပြောရင် တမောင်မောင်နဲ့ ရွှတ်နေပြီးတော့။ အဲဒီလိုအခေါ်ခံချင်တာမဟုတ်ဘူးလား"

"အဲဒါ မှုံ့နဲ့ပဲ ငါပြောတာလေ။ နင်နဲ့ဘာဆိုင်လို့လဲ မိခေတ်ရဲ့"

"သူငယ်ချင်းတွေပဲလေ မောင်ရာ၊ မဆိုင်ဘူးလား"

"မဆိုင်ဘူး"

သူက မကျေမနပ်ဖြင့် သူမကိုလှည့်မကြည့်ဘဲ ခပ်သုတ်သုတ်လျှောက်သွားတာကို အသည်းယားပြီး အနောက်မှ အမြန်လျှောက်လိုက်ပြီး သူ့လက်မောင်းကို ဆွဲလိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



''ကျစ်! ဟာ. . . ဘာလုပ်ပြန်ပြီလဲ''

''ပြောစရာရှိလို့ပါ မောင်ရဲ့''

''ပြောစရာရှိရင် ပါးစပ်ကပဲပြော၊ လက်မပါနဲ့''

''လက်ပါတော့ ဘာဖြစ်လဲ''

''ငါပဲ့တာပေါ့ဟာ၊ တော်ကြာ မှုံအထင်လွဲရင် သေရော''

''ဟာဟ! သူ့မှုံကဖြင့် သူ့ကိုစိတ်မဝင်စားဘဲနဲ့များ''

''လောလောဆယ်စိတ်မဝင်စားတော့ ဘာဖြစ်သေးလဲ၊ ယောက်ျားတို့ဖွဲ့ သေမှလျှော့စမြဲတဲ့။ ကြိုးစားရမှာပေါ့''

''စားစား. . . နင်စားဖို့ ကြိုးတွေ မြန်မာပြည်မှာ အများကြီးရှိသေးတယ်။ သံမဏိကြိုးတွေ သံကြိုးတွေ သွပ်နန်းကြိုးတွေ အုန်းဆံကြိုးတွေအားလုံးကုန်ရင် Colour စုံ အပ်ချည်ကြိုးတွေ ရှိသေးတယ် မောင်''

သူတော်တော်တင်းသွားရပါ၏။ ဒီချာတိတ်မတော့ ဒီနေ့ မဟုတ်ပါဘူး။ ဆေးသောက်မှားလာတာပဲ ထင်ပါရဲ့။ လူကိုလိုက်စနေတာကိုး။

''နင်နော်၊ နင့်ကိုပါ ငါစားမိတော့မယ်။ သတိထား''

''စားလေ၊ ခေါင်းက စားမှာလား၊ ခြေထောက်က စားမှာလား. . . ပြော''





''တောက်! ''

''နေဦး၊ ငါပြောဦးမယ်''

''မပြောနဲ့''

''နေပါဦးမောင်ရာ၊ ဒီနေ့ Lab လုပ်ရမှာမဟုတ်လား''

''သိရင်ပြီးရောပေါ့''

''ငါ ကပ်ကြေးမပါလာလို့ပါ မောင်ရာ၊ ငါ့ကိုခဏငှားနော်။ နင့်မှာ နှစ်ခုရှိတယ်မဟုတ်လား''

ငါနော်၊ ဒီကောင်မလေး သူ့မှာ ပစ္စည်းအပိုရှိတာကို ဘယ်လိုများ သိနေတာပါလိမ့်။ ရှင်းသန့်က မှုံ့ကို ပစ္စည်းငှားတာ သူမနှစ်သက်တာမို့ သူ့ဆီမှာ မှုံ့အတွက်ငှားဖို့ အချိန်မရွေးယူနိုင်မယ့်ပစ္စည်းကို သူစုဆောင်းထားတာလေ။

''မငှားနိုင်ဘူး''

''ကြည့်! စိတ်ပုပ်ပြန်ပြီ''

''နင့်သူငယ်ချင်းတွေ ဒီလောက်များတာ သူတို့ဆီက ငှားပေါ့။ ရှုပ်ရှုပ်ယှက်ယှက်''

''သူတို့ဆီက မငှားချင်လို့ပေါ့ဟဲ့''

အခန်းဝသို့ရောက်လာသည့် မြတ်နိုးမောင်နဲ့ သီရိကို တွေ့ရပါ၏။ အမယ်! မိသီရိတော့ သူနဲ့ဖက်လှဲတကင်းပြောဆို



www.burmeseclassic.com

www.burmeseclassic.com



နေတာပါလား။ အတန်းထဲကို လှမ်းမကြည့်ပါဘဲ ကိုယ့်စကားကို သာ အာရုံစိုက်နေကြပုံပါလေ။

"မရဘူးဆို မရဘူး၊ ဟာ! ဒါက ဘာသဘောလဲကွ"

"ဘာဖြစ်လို့လဲ"

ထောင့်ဆုံးနေရာမှာ ထိုင်နေသည့်ရှင်းသန့်ကြောင့် သူ အံ့ဩသွားရတာလေ။ ဘာသဘောလဲ။ ဟိုဘက်မှုံ့ဘေးမှာ မိန်းကလေးနှစ်ဦးရှိနေပြီမို့ သူက တစ်ခုံသပ်သပ်ထိုင်ရတော့မှာကိုး။ သူ့ဘေးမှာ ခေတ်သမီးပါ ထိုင်တော့မှာမို့ ခက်တာပါပဲ။

"မင်းက ဘာကိစ္စနဲ့ မှုံ့ဘေးမှာ ထိုင်နေရတာလဲ"

"ထိုင်ချင်လို့ ထိုင်တာပေါ့ကွ၊ ဘာဖြစ်လဲ"

"မထိုင်ရဘူးကွာ"

"ဟာ. . . ဗလိုင်းကြီးပါလား၊ ကျောင်းခန်းထဲက ဘယ်ခုံမှာထိုင်ထိုင် ရတာပဲကို"

"မင်း ငါနဲ့ပဲထိုင်"

"မင်းနဲ့ခေတ်သီရိ အတူထိုင်ပေါ့ကွ၊ သူငယ်ချင်းတွေပဲဟာ။ တစ်ရက်တလေ ဘာဖြစ်လဲ"

"ရှင်းသန့်"

သူတို့နှစ်ယောက် အချီအချစကားတွတ်ထိုးနေစဉ် ခေတ်





သီရိက မှုံတို့ရှေ့တန်းမှာ ဝင်ထိုင်လိုက်လေ၏။ ဘယ်လိုဖြစ်ပြီး ဒီနေ့မှ ဤလူငယ်နှစ်ဦး ခုံလုထိုင်ချင်နေရပါလိမ့်နော်။

"ဘာလဲကွာ၊ ပြဿနာမရှိ ပြဿနာရှာမနေစမ်းပါနဲ့။ ဆရာလာတော့မယ်"

"မင်းနော်မင်း၊ ဒါတမင်သက်သက် ညစ်တာပဲ"

'ငါက ဘာညစ်လို့လဲ"

"မှုံနဲ့ငါ ဘယ်လိုပတ်သက်သလဲဆိုတာ သိသိကြီးနဲ့"

"မှုံပြောတာတော့ မင်းနဲ့မှုံ ဘာမှမပတ်သက်ကြပါဘူး ဆို"

"ကျွစ်! မှုံ့ဘက်က မဟုတ်ပေမယ့် ငါ့ဘက်က ဟုတ်တယ်ကွ"

"ဘာကိုဟုတ်တာလဲ"

"ရှင်းသန့်"

"မြတ်နိုးမောင်ရေ ဒီနေ့ ခုံမှာထိုင်ဖို့အစီအစဉ်ရှိရဲ့လား"

အတန်းထဲသို့ ဆရာဝင်လာပြီမို့ သူက မှုံတို့ရှေ့ခုံမှာ ခေတ်သမီးနဲ့အတူ ထိုင်လိုက်ရတော့၏။ မကျေနပ်ဘူး။ ဒီလို ဒီလိုတွေဖြစ်အောင် ရှင်းသန့် ဖန်တီးနေတာမဟုတ်လား။ မှုံ့ကို ပိုင်ဆိုင်ခွင့်ရဖို့ ကြိုးပမ်းနေပါလျက်နဲ့ မှုံ့ဖေဖေက မီးစိမ်းမပြသ



www.burmeseclassic.com

www.burmeseclassic.com



မို့ သူစိတ်ပျက်နေရတာလေ။ ဒီလောက်တောင် ခက်ခဲတာပါပဲလား။ မှုံ့ဆိုတဲ့ တော်ဝင်သဇင်ခက်လေးကို လှမ်းခူးချင်ပေမယ့် ဒီပန်းခက်လေးက သူတို့လိုယောကျ်ားလေးတွေအတွက် လက်လှမ်းမီဖို့ မလွယ်ပါလေ။

"မှုံ့"

"ဟင်"

"မှုံ့ဖေဖေ ဘာပြောသေးလဲ"

"ဆူတာခံရတာပေါ့"

"မှုံ့ကိုဆူတယ်"

"ဟုတ်တယ်"

"ကိုယ့်ကြောင့်လား"

"ဟုတ်တယ်"

"ဒုက္ခပါပဲ၊ ဆူချင်းဆူရင် ကိုယ့်ကိုဆူရမှာပေါ့ မှုံ့ရဲ့။ မှုံ့က အပြစ်လုပ်တာမှမဟုတ်တာ"

"ဖိုးမြတ်"

"ဘာလဲ"

"စာသင်ချိန် ရှေ့ကိုကြည့်ကွ၊ ဆရာဆူရင် ငါတို့ပါ ဆူခံထိမှာ"





"ငါသိတယ်၊ မင်း ဆရာကြီးမလုပ်ချင်နဲ့။ ငါသိပ်အစာကျေတာမဟုတ်ဘူး"

မကျေမနပ်ဖြင့် ပြန်လှည့်သွားသည့်သူနှင့် သီရိက တီးတိုးတီးတိုးဖြင့် စကားကျိတ်များနေပြန်လေ၏။ သီရိ၏ ဖိုးခနဲဖတ်ခနဲ ရိုက်တာကို သူခံရသလို မကျေမနပ်ပြန်ငေါက်သမျှ မှုံ့တို့ အကုန်ကြားနေရပါသည်။

မကြာခဏငဲ့ကြည့်လျက် သူ့မျက်နှာကို မော့ကြည့်နေတတ်သည့် သီရိ၏မျက်ဝန်းတောက်တောက်လေးတွေကြောင့် မှုံ့စိတ်ထဲ အမျိုးအမည်မသိသည့်ခံစားချက်တစ်ခု ဖြစ်တည်လေ၏။ ဘယ်လိုလဲ၊ သီရိများ မြတ်နိုးမောင်ကို တစ်ဖက်သတ် စိတ်ဝင်စားနေလေသလား။

ပြောတော့ဖြင့် မှုံ့ကို သူတို့ကောင်လေးနှစ်ယောက်နှင့် ဘာလိုလိုဆိုပြီး အခုတော့ မှုံ့ကို စိတ်ဝင်စားပါတယ်လို့ ဝန်ခံနေတဲ့ မြတ်နိုးမောင်ကို မျက်စိရှေ့မှာပဲ တရင်းတနှီးရှိနေတာပါလေ။ အချစ်ဆိုတာ ဒါကိုခေါ်လေသလား။

ရင်ထဲက ခံစားချက်ကို ကာယကံရှင်မသိမမြင်ရလေအောင် တိတ်တိတ်လေး ကျိတ်ခံစားနေရုံနဲ့ ချစ်ခြင်းရဲ့အဓိပ္ပာယ် ပြည့်စုံနိုင်ပါ့မလားလေ။ ဒါဖြင့် မှုံ့ရင်ထဲက ဝေဒနာကရော။ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



ပဲလား။ လှမ်းမမြင်ရပါဘဲ အမှောင်ထုဖုံးလွှမ်းနေတဲ့ ညချမ်းတိုင်းမှာ လေထုနဲ့အတူ လွင့်ပါလာတတ်တဲ့ဂစ်တာသံနဲ့ သူ့သီချင်းသံခပ်တိုးတိုးလေးကို အမြဲလိုလို နားစွင့်မျှော်လင့်ရင်ခုန်နေခဲ့မိတာလေ။

ဟုတ်မယ်ထင်ပါရဲ့၊ အချစ်ဆိုတာဟာ မျှော်လင့်ချက်နဲ့ အသက်ရှင်သန်နိုင်တဲ့ဘာသာရပ်တစ်ခုပါပဲ။ တစ်ဦးနှင့်တစ်ဦး ဖွင့်ပြောခွင့်မရှိ၊ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ခွင့်မရှိ၊ ဘယ်လိုနည်းနဲ့မှ ပတ်သက်ခွင့်မရဘဲ တစ်ယောက်တည်းကျိတ်ခံစားနေရတဲ့ အို့ပုန်းချစ်ကိုပဲ အဓိပ္ပာယ်ဖွင့်ဆိုရလေမလား။

အကြည့်ကို ဖျတ်ခနဲလွှဲလိုက်မိစဉ် မှုံ့ကို ဘေးမှာစိုက်ကြည့်နေသည့် သူ့မျက်ဝန်းတို့ကြောင့် ရင်ခုန်သံ တီခနဲရပ်လေ၏။ ကိုသန့်တော့ မှုံ့ကို ပြုစားချေပြီ။



## အခန်း (၁၇)

"တောက်! ဘယ်လိုနည်းနဲ့မှ မကျေနပ်ဘူး"

"ဟဲ့!. . . ဘယ်လိုဖြစ်လာရပြန်တာလဲမောင်ရယ်၊ လန့်လိုက်တာ"

ဆက်တီပေါ်ပစ်လှဲလျက် ညည်းညူလိုက်တာမို့ ဘွားကရှင်ဘာတ်ဖိလေတော့၏။ ဟုတ်တယ်၊ ဒင်းကို လုံးဝမကျေနပ်တာ။ ရှင်းသန့်. . . ရှင်းသန့်. . . ပြောတော့ဖြင့် မှုံနဲ့ဘာမှမပတ်သက်သလို Style မျိုးနဲ့ ကွယ်ရာမှာ ကျိတ်ပုန်းခုတ်နေတာလေ။

ဒီကောင် မှုံ့ကို ကားပေါ်တင်ခေါ်တာ ဘယ်နှကြိမ်ရှိနေပြီလဲ။ မှုံကရော ဒီကောင့်ကားပေါ် မလိုက်နိုင်တာ မငြင်းဘူးတဲ့



www.burmeseclassic.com

www.burmeseclassic.com



လား။ မှုံ့အိမ်ကို ဒီကိစ္စသိအောင် တိုင်ရအောင်ကလည်း သူက မှုံ့နဲ့စေ့စပ်ထားတဲ့သတို့သားမှမဟုတ်တာဘဲ။

သေစမ်း! မြတ်နိုးမောင်။

''ဘွား မသိပါဘူး''

''ဟဲ့! မသိရင် ပြောမှသိမှာပေါ့ မောင်ရဲ့။ ဘယ်သူနဲ့ ဘာဖြစ်တာလဲ''

''ဘယ်သူရှိမလဲ၊ ဟိုကောင် ရှင်းသန့်ပေါ့''

''ရှင်းသန့်က ဘာဖြစ်လဲ''

''မောင့်ရဲ့မှုံ့ကို လိုက်ပတ်သက်နေတာမို့ပါ ဘွားရဲ့''

''ဟောကြည့်! သူငယ်ချင်းတွေဖြစ်ပြီး တစ်ယောက်နဲ့ တစ်ယောက် ပွင့်ပွင့်လင်းလင်းရှိရမှာပေါ့ မြေးရယ်''

''ဒီကောင်သိသိကြီးနဲ့ တမင်လုပ်နေတာဘွားရဲ့ ကျစ်!''

ဘွားက သူ့ကိုစိတ်ပျက်သလို ကြည့်နေပါ၏။ မကျေနပ်တဲ့အထဲမှာ ဟိုကောင်မလေးလည်း ပါတယ်။ ဒင်းတစ်ချိန်လုံး နှောင့်ယှက်နေလို့ သူ ဒေါသတွေ ဖြစ်နေရတာလေ။ ဘာလဲ တမောင်မောင်နဲ့ လူကို 'မောင်း'လို့များ ထင်နေသလားမသိ။

''ဟော. . . ပြန်လာတာ အဝတ်မလဲသေးဘဲ ဘာလုပ်နေလဲ မောင်''





မေတောင်မှ duty ပြီးလို့ အိမ်ပြန်လာချေပြီ။ အိမ်က Father ကြီးတော့ ပေါ်မလာသေးပါလား။ ကုမ္ပဏီအစည်းအဝေး ရှိလို့ အလုပ်များနေတာပဲထင်ပါရဲ့။

''ရှင်းသန့်ကို တင်းနေတာ''

''ဖြစ်ပြန်ပြီ''

''မှုံ့လည်းပါတယ်''

''ဩော်. . . မောင်ပဲ မှုံ့ကိုချစ်တယ်ဆို''

''ဟိုကောင်မလေးရောပဲ''

''ဘယ်ကောင်မလေးလဲ''

''မေ့အဆက်ဟောင်းကြီးရဲ့သမီးလေ''

'ဟဲ့! တိုးတိုး၊ နင့်အဖေကြားရင် ခေါင်းဆင်နင်းခံရမယ်''

''ဖေဖေမှပြန်မရောက်သေးဘဲ ဘွားရဲ၊ ဒီလောက်အထိ ကြောက်ရလား''

''ဒီကလေးနဲ့တော့ ခက်တာပါပဲ''

မေက သူ့ရှေ့ခုံမှာ ထိုင်ချလိုက်ကာ အိမ်က ကောင်မလေး ယူလာပေးသည့် သံပုရာရည်ကို ခပ်အေးအေးသောက်နေပါ၏။ ရင်တကယ်ပူနေတဲ့သူ့အတွက်တော့ ဒီအအေးသောက်လည်း အရာမထင်ပါလေ။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကလေးမလေးက ဘာတဲ့လဲ"

"မောင့်ကို နှောင့်ယှက်နေလို့"

"ဘယ်လို"

"ဟုတ်တယ် မေရဲ့၊ မောင့်ဘေးကို သူကပ်နေတော့ မွှုံက တစ်မျိုးမြင်မှာပေါ့။ ပြီးတော့ ဟိုကောင်ရှင်းသန့်က မွှုံ့ကို သူ့ကားပေါ်ခေါ်တင်တာ တစ်ကြိမ်မကတော့ဘူး. . . တင်းတယ်"

"ကိုဇေ့သမီးက မောင့်ကို ဘယ်လိုနှောင့်ယှက်နေလို့လဲ"

မေးချေပြီ။ 'ကိုဇေ' တဲ့။ ခပ်တိုးတိုးအခေါ်အဝေါ်ကြောင့် သူ ကြက်သီးထသွားရလေ၏။ ဤခေါ်သံထဲမှာ ကြင်နာခြင်းတွေ အဘယ်မျှပျော်ဝင်နေပါသလဲ။ အဲဒီဒေါက်တာဇေယျာလင်းထွန်း အပေါ်မှာ 'မေ'ဆိုတဲ့ ဒေါက်တာဇင်မမဇော်ရဲ့အချစ်တွေ အဘယ်မျှ ပုံပေးခဲ့ဖူးပါသလဲ။ သုံးပွင့်ဆိုင်ဖြစ်ခဲ့တဲ့အချစ်ဒဏ္ဍာရီထဲမှာ သူ့ဖေဖေ ဦးမျိုးမင်းမင်းမောင်က ဒဿဂီရိလိုနေရာကများ ပါဝင်ကပြခဲ့လေသလား။

"ဒီလိုပဲ တောက်တဲ့လို လိုက်ကပ်နေလို့ပေါ့ မေရဲ့"

"မောင်အထင်မှားနေတာရော မဟုတ်ဘူးလား"

"အာ. . . ဘယ်ကသာ"





'သူတို့မိသားစုက ဘာမဆိုပွင့်ပွင့်လင်းလင်း၊ ညှိညှိနှိုင်းနှိုင်းရှိကြတာ သားရဲ့။ ကလေးမလေးလည်း ဒီလိုပဲဖြစ်မှာပါ"

"ပွင့်လင်းတာနဲ့ ရဲတင်းတာ အကွာကြီးပါမေရာ။ မွှုံနဲ့များ တစ်ခြားစီ"

"ဒါကတော့ သားမျက်စိထဲမှာ မွှုံတစ်ယောက်ကိုပဲ မိန်းကလေးလို့မြင်နေတာကိုး။ မွှုံကလွဲ အားလုံး ဖွဲနဲ့ဆန်ကွဲမဟုတ်လား"

"မေကလည်း"

"မိန်းကလေးတိုင်းကိုတော့ မွှုံ့လိုမျိုး ရေခဲတုံးလေးလို မသတ်မှတ်ထားလေနဲ့မောင်။ ပန်းတိုင်းမှာ သူ့အလှနဲ့သူ၊ သူ့ရနံ့နဲ့သူ ရှိသလို သူ့တန်ဖိုးအလိုက် ကိုယ်စီရှိတတ်ပါတယ်"

ကြည့်စမ်း! အဘယ်မျှ ယှဉ်နိုင်းပြတဲ့ ဥပမာကောင်းပါလိမ့်။ ရေခဲတုံးလေးတဲ့၊ ဟုတ်ပါတယ်။ မွှုံဟာ သူ့အတွက် သူ့ရင်ကို အေးမြအောင် ပြုလုပ်နိုင်စွမ်းရှိတဲ့ရေခဲတုံးလေးပါပဲ။ မိန်းကလေးတွေကို ပန်းကလေးနဲ့ နှိုင်းယှဉ်ပြတဲ့မေ့ပုံစံက ဆရာဝန်တစ်ဦးနဲ့မတူဘဲ ကဗျာဆရာမလိုလိုဖြစ်သွားတာလေ။

"မေ့အသည်းပန်းကို ဘယ်သူဦးဆုံးရခဲ့တာလဲ"

စားပွဲထက် ကိုယ်ကိုလှဲချ ဝှံကိုင်းလျက် တီးတိုးမေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



စဉ် မေ့လက်ခေါက်က သူ့ခေါင်းပေါ် ဒေါက်ခနဲကျလေ၏။ ငုံ့ထားမတတ်ချစ်ပါတယ်ဆိုသည့်သားကို မေ့အချစ်ကိစ္စကြောင့် နာစေသတဲ့လား။

"ကလေးက ကလေးလိုပြောစမ်း။ လူကြီးကို မရိုမသေနဲ့"

"ပြောပါ မေရ၊ ခေတ်သမီးရဲ့ပါပါလား"

အပြုံးသဲ့သဲ့ထင်လေ၏။ သူလိုက်အစ်နေတာကို သိနေသလိုပါပဲလား။ လူကြီးတွေရဲ့ရင်ထဲကို သူတို့သားသမီးတွေ ဝင်မကြည့်နိုင်ရတာ ဘာဖြစ်လို့ပါလဲ။

"သားချစ်နေတာ မှုံလား၊ ခေတ်သီရိလား"

"အား!. . . အရိုက်ကို ဒဲ့ရိုက်လိုက်တာပဲ။ မေသိသားနဲ့ဗျာ"

"ဒါဆို မှုံ့အကြောင်းပဲ ပြောပေ့မောင်။ မဆိုင်တာတွေ မပြောနဲ့။ ဒီအိမ်မှာ အဲဒီနာမည်တွေကိုရွတ်မိရင် မေမေရော မောင်ပါ မကြိုက်ဘူး။ သိတယ်နော်"

"ဟုတ်"

"မှုံ့ကြောင့် သားတို့သူငယ်ချင်းနှစ်ယောက်ကို ပြဿနာမတက်စေချင်ဘူး။ ယောကျ်ားလေးချည်းပဲဟာ၊ ပွင့်ပွင့်လင်းလင်း





ဖွင့်ပြောတိုင်ပင်မှပေါ့"

"သူက မလိုက်လျောရင်ကော"

မေက သက်ပြင်းရှိုက်လိုက်လေ၏။ လူငယ်ချင်းကိစ္စတွေကိုပြောတာ ကောင်းပါ့မလား။ အို့လေ. မေဆိုတာ သားဖြစ်သူရဲ့ကိစ္စမှန်သမျှ အနုမချေးခါးသိနေတဲ့မိခင်ပဲဟာ။

"မှုံဆိုတာ ပိုင်ရှင်မရှိသေးတဲ့မိန်းကလေးမဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဆို သူ့ကို ဘယ်သူမဆို ကြိုးစားခွင့်ရှိတယ်မောင်"

"ဗျာ! "

"ပြိုင်ပွဲဆိုတာ တစ်ယောက်တည်းနဲ့ဖြစ်မလာနိုင်ဘူးဆိုတာ သားလည်းသိတာပဲ"

"ဒါဖြင့် ရှင်းသန့်နဲ့မောင် ပြိုင်ရမှာပေါ့လေ"

"ဒါပေါ့"

"ဟာ. . . မေကလည်း"

"သူက သားထက် ဘာများပိုသာနေလို့လဲ"

သူ့ထက် ဘာသာလို့လဲတဲ့။ ဟုတ်တယ်၊ သူက ရှင်းသန့်ထက် အများကြီးသာတာပေါ့။ ရှင်းသန့်ကမှ အနက်ကယ်ခွန်ချိုသာရဲ့ကမ္ဘာရန်သူ့သားလေ။ ဒါကိုက သူ့အတွက် တစ်မှတ်သာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့အခြေအနေပဲ။ ဒါကိုမှ သူကောင်းကောင်းအသုံးမချတတ်ရင် သေပေါ့ မြတ်နိုးမောင်။

"ဒါဆို ရှင်းသန့်ကို မောင် စိန်ခေါ်ရမယ်ပေါ့"

"အဆုံးအဖြတ်က မှုံ့နဲ့သာ့တာဝန်ပဲ မောင်။ သူ ဘယ်လိုပဲဆုံးဖြတ်ဆုံးဖြတ် ဒါကို မောင်ရောသူပါ ကျေကျေနပ်နပ် လက်ခံနိုင်ရမယ်"

"မှုံ့က မောင့်ကိုရော ရှင်းသန့်ကိုပါ မရွေးဖြစ်ရင်ရော ဘယ်လိုလုပ်မလဲ မေ"

"ကံပေါ့ မောင်"

မေက မဲ့ပြုံးလေးဖြင့် သူ့ကိုခနဲ့ပြောကာ ထထွက်သွားလေတော့၏။ ကောင်းရော! မေပြောမှပဲ ဖွတ်မရ ဓားမဆုံးကိန်း ဖြစ်တော့မှာလေ။ မဖြစ်ဘူး. . . မဖြစ်ဘူး. . . သူတို့နှစ်ယောက် ထဲက တစ်ယောက်ယောက်တော့ မှုံ့ကိုပိုင်ဆိုင်ခွင့်ရကောင်းပါရဲ့။

အိတ်ကပ်ထဲမှ Phone ကို သူနှိပ်လိုက်မိတော့၏။ အသံ မြည်နေသော်ငြား တော်တော်နှင့်မကိုင်သဖြင့် သူဒေါပွလာပါ၏။ ဘာလုပ်နေလို့လဲ။

"ဟဲလို"

"ရှင်းသန့်. . . ငါ"





"အေး. . . ပြော၊ ဒီမှာ ရေချိုးနေတာတောင် Feel ငုပ်လိုက်တာ ဖိုးမြတ်ရာ။ ဘာကိစ္စရှိလို့လဲ"

"မင်းအားလား"

"အခုလား"

"အေး"

"မအားဘူး"

"ဘာကွ"

"ဟုတ်တယ်လေ၊ ခဏနေ ညစာစားရတော့မှာ၊ ပြီးရင် စာကျက်စရာတွေ တစ်ပုံကြီး။ မင်းရေမချိုးသေးဘဲ ဘာလုပ်နေလဲ"

"ထိုင်နေတယ်"

"ဩော. . . တော်တော်အချိန်ရှိနေတယ်ပေါ့လေ။ ဘာ ပြောမလို့လဲ"

"မင်းဆီ ငါလာခဲ့မယ်"

"သဘောပဲ"

Phone ကိုပိတ်လိုက်ပြီး ရေအမြန်ဆုံးချိုးလျက် အဝတ် လဲကာ သူအပြေးထွက်ခဲ့မိလေ၏။ ဘွား၏တားမြစ်သံကို ကြား လိုက်ပေမယ့် ကားကိုစက်နှိုးပြီးချေပြီ။ မှုံ့ကိုစွဲလန်းမြတ်နိုးစိတ်



www.burmeseclassic.com

www.burmeseclassic.com



က သူ့ကိုဤမျှအထိ ဆွဲဆောင်နိုင်စေသလား။

လမ်းထဲသို့ ကားကိုခပ်ဖြည်းဖြည်းမောင်းဝင်လာခဲ့ပါ၏။ ဒီလမ်းတွင်းမှာ သူ့နှလုံးသား ရှိနေမှန်း အလိုလိုသိနေတာကိုက ရင်ခုန်သံတဒုတ်ဒုတ်မြည်သံ အကျယ်ကြီးဖြစ်နေတာလေ။ ရင်ဖိုတယ်ဆိုတာက ဒါမျိုးကိုခေါ်ဆိုလေသလား။

ဒါဖြင့် ဒီခံစားမှုမျိုးကို ရှင်းသန့် မဖြစ်ဘူးလို့ ဘယ်သူအာမခံလို့ရမှာလဲ။ ပြီးတော့ ရှင်းသန့်နေတာက မှုံနဲ့မျက်နှာချင်းဆိုင်ခြံထဲမှာ။ တစ်နေ့ ဘယ်နှကြိမ်များတွေ့နိုင်မှာလဲ။ မျက်ဝန်းတွေ ဘယ်နခါများ ဆုံတွေ့နိုင်သလဲ။

ရင်ဟွေ့ ပူလာပြီ မှုံ။ ကိုယ်က မှုံနဲ့ခပ်ဝေးဝေးမှာ ရှိနေခွင့်ရှိစဉ်အခိုက် မှုံက ရှင်းသန့်နဲ့အနီးဆုံးရှိနေတာလေ။ ဒါတောင်မှ ကျောင်းမှာ ခုံနှစ်ခုံခြား ကပ်ထိုင်နေတာ ဘာကြောင့်လဲ။

"တီ!. . ."

ကားဟွန်းသံကြောင့် တံခါးက Auto ပွင့်သွားလေ၏။ ခြံထဲက မြက်ခင်းစိမ်းပေါ်မှာ လက်ပိုက်၍ရပ်နေတာက ရှင်းသန့်ကြည်လင်ပါလေ။

"အလောတကြီးနဲ့ ဘာလဲဗျ"

"မင်း စားပြီးပြီလား"





"ဘယ်စားရဦးမှာလဲ၊ ထမင်းစားနေတုန်းမှာ ညွှန်သည်ရောက်လာရင် ထမင်းစားပျက်သွားမှာပေါ့ကွ"

"Sorry....ကွာ၊ အန်ကယ်တို့ရော"

"ပြန်မလာသေးဘူး၊ Operation တွေ များတယ်လို့ပြောတာပဲ။ ဘွားလေးက မင်းကိုပါ ထမင်းကျွေးဖို့ပြင်နေတယ်။ ဝင်ကြတော့မလား"

"ခြံထဲပဲ ထိုင်ရအောင်ကွာ"

မြက်ခင်းထက်ရှိ ခုံတန်းဆီသို့ ရှင်းသန့် ခေါ်လေ၏။ တစ်ခြံလုံးကို သံတိုင်များဖြင့် ခပ်စိပ်စိပ်ကာထားတာမို့ ခြံပြင်ကို အတိုင်းသားမြင်နေရပါသည်။ မှုံတို့ခြံက သံဇကာကွက်ကဲ့ဖြင့် ခြံခတ်ထားပြီး ခြံထဲမှာ အပင်စိပ်စိပ်စိုက်ထားသလို ဘေးဘက်နှင့် နောက်ဘက်ကို အုတ်တံတိုင်းခပ်မြင့်မြင့်ဖြင့် လုံအောင်ကာထားလေ၏။

"ပြော"

"မကွယ်မဝှက်ကြေး"

"ဘာလဲကွ"

"ရင်ထဲရှိသမျှ မကွယ်မဝှက်ကြေးလို့ပြောနေတာလေကွာ"



www.burmeseclassic.com

www.burmeseclassic.com



''ကျစ်! လာကတည်းက အမြောက်နဲ့ချိန်နေပြီ ဖိုးမြတ်ရာ။ မင်းဘာကိုဆိုလိုတာလဲ''

''မှုံနဲ့ကိစ္စပါ ရှင်းသန့်''

ရှင်းသန့်က နှုတ်ခမ်းတစ်ခြမ်းသာ ပြုံးလိုက်လေ၏။ လှောင်ချင်လို့လား။ သူက ရှင်းသန့်လှောင်ဖို့ ချာတိတ်လေးဖြစ်နေပြီလား မြတ်နိုးမောင်။ မမီတဲ့ပန်းကို တုံးခုလှမ်းရအောင် သူက အောက်တန်းစားအဆင့်အတန်းမှမဟုတ်တာဘဲ။

''လာပြန်ပြီလား မှုံနဲ့သာကိစ္စ''

''အေး''

''မင်းမှာ ဒါပဲပြောစရာရှိလား ဖိုးမြတ်''

''အဲဒီကိစ္စနဲ့ ငါအိပ်ပျက်ရတာ များနေပြီ ရှင်းသန့်''

မှောင်ရီပျိုးပြုအချိန် ဖြစ်နေပြီလေ။ ခြံထဲမှာ နီယွန်မီးလုံးတွေ ဖျတ်ခနဲလင်းလာပြီမို့ သူတို့နှစ်ဦးထိုင်နေသည့်နေရာက လင်းလင်းထင်းထင်းရှိနေစေပါ၏။

''မှုံ့ကို မင်းချစ်နေပြီလား''

အမေးကိုမဖြေဘဲ ရှင်းသန့်အကြည့်တို့က ခပ်ငေးငေး ပြီးနောက် သက်ပြင်းချသံက ခပ်ဖွဖွ။

အလို! ရှင်းသန့်တော့ မှုံ့ကိုတကယ်စိတ်ဝင်စားနေပြီ





လား။ မင်းချစ်နေပြီလား ရှင်းသန့်။

ခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်စဉ်မှာ သူ့ရင်တွင်းရှိ မီးတောင်က ဝုန်းခနဲပေါက်ကွဲလေ၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"မင်း. . ."

"ငါမပြောဘူးလို့ ဆုံးဖြတ်ထားတာ"

"မင်း. . . မင်း. . . ငါ ဒီလောက်ပြောထားရဲ့သားနဲ့ ရှင်းသန့်ရာ"

"အချစ်နဲ့စစ်မှာ မတရားတာမရှိဘူးဆိုတဲ့စကားပုံကို မင်းသိတယ်မဟုတ်လား ဖိုးမြတ်"

"ဘာကွ!"

ဖိုးမြတ်က ခုံမှဖျတ်ခနဲမတ်တပ်ရပ်လိုက်လေ၏။ ထင်သားပဲ၊ လူတစ်ယောက်ရဲ့လျှို့ဝှက်ချက်ကို အတင်းမမေးသင့်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကို ဒီကောင် မသိဘူးလား။ သူထိန်းသိမ်းထားသည့် ခံစားချက်ကိုမှ မေးရတယ်လို့။

အိမ်မှာ မာမီရော ဒက်ဒီပါ သူ့ကို မှုံနှံ့သာနဲ့နီးစပ်ဖို့ပြောနေတာ ကြာပြီလေ။ မကြာခဏစနောက်ကြပေမယ့် သူက နှုတ်ဆိတ်တတ်သလို တစ်ယောက်တည်းခံစားတတ်သည့်လူမို့ သူ့ရင်ဘတ်ထဲကအချစ်ကို ဘယ်သူမှမသိပါချေ။ အခုမှ စစ်မေးနေသည့်ဖိုးမြတ်ကြောင့် ခေါင်းညိတ်ဝန်ခံမိတာပါပဲ။

"ငါချစ်နေတယ်လို့ပြောတဲ့မှုံ့ကို မင်း ဘယ်တုန်းကတည်းက ချစ်တာလဲ"

"မညာစတမ်း ဝန်ခံရမှာလား"

"ဒါပေါ့ကွ"

"စတွေ့ကတည်းကပဲ"

"ဘာ! "

ဘယ်တုန်းကလဲ။ ကျောင်းမှာ Canteen ထဲဝင်သည့်အချိန်မဟုတ်မှန်း သူသိပါ၏။ မှုံနှံ့သာဆိုတဲ့မိန်းကလေးကို သူတို့ ဒီအိမ်ကိုပြောင်းသည့်နေ့ကတည်းက မြင်တွေ့ခဲ့တာလေ။ ထိုနေ့က သူမခေါင်းလျှော်ထားတဲ့နေ့။ ညနေဆည်းဆာရောင်ဖျော့လိမ္မော်ရောင်တောက်တောက်အချိန်မှာ ဖက်ပူးရောင်အင်္ကျီနှင့် လုံ





ခြည်က လိမ္မော်ရောင်ခပ်ဖျော့ဖျော့လေး။

ပါးထက်မှာ သနပ်ခါးပါးကွက်က မခြောက်သေးဘဲ စိုတိုတိုအချိန်၊ ရေမခြောက်သေးသည့်ဆံနွယ်တွေကို ကျောထက်ဖြန့်ချထားသလို သူမတို့အိမ်ရှေ့မြက်ခင်းပေါ်မှာ ထိုင်ချလျက်စာအုပ်တစ်အုပ်ကို အေးအေးလူလူဖတ်နေချိန်ပါပဲ။ သူမနှင့်ခပ်လှမ်းလှမ်းမှာ ခပ်ငယ်ငယ်မိန်းကလေးက ပန်းအိုးထဲမှမြေကြီးတို့ကို မြေဆွခက်ရင်းနှင့်ထိုးဆွလျက် အလုပ်လုပ်နေတာမို့ သူမကိုစောင့်နေမှန်း သူ မသိခဲ့ပါလေ။

အိမ်ထဲမှာ အလုပ်သမားတွေနှင့် မာမီတို့အလုပ်ရှုပ်နေသော်ငြား သူက ကားပေါ်မှစာအုပ်တွေထည့်ထားသည့်စက္ကူပုံးကိုယူရန် ပိုက်ထားရင်း ငေးနေမိသည့်အဖြစ်။ သီချင်းမှန်လျှင်သံစဉ်သာယ်သင်ကိုသာ အမြဲနားဆင်လေ့ရှိခဲ့သည့်သူ့အဖို့ ထိုညနေမြင်ကွင်းက 'ဂန္ဓဝင်ဆည်းဆာ' ဟူသည့်သီချင်းစာသားကို အလိုလိုကြားယောင်နေသည့်နှယ် ဖြစ်စေခဲ့တာအမှန်ပါပဲ။

"ငါနဲ့ကျောင်းမှာ ဆုံတဲ့နေ့ကလား"

"မဟုတ်ဘူး"

"ဒါဆို ဘယ်တုန်းကလဲ"

"ဒီအိမ်ကို စရောက်တဲ့နေ့တုန်းက"



www.burmeseclassic.com

www.burmeseclassic.com



"မင်းမညာနဲ့၊ ငါနဲ့ဆုံတော့ မင်းကို သူနဲ့မိတ်ဆက်တုန်းက မင်းဘာလို့မပြောတာလဲ"

"ဟ! ငါက ဘလိုင်းကြီးဝင်လုံးရအောင် ကြောင်မဟုတ်ဘူး ဖိုးမြတ်ရ။ သူကိုယ်တိုင်ကတောင် ငါ့ကိုမကြည့်ချင်သလို ပုံစံမျိုး ချိုးပြနေတာကို အတင်းရောစရာလား။ လူဆိုတာ ကိုယ့်အဆင့်အတန်းကို ကိုယ်သိတတ်ရတယ်ကွ"

"မဟုတ်ဘူး၊ မင်းညာတာ။ အဲဒီတုန်းက မှုံ့ကိုတောင် မသိလို့ မင်းမေးတာလေ"

"ကျစ်! ဘာဖြစ်နေတာလဲကွာ၊မှုံနှံ့သာနဲ့ငါ ဘာဆိုဘာမှ မထူးခြားသေးဘဲ မင်းသွေးပူမနေစမ်းပါနဲ့ ဖိုးမြတ်ရာ"

"မပူဘဲနေရမလားကွ၊ မင်းနဲ့မှုံ့ကို မပတ်သက်ဖို့ မှုံ့မိဘတွေ ကန့်ကွက်နေတာ သိရဲ့သားနဲ့ ဘာလို့ဒီအဆင့်ထိ ရောက်ရတာလဲ"

ခက်တာပဲ။ သူငယ်ချင်းနှစ်ယောက်က မိန်းကလေးတစ်ယောက်ကို လုပြီးချစ်နေတာ ပြဿနာပါပဲလား။ ဆယ်ကျော်သက်အရွယ်တုန်းက စိတ်ကစားခဲ့ပေမယ့် (အပျော်သဘောမျိုး ရှိခဲ့ပေမယ့်) အခုတော့ တကယ်အမြတ်တနိုးချစ်တဲ့မှုံနှံ့သာကို ရလာဆုံရတယ်လို့။





ဘာဖြစ်ဖြစ် သူတို့ကိုရွေးချယ်ဖို့က မှုံနှံ့သာရဲ့တာဝန်ပါ သလ။ သူမတကယ်ချစ်တဲ့သူကို သူမကိုယ်တိုင် ရွေးချယ်ခေါင်း ညှိတ်ရမှာမဟုတ်လား။ ပိုင်ရှင်မရှိတဲ့ပန်းတစ်ပွင့်ကို လိပ်ပြာတွေ က ခူးချင်ကြပေမယ့် ဘယ်သူက ကန့်ကွက်နေပါစေ၊ ကာယကံ ရှင်ကိုယ်တိုင် လက်သင့်ခံနေရင် ဘယလိုများဖြစ်မှာလဲ။

မင်းကို ငါ ဘယ်လိုများ နှိုင်းပြရမှာလဲ မြတ်နိုးမောင်။

"အချစ်မှာ Limit မရှိဘူး ဖိုးမြတ်"

"မင်းစကားတတ်တိုင်း ကပ်မပြောပါနဲ့ ရှင်းသန့်"

"နေစမ်းပါဦး၊ မှုံနှံ့သာက မင်းချစ်သူမို့လို့လား"

"ဟုတ်တယ်"

"သွားစမ်းပါ။ မင်းနဲ့စေ့စပ်ထားတာလည်းမဟုတ်၊ မင်းကို ချစ်သူအဖြစ် သူလက်ခံသေးတာလည်း မဟုတ်သေးပါဘဲ တစ် ဖက်သတ်ဖြစ်နေတာလေ"

"ဘာပဲဖြစ်ဖြစ်ကွာ၊ မှုံ့ကို ငါချစ်တယ်ကွ"

"ချစ်ပေါ့၊ မင်းချစ်နေတာကို ငါကန့်ကွက်နေလို့လား"

"ဒါပေမဲ့ သူငယ်ချင်းအချင်းချင်း စည်းတော့ထားသင့် တာပေါ့ ရှင်းသန့်ရ"

"ကျွတ်! ခက်လိုက်တာကွာ၊ မင်းပိုင်တဲ့ပစ္စည်းကို ငါခိုး



www.burmeseclassic.com

www.burmeseclassic.com



တာမှမဟုတ်ဘဲ''

''မရဘူးကွာ''

''ဒီမှာ ဖိုးမြတ်ရေ၊ မှုန်နှံ့သာလိုအပျိုကို ငါနဲ့အပြင် တခြား ယောကျ်ားလေးတွေအကုန် ချစ်လို့ရတယ်ကွ။ ဘယ်သူဖြစ်ဖြစ် သူ့ကို ပိုးပန်းပိုင်ခွင့်ရှိတယ်။ သူ့ကိုချစ်ခွင့်ပန်ခွင့်ရှိတာကို မင်းသိ ပါ ဖိုးမြတ်ရဲ့''

''မင်း. . . မင်း. . . ငါ့မှုံကို လမ်းနဘေးက ပန်းပင်လို ဘယ်သူရူးရူးဆိုပြီး ပစ်စလက်ခတ် မပြောနဲ့ကွ''

''ဩော်. . . ငါက သဘောတရားအရ ပြောနေတာလေ ကွာ''

''မပြောနဲ့ကွာ၊ ငါမကြိုက်ဘူး''

ဗိုက်ထဲဆာနေတာထက် ဒင်းကို သူဒေါသဖြစ်နေတာ က ပိုသာနေပြီလေ။ လက်ပေါက်ခက်လိုက်တာနော်။ ဖိုးမြတ်က တော့ ခေါင်းမာတဲ့နေရာမှာ စံပြပါပဲလား။

''မှုန်နှံ့သာ့ကို မချစ်ရဘူးလို့ မင်းမှာ ပြောပိုင်ခွင့်ရှိလား ပြော''

''. . .''

''ငါ့ဒက်ဒီနဲ့မာမီက ငါ့ကို Free ပေးထားတာကွ။ သူ





မိဘတွေ အမိန့်ပေးထားမှန်း ငါသိတာပဲ။ ဒါကြောင့် ငါ သူ့ကို စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ ခပ်ကင်းကင်းနေတာလေ''

''ဘာကင်းလို့လဲ၊ မှုံ့ကို မင်းကားနဲ့ခေါ်တာ၊ သူ့ဘေး နား မင်းကပ်ထိုင်တာ ကင်းတာလားကွ။ မင်း ယောကျ်ားစကား ပြော, ရှင်းသန့်''

''အေး. . . မှန်တယ်၊ သူ့အနား ငါရှိပေမယ့် ဒီနေ့ ဒီ အချိန်ထိ ဘာမရိုးမသားစကားမျိုး ငါတစ်ခွန်းမှမပြောမိသေးတာ အမှန်ပဲ''

''ဒါဆိုလည်း စောင့်လက်စစည်းကို မင်းဆက်ထိန်းလိုက် ပေါ့ကွ''

သူစိတ်ပျက်စွာဖြင့် ခေါင်းခါလိုက်မိတော့၏။ ပြဿနာ ပဲ။ ဒီကောင်ကတော့ သူ့ကို တကယ်နှောင့်ယှက်နေပြီလေ။ သူ ငယ်ချင်းအရင်းခေါက်ခေါက်ကြီးဖြစ်ပါလျက်နဲ့ သူစိမ်းမိန်းကလေး တစ်ယောက်ကြောင့် နိုက်ရန်ဖြစ်တာ မကောင်းမှန်း သူသိတာ လေ။

''မင်းက ပြောလေဆိုးလေပါပဲလား''

''အဲဒါ မင်းကိုယ်မင်းပဲ ပြောသင့်တာကွ''

'ကဲ! မင်းဘာဖြစ်ချင်သလဲပြော, ဖိုးမြတ်''



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ မုန့်နားကို မင်းလုံးဝမကပ်ရဘူး၊ ချစ်လည်း မချစ်ရဘူး"

"No! မတရားသဖြင့် စီမံရအောင် ငါက မဟုတ်တာ လုပ်နေတဲ့လူမှမဟုတ်ဘဲ ဖိုးမြတ်။ မင်းပြောတာကို ငါလက်မခံနိုင်ဘူး"

"ဘာ! မင်း. . ."

"လူတိုင်းမှာ အခွင့်အရေးကိုယ်စီရှိမှန်း မင်းသိပါတယ် မြတ်နိုးမောင်"

သူ့ကို ဖိုးမြတ်က အံကြိတ်လျက် လက်သီးဆုပ်ရင်း စိမ်းစိမ်းကြီး စိုက်ကြည့်နေလေ၏၊ ဘာလဲ. . . ထိုးချင်နေပြီလား။ မင်းချစ်နေတဲ့ကောင်မလေးကို ငါချစ်မိတာ အပြစ်လား မြတ်နိုးမောင်။ ဒါကိုအပြစ်လို့ယူဆရင်လည်း မင်းစိတ်ကြိုက်လုပ်ပေတော့။ ငါကတော့ ရှေ့ကိုဆက်ပြီးတစ်လှမ်းတိုးလိုက်ဖို့ Ready ပါပဲ။

"ဒီနှစ်မကုန်ခင် မင်းဖွင့်ပြောပေါ့၊ သူခေါင်းမညိတ်ရင် ငါလည်း. . ."

"ကဲကွာ!. . . အဲဒါ ချစ်ဦး"

ခွပ်!ခနဲမြည်သံနှင့်အတူ သူ့မျက်နှာ လည်ထွက်သွားလေ





ဆံ နှုတ်ခမ်းထောင့်မှ ငံကျိကျိအရသာနှင့်အတူ ထူပူနာကျင်သွားသည့်ဝေဒနာကို သူခံစားလိုက်ရလေသည်။ ထိုးသတဲ့။ သူ့ကို အရင်းနှီးဆုံးချစ်ခဲ့တဲ့ သူငယ်ချင်းက မိန်းကလေးတစ်ယောက်အတွက်နဲ့ သူ့မျက်နှာကို လက်သီးနဲ့ထိုးတာတဲ့လေ။

ရင်တွင်းမှမခံမှုက ဒေါသကိုဖြစ်တည်လေ၏။ မင်းက ဘာကောင်မို့လို့လဲ။ ပိုင်ရှင်လည်းမဟုတ်ပါဘဲ ကိုယ့်ခြံထဲအထိ ရောက်လာပြီး စော်ကားမော်ကားပြုမှုရဲ့တဲ့အဆင့်ထိအောင် မင်းကိုယ်မင်း ဆွဲချတယ်တဲ့လား မြတ်နိုးမောင်။

"မင်း. . . မင်း. . . သစ္စာမရှိတဲ့ကောင်၊ စည်းဖောက်တဲ့ကောင်. . . ကလိမ်ကကျစ်ကောင်"

သူ့ကော်လံစကို ဆွဲကိုင်ခြင်းခံလိုက်ရစဉ် ခြံထဲဝင်လာသည့်ကားမီးက သူတို့ကိုထိုးလိုက်တာမို့ နှစ်ယောက်စလုံး မျက်စိကျိန်းသွားရလေ၏။ သေပြီ ရှင်းသန့်ရေ၊ ဒက်ဒီရောမာမီပါ အိမ်ပြန်မှ သူတို့နှစ်ဦးရဲ့ပြဿနာဖြစ်နေတဲ့အချိန်ကို တွေ့ရတယ်လို့။

"သား. . . ဘာဖြစ်နေကြတာလဲ"

"ဘာမှမဖြစ်ပါဘူး မာမီ"

"ဒါဘာမှမဖြစ်တာလားကွ၊ ထိုးကြကြိတ်ကြဖြစ်ရအောင် ဘာပြဿနာများ ကြီးကြီးမားမားဖြစ်ကြလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းပြန်တော့ ဖိုးမြတ်"

"ငါ. . ."

"ငါ့ကိစ္စငါဆက်ရှင်းပါ့မယ်၊ မင်းသွားတော့"

ဖိုးမြတ်က ဘာမှဆက်မပြောတော့သလို မာမီတို့ကိုပါ နှုတ်မဆက်ဖြစ်ဘဲ ကားမောင်းထွက်သွားလေ၏။ ဒုက္ခပါပဲ၊ သူ နှုတ်ခမ်းထောင့်ကွဲတာကို မာမီမြင်ရင်တော့ ရင်ဘတ်စည်တီးဖြစ်တော့မှာလေ။ ဒက်ဒီ့ထက် မာမီက သူ့အပေါ် အသက်တမျှ ပုံ ချစ်မှန်း သူအသိဆုံးပဲမဟုတ်ပါလား။

"မေးလိုက်ရင် အမြဲမြဲစိစိလုပ်တာမျိုး မကြိုက်ပါဘူးလို့ မာမီပြောနေလျက်နဲ့ ကိုသန့်ရယ်။ အဲဒီလိုမျိုး မင်းဒက်ဒီနဲ့ တူတာ သိရဲ့လား"

"ဟာ. . . နေရင်းထိုင်ရင်း ကိုယ့်အပြစ်ဖြစ်ရပြန်ပြီ မြ လေးရာ။ မင်း,သားကိုဆုံးမတာ လွှတ်လွှတ်လပ်လပ်ဆုံးမပါကွ"

"အဲဒါ ကိုကိုနဲ့မတူလို့ ဘယ်သူနဲ့တူတာလဲ၊ ပြော"

"ဟုတ်ပါပြီ၊ ကိုယ်နဲ့တူလို့ ခံမပြော နားမထောင်သားပဲ ဆိုပါတော့။ ကဲ! အိမ်ထဲဝင်ပါဦး ရှင်းသန့်ကြည့်လင်။ မောင်မင်းကြီးသားတို့ရဲ့ ဖြစ်ကြောင်းကုန်စင် Case လေး တဆိတ်! ရှင်းစမ်းပါဦး"





ဒက်ဒီက သူ့ပခုံးကိုဖက်ကာ တိုက်ထဲဝင်ရန်ခေါ်တာမို့ လက်ခုံဖြင့် နှုတ်ခမ်းထောင့်ကို တို့သုတ်ကာ လိုက်ခဲ့ရလေသည်။

"နေဦး. . . နေဦး. . . ကြည့်စမ်း! သားနှုတ်ခမ်းမှာ ဒဏ်ရာနဲ့ပါလား။ သားကို မြတ်နိုးမောင် ထိုးသွားတာပေါ့လေ၊ ဟုတ်လား"

"အခန့်မသင့်လို့ ဖြစ်သွားတာပါ မာမီ။ တမင်လုပ်တာမျိုးမဟုတ်ပါဘူး"

"ဘာမဟုတ်ရမှာလဲ၊ မာမ့်သားကို မာမီတို့လက်ဝါးပေါ် ဘင်ပြီး ဖူးဖူးမှုတ်ထားတာပါ သားရဲ့။ ဘာကိစ္စဖြစ်ပြီး ကိုယ်ထိလက်ရောက်စော်ကားသွားတာလဲ ကိုသန့်။ မာမ့်ကိုမှန်မှန်ပြောစမ်း"

"ဟုတ်တယ် သား။ ငယ်ငယ်ကတည်းက လည်ပင်းဖက်ကြီးလာတဲ့သူငယ်ချင်းကို အိမ်တိုင်ရာရောက် လာစော်ကားတာတော့ ဒက်ဒီလည်း လက်ပိုက်ကြည့်မနေနိုင်ဘူး။ ဇင်မမဇော်ကို သားမာမီရဲ့ဂျူနီယာဆိုပြီး ဖော့တွေးပေးမယ်မထင်လေနဲ့"

ကဲ! ကောင်းပါလေရော။ လူငယ်တွေ ပြဿနာကနေ လူကြီးတွေအထိ ဆက်ဖြစ်ကုန်ရင် မကောင်းနိုင်တော့ပါလေ။ မင်းမွေးတဲ့မီးက တော်တော်လေးကြီးနေပြီ မြတ်နိုးမောင်ရေ့။



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတာပြီးပါစေတော့လား ဒက်ဒီ။ ကျွန်တော်တို့ လူငယ်ချင်းပဲ တိုးတိုးတိတ်တိတ်ရှင်းလိုက်ပါရစေ"

"ဒါတော့မဖြစ်ဘူး ကိုသန့်၊ ဖင်မမဖော်ဆီတော့ မာမီ Phone ဆက်ပြောရမှာပဲ။ ဘယ့်နှယ်တော်၊ မာမီတို့တောင် လက်ဖျားနဲ့မတို့ရက်တဲ့သားကိုမှ"

"ကျွန်တော်တောင်းပန်ပါတယ် မာမီ၊ တကယ်လွန်တာက ကျွန်တော်ကိုယ်တိုင်ပါ"

"သားက ဘာလုပ်မိလို့လဲ"

"မဟုတ်မှလွဲရော၊ ဟိုကလေးမပြဿနာပဲမဟုတ်လားရှင်းသန့်"

"ဘယ်က ကလေးမလဲ"

"ဘယ်သူရှိမလဲ၊ မှုန်နှံသာပဲဖြစ်မှာပေါ့"

"ဟုတ်လား သား"

ကဲ! မေးနေပြီ မှုန်နှံသာ။ ဒီညနေတော့ ကိုယ့်ကိုမေးခွန်းတွေနဲ့ ဖိသတ်ကြတဲ့နေ့ပါပဲလား။ မိန်းကလေးတစ်ယောက်ကို ဘယ်သူမှမသိအောင် တိတ်တိတ်လေး ကြိတ်ပြီးချစ်လို့မရနိုင်တဲ့ လူ့လောကကြီးပါပဲလားနော်။

"ဟုတ်ပါတယ် မာမီ၊ သူအတင်းမေးတာနဲ့ ကျွန်တော်





ခေါင်းညိတ်လိုက်လို့ပါ"

"ဘယ်လို! သားက မှုန်နှံသာကို"

"ဟုတ်ပါတယ် မာမီ၊ မှုန်နှံသာကို ကျွန်တော် ချစ်နေပါပြီ"

"ဟောတော်. . . ဖြစ်မှဖြစ်ရလေ"

"ဒက်ဒီတို့မေးတုန်းကဖြင့် မဟုတ်ဘူးဆို ကိုသန့်ရဲ့"

ဆူရင်လည်း ခံရရုံပဲရှိတော့တယ် မှုန်နှံသာ။ ကိုယ်က အပြစ်လုပ်မိသူကိုး။ မင်းအပေါ် တရစ်ရစ်တိုးပြီး ချည်နှောင်ချင်နေမိတဲ့ သံယောဇဉ်ကြိုးတစ်စကို မြင်မှမြင်ပါလေစ။

မြှောက်တုန်းက မြှောက်မိခဲ့ကြတဲ့မိဘတွေတောင် သူ့ကို ဘာမှဆက်မပြောကြတော့ပါချေ။ ဒီညကတော့ ကိုယ့်အတွက် အမှတ်တရပါပဲ မှုန်နှံသာ။ သူငယ်ချင်းရဲ့လက်သီးတစ်ချက်နဲ့ မင်းအပေါ်ချစ်မိတဲ့ချစ်သတ္တိတွေ အလိုလိုပွင့်ထွက်လာခဲ့ရလို့ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

"သားမှားတယ်"

"မေ, . ."

"မှားကိုမှားတယ် မောင်၊ မေမေတို့အသိုင်းအဝိုင်းမှာ ဒီလိုအောက်တန်းကျတဲ့အပြုအမူမျိုး တစ်ယောက်မှမပြုလုပ်ခဲ့ကြဘူး"

"မေ. . . မောင်ပြောတာကိုဆုံးအောင်"

"မလိုဘူး မြတ်နိုးမောင်၊ သားနာမည်ကို ဒီလိုပေးခဲ့တာ သိပ်အဓိပ္ပာယ်ရှိလို့ပဲ။ မေမေ့ရင်နဲ့ရင်းပြီး မွေးခဲ့ရလို့ သားကိုချစ်မြတ်နိုးစိတ်နဲ့ ဒီအမည်ကို မေမေကိုယ်တိုင် မှည့်ပေးခဲ့တာ။ မိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ယောက်အတွက်ကြောင့်နဲ့များ ကိုယ့်ငယ်သူငယ်ချင်းကို ဒီလိုရိုင်းရိုင်းစိုင်းစိုင်းပြုမူရတယ်လို့။ ဆေးရုံမှာ မေမေ့ Senior ဖြစ်တဲ့ မမဖြူနဲ့ ကိုကြည်လင်ကို ဘယ်လိုမျက်နှာချင်းဆိုင်ရဲတော့မှာလဲ''

မှားတယ်တဲ့လား။ မေမေ့စွပ်စွဲချက်က ပြင်းထန်ပါ့။ ချစ်ခြင်းရဲ့တွန်းအားကြောင့် ဖြစ်တည်လာတဲ့ဒေါသကို သူမထိန်းနိုင်ခဲ့လို့ပါပဲ။ ဟုတ်တယ် မှူး။ မှူ့ကိုချစ်မိတဲ့စိတ်စေတသိတ်က ဘာကိုမှမမြင်နိုင်ခဲ့မိလို့ပါ။ မှူ့ကြောင့် ဘယ်အရာကိုမှ သည်းမခံနိုင်ခဲ့လို့ပါလေ။

မောင်ချစ်နေမှန်း သိသိကြီးနဲ့ မောင်ချစ်တဲ့မှူ့ကို ရှင်းသန့်လိုက်ချစ်နေတာ ဝန်ခံတာ့မို့ ဒီလိုပြဿနာဖြစ်ခဲ့တာပါ မှူး သူငယ်ချင်းဖြစ်သူကို အငြိုးတကြီးနဲ့ ပြုမူခဲ့တာမျိုးမဟုတ်ရပါဘူး

''သားကိစ္စကို သားပဲရှင်းနိုင်တယ်ဆိုရင် မနက်ဖြန်ကျောင်းတက်ရင် ရှင်းသန့်ကို အနူးအညွတ်ပြန်တောင်းပန်လိုက်ပါ''

''မေ. . .''

''သူခွင့်မလွှတ်မချင်းနော်, မောင်''

သူ့တစ်သက်မှာ မေ ဒီလိုမျက်နှာမာမျိုးနဲ့ စကားပြော





တာကို တစ်ကြိမ်မှမခံခဲ့ရဖူးပါ။ အဘယ်မျှ ကျောစိမ့်စရာကောင်းလိုက်ပါသလဲ၊ အင်မတန် နူးညံ့သိမ်မွေ့တဲ့မေ့မျက်ဝန်းတွေ အေးစက်စက်ဖြစ်နေတာ တစ်ခါဆိုမှ ဒီတစ်ခါပဲ ရှိတာပါလေ။

သူငယ်ချင်းမှန်းတာထက် မေမှန်းမှာကို ကြောက်တာ၊ မှူမှန်းမှာကို စိုးရွံ့တာပါ မှူး။ ယှဉ်ပြိုင်ခွင့်ပြုလိုက်ရပေမယ့် ဒီပွဲမှာ မောင်နိုင်ပါရစေ။ ပထမဆုဆိုတဲ့ မှူ့ချစ်ခြင်းတွေကို မောင်ပဲ ပိုင်ဆိုင်ခွင့်ရပါရစေလား မှူး။ ဖြူဖွေးသွယ်လျတဲ့ မှူ့လက်ဖျားလေးကို မောင်ပဲ ပိုင်ပိုင်ကြီး လက်ဆက်ခွင့်ရချင်ပါရဲ့။

''တီ!. . .''

ဘေးမှကားဟွန်းတီးသံကြောင့် သတိဝင်သွားရပါ၏။ သူ့စိတ်တွေ လွင့်ချင်တိုင်းလွင့်နေသလိုပါပဲလား။ ဘုရားရေ! ကားမောင်းချိန်မှာ ဘာကိုမှမစဉ်းစားမတွေးတောမိအောင် ယာဉ်ဥပဒေတွေရှိမှန်း သိထားပါလျက် အဘယ့်ကြောင့် သူမလိုက်နာမိတာပါလိမ့်။

''Hellow! မောင်. . . Morning...''

''တောက်! ''

ဘေးမှကျော်တက်သွားသည့် စလွန်းအပြာလေးပေါ်မှ ခေတ်သီရိရဲ့နှုတ်ဆက်သံက သူ့ကိုဒေါသဖြစ်စေပြန်လေ၏။ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



ဘ၀က ရေစက်ကြောင့်ပါလဲ။ ဒီကောင်မလေးကို အစက ဤမျှထိ ကြည့်မရတာမျိုးမဖြစ်ခဲ့ပါဘဲ ဒီတစ်လောလေးမှ မျက်စိစပါးမွေး စူးနေမိတာလေ။

ကျောင်းဝင်းထဲဝင်ပြီး ကားရပ်ချိန်အထိ ရှင်းသန့်ရဲ့ကား ကို သူမတွေ့ပါချေ။ ဒီကောင် ဘာဖြစ်နေပြီလဲ။ သူ့ကြောင့်များ ကျောင်းမတက်နိုင်ဖြစ်နေပြီလား။ မှုံလည်းရောက်မလာသေးပါ လေ။ မောင့်ရင်တွေ ပူလာသလိုပါပဲလား မှုံ။

ကားကို ရှေ့ဆင့်နောက်ဆင့်မောင်းထွက်လာခဲ့တာမို့ သူ့ ကားက မှုံတို့ရှေ့မှာ ခပ်မှန်မှန်မောင်းနေပါ၏။ ညစဉ်ညတိုင်း ဂစ်တာတီးပြီး သီဆိုဖြစ်တဲ့ သူ့သီချင်းသံကို နားဆင်နေကျဖြစ် ပါလျက် မနေ့က မကြားခဲ့ရ။ ဘာဖြစ်လို့လဲ။ နေမှကောင်းပါရဲ့ လားဆိုသည့်အတွေးတို့ရဲ့ နှိပ်စက်မှုဖြင့် မှုံ့တစ်ညတာက အချည်း နှီးဖြစ်ခဲ့ရပါ၏။

ဒီမနက် အားကစားလုပ်နေကျ စက်ဘီးစီးပြီး အပြင် ထွက်တာကိုလည်း မမြင်ရတာမို့ ရင်ကပိုပြီးပူစေတာလေ။ အဟုတ် ပါပဲ၊ မှုံတော့ တော်တော့်ကို ထူးခြားဆန်းပြားတဲ့စိတ်တွေ ဖြစ် နေတာအမှန်ပါလေ။ ကျောင်းသွားရန် လွယ်အိတ်ပြင်တာတောင် မှ အဆင်မပြေ။ စာအုပ်တွေ ပြုတ်ကျလိုပြုတ်ကျ၊ ဘောပင်ကျ





လိုကျနဲ့ ပြာယာခတ်နေခဲ့တာလေ။

အမြဲရှိနေကျ မှုံ့အိပ်ခန်းထဲမှာ စာကြည့်စားပွဲနဲ့ထိုင်ခုံကို ဒူးနဲ့မလွတ်ဘဲ ခဏခဏတိုက်မိတာ ဘာကြောင့်လဲ။ ဒဏ်ရာနာ တာကို လက်ဝါးဖြင့်ပွတ်သပ်ရင်း မျက်ရည်ဝဲမိတာကရော။

အချစ်ဆိုတာ ဒီလိုပဲလား။ လူကို ကယောင်ခြောက်ခြား ဖြစ်စေပြီး အိပ်ပျက်ညတွေကို ဖန်ဆင်းပေးနိုင်ပါသလား။ အိပ်ရာ ထက် လူးလိမ့်ရင်း မျက်စိကြောင်တောင်နဲ့ မိုးလင်းစေသလိုဖြစ် စေတာများလား။ ဘာလုပ်လုပ် အဆင်မပြေဘဲ အလွဲလွဲအချော် ချော်တွေ ဖြစ်စေတာမျိုးလား။

ရက်စရာကြီးနော်။ မှုံ့ကို ငဲ့မကြည့်တဲ့၊ မှုံ့ကိုစိတ်ဝင်စား မှုမရှိတဲ့ ယောကျ်ားတစ်ယောက်ကို မိန်းကလေးတန်မဲ့ သူမသိ အောင် စိတ်ဝင်တစားဖြစ်နေမိတာလေ။ နေလို့မှကောင်းရဲ့လား။ စားလို့မှဝင်ရဲ့လား။ အိပ်လို့မှပျော်ရဲ့လားဆိုတဲ့မေးခွန်းပေါင်းများ စွာက မှုံ့ဦးနှောက်ကို အကြီးအကျယ်နှောင့်ယှက်စေခဲ့တာပါလေ။

"ညနေလာကြိုခါနီး Phone ဆက်ဖို့ မမေ့နဲ့နော် သမီး လေး"

"ဟင်!. . . သြော်. . . ဟုတ်ကဲ့ပါ ဘကြီး"

ဘကြီးသော်ထံမှ အသံထွက်လာတော့မှ မှုံတို့ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ဝင်းထဲ ရောက်နေမှန်း သိလိုက်ရပါ၏။ တွေ့လား. . . မှုံတော့ စိတ်နဲ့ကိုယ်မကပ်သလို တကွဲတပြားဖြစ်နေပြီလေ။ ကားပေါ်မှ မှုံဆင်းတော့ သူက ကားတံခါးကိုပင် Lock ချနေချေပြီ။ မှုံရှိနေရာကို အကြည့်တစ်ချက်လေးမျှ ရောက်မလာဘဲ ခေါင်းငိုက်စိုက်ဟန်ဖြင့် ကျောင်းထဲကို ခပ်မှန်မှန်ပင် လျှောက်သွားလေ၏။

စာအုပ်ထပ်ကို ခပ်တင်းတင်းပိုက်ထားလျက် သူ့နောက်မှ အသာလျှောက်ခဲ့ပါ၏။ ပြန့်ကျယ်နေသည့်သူ့နောက်ကျောကပင် မှုံ့ကိုကြည့်ကောင်းနေစေသလိုပါလေ။ နောက်ဆုံးမှာ ဒီလိုပဲ ဖြစ်လေမလား။ သူကျောခိုင်းခဲ့တဲ့အတိုင်း ငေးကြည့်ကျန်ရစ်ခဲ့ရသူက မှုံနှံ့သာဆိုတဲ့ကောင်မလေးပဲ ဖြစ်မှာပါလေ။

မျက်ရည်ဝဲလာတာကို မျက်တောင်ခတ်၍ သိမ်းဆည်းလိုက်စဉ် ခြေထောက်က လှေကားထစ်ကိုမမြင်မိဘဲ ခလုတ်တိုက်လေ၏။ လက်ထဲမှစာအုပ်တွေ ဝေါခနဲလွင့်စင်ကျသွားသလို လူက သံမံတလင်းမှာ ပုံလဲကျသွားရလေသည်။ ဖြစ်ပြန်ပြီမှုံ။ ကိုယ့်ခြေပေါ်ကိုယ်မရပ်နိုင်လောက်အောင် ကိုယ်ပိုင်ခွန်အားတွေ ဘာကြောင့် ဆုတ်ယုတ်နေရပါသလဲ။

"မှုံနှံ့သာ"

မြင်တယ်ပေါ့။ လှေကားထစ်ရှည်ကို သူတက်သွားပြီလို့





ပဲ ထင်လိုက်တာ။ တကယ်ပဲမမြင်လို့ လှည့်မကြည့်ဘူးလို့ပဲ ယူဆမိတာလေ။ ဒီလှေကားသုံးထစ်ပြေပြေလေးကိုတောင်မှ မှုံ ဘာကြောင့် ကပျက်ကချော် နင်းမိပါသလဲ။

"ဘယ်လိုဖြစ်တာလဲ"

အနီးသို့ရောက်လာသည့်သူ့ထံမှ ခပ်သင်းသင်းရနံ့လေးကြောင့် အသက်ကိုအောင့်ထားလိုက်မိပြန်၏။ ရှူးဖိနပ်က ပြောင်လက်တောက်ပနေတာကို သတိထားကြည့်မိသွားတာကို အကြည့်လွှဲလိုက်ပါ၏။ သူက လွင့်ကျသွားသည့်မှုံ့စာအုပ်တွေကို အရင်ဆုံးကောက်ကာ စုထပ်လျက် ကိုင်လိုက်လေသည်။

"ထလေ. . . ထလို့ရရဲ့လား"

ကမ်းပေးလိုက်သည့် ညာလက်ဝါးကိုကြည့်ရင်း ခေါင်းခါပြလိုက်မိ၏။ သေစမ်း! မှုံက ရပါတယ်ဆိုတဲ့သဘောမျိုးနဲ့ ခေါင်းခါပြလိုက်မိတာကို သူမည်သို့ယူဆသွားမည်နည်း။ အတွေးမဆုံးခင်မှာ သူက မှုံ့ဘေးသို့ရောက်လာကာ ခါးနေရာကိုကိုင်လျက် ဆွဲထူလိုက်လေ၏။

မျက်နှာတစ်ခုလုံး ရဲသွားသလို ရင်ထဲမှာ ဒိန်းခနဲမြည်သံက အကျယ်ဆုံး။

"ဘယ်လိုဖြစ်တာလဲ၊ နှစ်နှစ်သားကလေးလို ခြေခိုင်



www.burmeseclassic.com

www.burmeseclassic.com



သေးဘူးလား မှုံနှံ့သာ''

''မဟုတ်ပါဘူး''

''မဟုတ်ရင် တမင်ချော်လဲချင်ယောင်ဆောင်လိုက်တာပေါ့လေ''

''အို! မဟုတ်ပါဘူး၊ မှုံ လေ့ကားထစ်ကို သေသေချာချာမကြည့်ဘဲ နင်းလိုက်မိလို့ပါ၊ ကျွတ်! ကျွတ်! သွေးထွက်သွားပြီလားမသိဘူး''

ရေညှိစိမ်းရောင်လုံချည်လေးကို ဒူးနေရာမှကိုင်လျက် အသာဆွဲမရင်း ကြည့်လိုက်မိပါသည်။ အဟုတ်ပါပဲ၊ မှုံ့ညာဘက်ခြေမမှာ သွေးစွန်းနေပြီလေ။

''ခြေမ ကွဲသွားပြီ''

''မလုပ်နဲ့နော်. . . မလုပ်နဲ့''

''ဘယ်လိုဖြစ်ပြီး အကြောက်အကန်ငြင်းနေရတာလဲ မှုံနှံ့သာရဲ့''

''ဟိုတစ်ခါတုန်းက အပြင်ကော်ဖီဆိုင်မှာမို့ ကိစ္စမရှိဘူး။ အခုက ကျောင်းမှာ''

''ကျောင်းမှာ ဘာဖြစ်မှာမို့လဲ''

''လူတွေမြင်ကုန်မှာပေါ့''





''လူတွေမြင်ကုန်ရင် ဘာဖြစ်မှာတဲ့လဲ''

'ကြည့်! သူမသိတာလည်း မဟုတ်ဘဲ လူကိုစနောက်နေတာလား၊ ပြောနေပါလျက် သူက အိတ်ကပ်ထဲမှ ယောက်ျားကိုင်လက်ကိုင်ပဝါလေးကို ခပ်စွေစွေခေါက်လိပ်လိုက်ပြီး မှုံ့ခြေမကို စည်းပေးနေပြီလေ။ သေစမ်း! မှုံနှံ့သာ။

''သွေးတိတ်သွားအောင်ပေါ့၊ အပေါ်ရောက်မှ ဆေးပေးခန်းမှာ Spirit ဆွတ်ပြီး ပတ်တီးစည်းလိုက်ရင် OK ပြီ''

''မှုံ့ကို ရှင် ငရဲပေးတာ နှစ်ကြိမ်ရှိနေပြီနော်''

''ဟောဗျာ! ကူညီပေးတာကို ငရဲပေးတယ်လို့ ယူဆရသလား''

ဒူးထောက်ထားလျက်မှ သူမော့ကြည့်ပြောလိုက်စဉ် မှုံ ပါးစပ်ဟသွားရပါ၏။ ဘုရားရေ! သူ့ပါးစောင်နားမှာ ခပ်ညိုညိုရောင်ရမ်းနေသလို နှုတ်ခမ်းထောင့်မှာ ဒဏ်ရာနဲ့လေ။

''ကိုသန့်''

''ဗျာ''

''နှုတ်ခမ်းမှာ. . . နှုတ်ခမ်းမှာ''

''ဪ. . . ဒါလား၊ ဘာမှမဖြစ်ပါဘူး မှုံနှံ့သာရဲ့၊ ရေချိုးခန်းထဲ ချော်လဲရင်း ထိတာ''



www.burmeseclassic.com

www.burmeseclassic.com



"မှုံ့ကိုမညာနဲ့နော်၊ ညာတာကို မှုံ့မကြိုက်ဘူး။ ဘယ်သူနဲ့ ရန်ဖြစ်ခဲ့တာလဲ"

"မဖြစ်ပါဘူး"

"မညာနဲ့လို့ ပြောထားတယ်နော်"

"မင်းတောင်မှ ချော်လဲသေးတာပဲမဟုတ်လား မှုံ့နှံ့သာရဲ့"

"မပြောချင်လည်းနေပေါ့. . . ရတယ်"

စိတ်ကောက်ချေပြီ။ ခြေထောက်နာနေပါလျက် ရှေ့မှ ဘောက်ဆတ်ဘောက်ဆတ် လျှောက်တာမို့ သူပြုံးလိုက်မိပါ၏။ ဒီထော့နဲ့ထော့နဲ့ပုံစံနဲ့ လှေကားထစ်တွေကို ဘယ်လိုတက်နိုင်မှာတဲ့လဲ။

"ကူမှတော့ အဆုံးထိ ကူပါ့မယ်ဗျာ"

"လာမထိနဲ့"

"ဟောကြည့်! စေတနာနဲ့လည်းကူညီရသေးတယ်။ လူကိုအပြစ်တင်နေ"

"မှုံ့က ညာတဲ့လူတွေကို မုန်းတယ်"

ညာတဲ့လူတွေကို မုန်းသတဲ့။ အလိုလေး! ဘာသဘောနဲ့များ ပြောတာပါလဲ။ မှုံ့နှံ့သာ့ကို ခုချိန်ထိ သူတစ်ကြိမ်မှညာ





တာမျိုး မရှိခဲ့တာလေ။ ဖုံးကွယ်ထားတာပဲရှိတာပါ မှုံ့နှံ့သာ။ အဲဒါကတော့ မင်းကို ကိုယ့်ရင်ထဲမှာ စွဲစွဲနင့်နင့် ချစ်မြတ်နိုးနေပြီ ဆိုတာပါ။

ဖိုးမြတ်ကို အရင်ဦးစားပေးချင်တာမို့ ကိုယ်နှုတ်ဆိတ်နေတာပါ မှုံ့နှံ့သာ။ သူငယ်ချင်းချစ်နေပါတယ်ဆိုတဲ့ ခံစားချက်ကိုတော့ ကိုယ်အလေးအနက်ထားပြီး ဦးစားပေးရမှာကိုး။ အဖြူရောင်စည်းမျဉ်းရဲ့ဥပဒေသကို ကိုယ်တို့လိုလူငယ်တွေ လိုက်နာနိုင်ရမှာလေ။

"ကိုယ် ဘာညာမိလို့လဲ"

"ကိုသန့်ကိုယ် ကိုသန့် အသိဆုံးဖြစ်မှာပေါ့"

'ပြောမှဖြစ်မှာလား"

"ပြော. . ."

"ပြဿနာမရှာဘူးလို့ အာမခံပေးနိုင်မလား"

"မှုံ့က ဘာလို့အာမခံပေးရမှာလဲ"

"ကိုယ်တို့သူငယ်ချင်းအချင်းချင်း ဖြစ်တာကို မသိယောင်ဆောင်ဖို့လေ"

"ဘယ်လို! မြတ်နိုးမောင်နဲ့ဖြစ်တာ"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာအတွက်ဖြစ်ကြတာလဲ၊ ဒီလောက်ထိ ထိုးကြကျိတ်ကြဖြစ်ရအောင် ကိစ္စက အကြီးကြီးမို့လို့လား"

အကြီးကြီးမှ ရောမကြီးပါပဲ မှုန်နဲ့သာ။ အချစ်စစ်ဆင်ရေးမှာ ဝင်ပြိုင်ခွင့်ရဖို့ အင်မတန်ခက်ခဲလှတာကိုး။ ဖိုးမြတ်အတွက် မှုပိုင်လေးဖြစ်ဖို့ ရာခိုင်နှုန်းများနေတဲ့ ဒီပွဲကို ကိုယ်ပြိုင်ခွင့်ရဖို့ရာအတွက် ဒီလောက်တော့ ရင်းနှီးရတာ တန်ပါတယ် မှုန်နဲ့သာ။

"ကြည့်! ပြုံးမနေနဲ့လေ၊ မေးတာဖြေမှပေါ့"

"စိတ်မဆိုးဘူးဆိုမှပြောမယ်"

"ဘာကိုလဲ"

"မင်းကြောင့်ဖြစ်တာ"

"မှုံ့ကြောင့်"

"ဘာအတွက် မှုံ့ကြောင့်ဖြစ်ရတာလဲ"

"ကိုယ်ဝန်ခံလိုက်တဲ့အတွက် ဖိုးမြတ်လက်ဆောင်ပေးလိုက်တာလေ"

"ကိုသန့်က ဘာကိုဝန်ခံလိုက်လို့လဲ"

"သိချင်လား"

"အင်းပေါ့"

သူရယ်ချင်လာချေပြီ၊ ဒီချာတိတ်မတော့ ဘုမသိဘ





နဲ့ သူ့ဆီက စကားကို အစ်အောက်မေးနေတာလေ။ ကျောင်းခန်းဝရောက်နေတာတောင် သူမလက်မောင်းကိုကိုင်ထားပေမယ့် မရှုန်းသေးပါချေ။

"မင်းကို ကိုယ်ချစ်နေပြီလို့ ဝန်ခံလိုက်တာ"

"ဟင်!. . ."

သူမမျက်နှာ ချက်ချင်းနီရဲသွားသလို အခန်းထဲမှ ဝုန်းခနဲထွက်လာသည်က မြတ်နိုးမောင်ရယ်လေ။ မှုံ့လက်မောင်းကိုမှ သူကိုင်လာရတယ်လို့။ မင်းတော့ ပြဿနာရှာပြန်ပြီ ရှင်းသန့်ကြည်လင်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"မောင်. . . ဟဲ့!"

သီရိက နောက်မှ အလန့်တကြားပြေးလိုက်လာလေ၏။ အိမ်မှာပေးပြီးခဲ့တဲ့ကတိတစ်ခုကိုပင် မေ့မေ့လျော့လျော့ဖြစ်ကုန်လေပြီ။ ဘာသဘောလဲ၊ မှုံက. . . မှုံက. . . ဒီကောင် လက်ကိုင်တာကို မငြင်းဘူးတဲ့လား။

"ဟော့ကောင်! ဖိုးသန့်"

"ဖြည်းဖြည်းနော် ဖိုးမြတ်၊ မှုံ ခြေမကွဲလာတာ ထိမယ်"

"ဘာ!"

တရှူးရှူးနဲ့ အနားရောက်လာသည့်သူက မှုံ့ရှေ့မှာ စက်ရုပ်လို တောင့်ခနဲဖြစ်သွားရတော့၏။

**ရွှေပဒေသာစာပေ**

www.burmeseclassic.com

www.burmeseclassic.com



အလို! မှုံ ခြေမကွဲတာတဲ့လား။ ဘယ်လိုဖြစ်တာလဲ၊ မှုံ သွေးထွက်သံယိုဖြစ်တာကိုတောင်မှ သူမသိပါလေ။

''မှုံ. . .''

''မထိနဲ့နော်၊ မကိုင်နဲ့''

ကြည့်စမ်း! တားမြစ်တာတဲ့လား။ မှုံက သူ့ကိုတားသတဲ့။ ရှင်းသန့် လက်ကိုင်တာကိုတော့ မတားဘဲ သူ့ကိုတော့ တားမြစ်တာတဲ့လား မှုံရယ်။

''ဆေးခန်းသွားရအောင်လေ''

သီရိက သတိပေးလိုက်တာမို့ ဆေးပေးခန်းရှိရာဆီ ပြန်ထွက်လိုက်ရလေ၏။ တာဝန်ကျသူနာပြုဆရာမလေးကပင် မှုံ့ခြေထောက်ကို သန့်ရှင်းပေး၊ အရက်ပျံဆွတ်၊ ဆေးထည့်ကာ ပတ်တီးစည်းနှောင်ပေးလေ၏။

ဆေးခန်းမှ ပြန်ထွက်တော့ မှုံ့ကို သီရိပဲ တွဲခေါ်တာမို့ သူတို့နှစ်ယောက်က ခပ်လှမ်းလှမ်းမှ လျှောက်လိုက်ခဲ့ကြလေ၏။ သီရိထံမှ စပ်စုသံထွက်မလာသလို မှုံကလည်း ဘာမှမပြောဘဲ နှုတ်ဆိတ်နေလေ၏။ သူနှင့်ဖိုးမြတ်လည်း ထိုနည်းတူပါပဲလေ။

''ရှင်းသန့်''

''အင်း''





''Sorry...ပါကွာ၊ ငါတောင်းပန်ပါတယ်။ မင်းမကျေနပ်ရင် ငါ့ကိုပြန်ထိုးလိုက်ပါ''

''ပြီးတာတွေ ပြီးပါစေတော့ကွာ၊ ငါမေ့ထားလိုက်ပြီ''

''အန်ကယ်တို့ ဘာပြောကြသေးလဲ''

''မာမီကတော့ မင်းအမေကို တိုင်မယ်လို့ပြောတယ်လေ၊ ငါက လူငယ်ချင်းပြန်ဖြေမယ်ဆိုပြီး တားလို့ ဘာမှဆက်မလုပ်တာ''

''မေလည်း ငါ့ကိုလွန်တယ်တဲ့''

သူများပြောမှသိမှာလား မြတ်နိုးမောင်။ ကိစ္စတစ်ခုကို ရှေ့နောက်မစဉ်းစားဘဲ လုပ်တတ်တဲ့ဉာဉ်က ကလေးတွေမှာသာ ရှိတာလေ။

''မှုံ ဒီကိစ္စကိုသိသွားပြီလား''

''ငါ့မျက်နှာကိုမြင်တော့ မေးတယ်လေ။ ငါမပြောချင်ပေမယ့် သူစိတ်ဆိုးလို့ ပြောလိုက်ရပြီ''

''ဘာရယ်. . . ဒါဖြင့်. . . ဒါဖြင့် မှုံ့ကို မင်းချစ်နေတဲ့ကိစ္စကို သူသိပြီပေါ့''

''အေး''

ကောင်းရော။ 'ဘယ်သူမပြု မိမိမှု' ဆိုတဲ့စကားပြော

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



လက်တွေ့ပါလား။ သူ့ကြောင့် မှုံ့ကို ရှင်းသန့်ချစ်နေတဲ့အကြောင်းကို မှုံ့သိသွားပြီလေ။ ကိုယ်က ကြံဖန်နေတုန်း လက်ဦးသွားတာက ရှင်းသန့်တဲ့လား။ ခံရခက်လေစွ။

"ဒါတော့ မင်းမတရားဘူးကွာ။ ငါ့ကိုအရင် Chance ပေးထားပြီး"

စကားဆက်မပြောရသေးခင် မှုံ့က ခြေလှမ်းရပ်လိုက်တာမို့ သူတို့ပါ ရပ်လိုက်ရလေ၏။ ဘာပြောချင်လို့လဲ မှုံ့။

"နှစ်ယောက်စလုံးကို ညနေမပြန်ခင် မှုံ့ပြောစရာရှိတယ်"

ကဲ! ထင်သားပဲ၊ မှုံ့၏ပဟေဠိဆန်သည့်အကြည့်က သူတို့ရင်ကို အေးခဲသွားစေပါ၏။ ပြဿနာရှိလာရင် ဒီကိစ္စကိုဖြေနိုင်သည့်အကြောင်းအရာက ပေါ်လာစမြဲမဟုတ်ပါလား။

အတန်းထဲမှာ စာသင်ရတာ စိတ်တွေက မကပ်ချင်ချင်။ မှုံ့မျက်နှာက ခါတိုင်းထက် ပိုတည်နေသလိုပါပဲ။ သီရိနဲ့ခွာဝါတို့ သုံးယောက်သား တီးတိုးတီးတိုး သဖန်းပိုးပြောနေကြပေမယ့် မှုံ့ကဖြင့် ဆိတ်ဆိတ်ရယ်လေ။

"ဘာဖြစ်ကြတာလဲ မှုံ့"

"မသိချင်နဲ့"

"နင်ကလည်း သိချင်လို့မေးနေတာကို"





"သိချင်ရင် ညနေစောင့်ကြည့်"

"မကြာမီမျှော်ပေါ့လေ"

နေ့လယ်ထမင်းစားချိန် Canteen သွားတော့လည်း သူနဲ့ဖိုးမြတ်က တစ်ခုံစီဖြစ်နေသလို မှုံ့တို့ဝိုင်းထဲကိုပင် ခါတိုင်းလို ဝင်မထိုင်ရဲ။ အရင်ကဆို ဒီခြောက်ယောက်အုပ်စုက ရေပက်မဝင်အောင် စကားများကြ စကြနောက်ကြနဲ့ ပြောလေ့ရှိတာမျိုး မဟုတ်လား။ အားလုံးထဲမှာ နှုတ်ဆိတ်နေကျက သူနှင့်မှုံ့နှံ့သာသာ ရှိခဲ့တာ တကယ်ပါလေ။

ညနေရောက်တော့ တခြားလူတွေ အကုန်ပြန်ကြပေမယ့် သူတို့အုပ်စုကတော့ ကျန်ရစ်လေ၏။ မှုံ့က Handphone ကို နှိပ်ကာ ဆက်နေပါ၏။

"မှုံ့ သီရိရဲ့ကားနဲ့ပဲ ပြန်ခဲ့လိုက်တော့မယ် ဘကြီးသော်။ ဘာမကြိုးနဲ့တော့နော်။ ဟုတ်ကဲ့"

သီရိရဲ့ကားနဲ့ပြန်မယ်တဲ့။ သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြလေ၏။ မှုံ့ မည်သို့ဆုံးဖြတ်၍ မည်သို့ပြောလေမည်နည်း။

"ကြယ်ပြာတို့ ပြန်ချင်ရင် ပြန်နှင့်လေ"

"ရပါတယ် မှုံ့ရဲ့၊ ငါတို့စောင့်ပေးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဝင်းတွင်းမှ သစ်ပင်အောက်မှာ ရပ်လိုက်ကြ၏။ ခပ်လှမ်းလှမ်းမှာ သူတို့ကားတွေ ရပ်ထားတာမို့ နီးပါသည်။

"မှုံပြောမယ်"

"..."

"ကိုသန့်ရော မြတ်နိုးမောင်ပါ မှုံနဲ့မခင်ခင်ကတည်းက ငယ်သူငယ်ချင်းတွေမဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါနဲ့တောင်မှ ကိုယ်ထိလက်ရောက်အထိ လုပ်ရသလား မြတ်နိုးမောင်"

"ရှင်းသန့်ကို ကိုယ်တောင်းပန်ပြီးပါပြီ မှုံ"

"ကိုသန့်က ခွင့်လွှတ်တယ်တဲ့လား"

တိတ်သွားလေ၏။ ဘယ်လိုဖြစ်ပြီး အခုမှ မှုံက သူတို့ရဲ့ တရားသူကြီးဖြစ်နေရတာပါလိမ့်နော်။

"နှုတ်ကွံ့ရင် နှုတ်မရဆိုပေမယ့် လက်ကွံ့တော့ရော ပြန်နှုတ်လို့ရသလား မြတ်နိုးမောင်"

"မှုံရယ်...ကိုယ်က မရည်ရွယ်ဘဲ ရှင်းသန့်ကို ထိုးလိုက်မိတာပါ။ အငြိုးတကြီးနဲ့ လုပ်မိတ္တာမဟုတ်ရပါဘူး"

"မှုံ့ဖေဖေရဲ့သဘောထားကို ရှင်သိတယ်မဟုတ်လား မြတ်နိုးမောင်"

"သိတယ်...ကိုယ်သိပါတယ် မှုံ"

"ကိုသန့်ကိုရော နှစ်စကတည်းက မှုံပြောထားတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဖြင့် ဘာကြောင့် မှုံ့အတွက် ရန်ဖြစ်ရသလဲ"

"မှုံ..."

"အရင်းစစ်တော့ တရားခံက မှုံဖြစ်နေပြီလေ"

"မဟုတ်ဘူး မှုံ...မဟုတ်ဘူး"

"ဒီပြဿနာကို ဖေဖေနားထဲ ပေါက်သွားရင် မှုံဘာဖြစ်မယ် ထင်ကြသလဲ"

မျက်ရည်တို့က ရစ်ဝိုင်းလာလေ၏။ တကယ်ပါ။ မှုံ့ရင်ထဲမှာ တိတ်တခိုးချစ်နေမိတဲ့လူတစ်ယောက်ကို အပြင်မှာချစ်ခွင့်မရှိပေမယ့် တိတ်တိတ်လေးချစ်လို့မရဘူးလား။ သူမသိ သူမမြင် သူမရှိတဲ့နောက်ကွယ်ကနေပဲ သူ့အသံလေးကို တိတ်တခိုးစောင့်မျှော် ရင်ခုန်ခွင့်မရှိဘူးလား။

အချစ်ဆိုတာ နှစ်ဦးနှစ်ဖက် ဖွင့်ပြောမှသာ ဖြစ်တည်တာမှမဟုတ်တာလေ။ ဖေဖေပဲ ဖျက်ဖျက်၊ ဘယ်သူတွေပဲ တားး




ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မြစ်နေပါစေဦးတော့ မှုံ့ရင်ထဲ ပေါက်ဖွားရှင်သန်ခွင့်ရခဲ့တဲ့ချစ်ခြင်း ရဲ့ရေသောက်မြစ်ကို ဘယ်လိုသတ်လို့ရမှာတဲ့လဲ။

ဒီအခွင့်အရေးလေးကိုတောင် လောကကြီးက မှုံ့ကို မပေးချင်တော့ပါလေ။ အရိပ်ကလေးကို မမြင်ရတော့ဘူးထင်ပါ ရဲ့ မှုံနှံ့သာ။ နောက်ဆုံးတော့ လှောင်အိမ်ထဲက ငှက်ကလေးဟာ အပြင်မှာ ဘယ်လောက်ပဲ ပျော်ချင်ချင် အချိန်တန်တော့ လှောင် ချိုင့်ထဲကို ပြန်ဝင်ရတော့မှာပါလေ။

"မှုံ့. . ."

"ယောကျ်ားလေးတွေနဲ့ပတ်သက်ပြီး ပြဿနာဖြစ်ရင်"

". . ."

"မှုံ့ကို ဖေဖေက ကျောင်းထုတ်မှာပါ"

"ဟာ! "

"ဒီတော့ ဒီကိစ္စတွေကို ဖေဖေသိမှ မှုံ့ကိုဆူငေါက်မှာ တဲ့အချိန်ကို မစောင့်နိုင်တော့ဘူး"

"မှုံ. . ."

"မနက်ဖြန်ကစပြီး ဒီကျောင်းကို မှုံ မလာတော့ဘူး တာပဲ"

"ဟာ. . . မှုံ"





"မှုံနှံ့သာ"

"မှုံရယ်၊ နင်ဒီလိုတော့ အလောတကြီးမလုပ်ချင်ပါနဲ့"

"မှုံ့ကိစ္စကို မှုံပဲရှင်းပါရစေ သီရိ။ လူသိရှင်ကြား သိကုန် မှ မှုံအရှက်ရရမှာမဟုတ်ဘူး။ အခုကတည်းက မှုံ့ကိုယ်ရေးကိုယ် တာကိစ္စကြောင့် မှုံ့လိပ်ပြာ မှုံပြန်ရှက်နေပါပြီ"

"မှုံနှံ့သာ. . . ဒီလို"

"ဤတွင်ပဲ တစ်ခန်းရပ်လိုက်ပါတော့ ကိုရှင်းသန့်ကြည် လင်။ နောက်ကို လမ်းမှာ မတော်တဆဆုံခဲ့ရင်တောင် မသိသလို ပဲ နေကြပါစို့။ မြတ်နိုးမောင်လည်း အတူတူပဲ၊ မှုံတို့က ဘာမှ မပတ်သက်ခဲ့ကြတဲ့သူစိမ်းတွေပဲမဟုတ်လား။ သူစိမ်းဆိုမှတော့ ခပ်စိမ်းစိမ်းနေတာပဲ သဘာဝကျမှာပါ။ သွားကြစို့ သီရိရယ်"

ဘာမှမပြောနိုင်တော့ပါလေ။ သီရိရဲ့ကားပေါ်တက်သွား သည့် မှုံနှံ့သာကို သူတို့ငေးကြည့်ခဲ့ပြီး ကျန်ခဲ့ကြလေတော့၏။ ဒီမျက်နှာလေးကို ဘယ်တော့မှတွေ့ခွင့်မရတော့ဘူးပေါ့နော်။ မှုံ က သူတို့ကို မတွေ့ချင်တော့တဲ့သဘောပေါ့။ ဖြစ်သင့်ပါရဲ့လား။

သူတို့နှစ်ယောက်ထဲက တစ်ယောက်ကိုတောင် ပြန်မချစ် မရွေးချင်ဘူးတဲ့လေ။ ဒီလိုပဲ တစ်သက်လုံး မှုံ့ဖေဖေစကားကိုပဲ မြေဝယ်မကျ နားထောင်သွားတော့မှာလား။



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းရဲ့လေးနက်မှုကို မင်း လျစ်လျူမရှုသင့်ပါဘူး မှုန်နှံ့သာ။ မင်းကိုဖွင့်ပြောမိရင် မင်းအတွက် ဝန်လေးစရာဖြစ်မှာ စိုးလို့ ကိုယ် တစ်နှစ်လုံးလုံး ရေငုံနှုတ်ပိတ်နေခဲ့တာပါ။ ဖိုးမြတ်နဲ့ ပြဿနာဖြစ်မှ မပြောမဖြစ်ပြောလိုက်တဲ့ရလာဒ်က စွန့်ခွာခြင်းတဲ့လား။ မင်း ကိုယ့်ကိုချန်ရစ်ခဲ့တာပါပဲ မှုန်နှံ့သာ။ နီးစပ်ခွင့်မရှိတဲ့ ကျိန်စာဆိုးကို မင်းအတွက် တစ်ဖက်သတ် ဘာကြောင့်များပေးခဲ့တာပါလိမ့်။ မိဘတွေရဲ့အတိတ်က မေတ္တာရေးကြောင့် လူငယ်တွေရဲ့နှလုံးသားကို စတေးရတာ သဘာဝကျပါရဲ့လားလေ။

ကိုယ် မင်းကို အသက်နဲ့ထပ်တူ မြတ်မြတ်နိုးနိုး ချစ်မိနေတာပါကွယ်။ အချစ်မပေးရင်တောင်မှ မုန်းတယ်ဆိုတဲ့စကားကို သိရင်တောင် ဖြေသိမ့်နိုင်မှာမဟုတ်လား။ အခုတော့ ကိုယ်ပိုင်ဆိုင်ချင်တဲ့ မင်းရဲ့နှလုံးသားကို အပြီးတိုင် သော့ခတ် သိမ်းဆည်းလိုက်သတဲ့လား။ တကယ်ပဲ ဒီဘဝမှာ မင်းရဲ့ချစ်ခြင်းကို ဘယ်သူ့ရဲ့လက်ထဲမှ မပေးဆပ်ချင်ဘူးလား မှုန်နှံ့သာ။

"ငါ. . . ငါသိနေပြီ ရှင်းသန့်"

"ဘာကိုလဲ"

"မှုံ ဘယ်သူ့ကိုချစ်နေပြီလဲဆိုတာကိုပေါ့"

"ဘာရယ်"





အလို! ဒီကောင် ဘာထကြောင်ပြန်ပြီလဲ။ မှုန်နှံ့သာက သူတို့နှစ်ယောက်စလုံးကို ကျောခိုင်းထားရစ်ခဲ့ပါလျက် မှုန်နှံ့သာ့ရင်ထဲကို ဘာကြောင့်မြင်နိုင်တာပါလိမ့်နော်။

"ဘယ်သူ့ကိုလဲ"

"မင်းကိုပေါ့"

"မဖြစ်နိုင်တာ"

"ဟုတ်တယ် ရှင်းသန့်၊ ငါကိုယ်တိုင် သူ့ကိုပြောခဲ့ဖူးတာပဲ။ သူ့အိမ်အထိလည်း မိဘတွေနဲ့အပါအဝင် ရောက်ခဲ့ဖူးပြီးပြီ။ မှုံ ဘယ်လိုတုန့်ပြန်ခဲ့သလဲ။ မင်းသိတယ်မဟုတ်လား"

ဘာလဲ. . . ဖိုးမြတ်ကိစ္စက ပြီးခဲ့တာ ကြာပြီလေ။ မှုန်နှံ့သာဟန်မပျက် မသိဟန်ဆောင်ကာ ကျောင်းဆက်တက်နေခဲ့တာပဲ။ ဒီကိစ္စနဲ့ပတ်သက်ပြီး စကားဟဟတောင်မှ မပြောခဲ့တာလေ။

ဒါဖြင့် အခုကရော၊ သူ့ဘက်ကစပြီး ပတ်သက်လေမှ မှုန်နှံ့သာ နောက်ဆုတ်ကျောခိုင်းထွက်သွားတာပါလား။ ဘာကြောင့်လဲ၊ ဘာဖြစ်လို့လဲ၊ သူ့ကိုမျက်နှာချင်းမဆိုင်ချင်တော့လို့မဟုတ်လား။

ဒါကို ထူးထူးဆန်းဆန်း ဘာလို့ ဒီကောင်ပြောနေတာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ရှင်းသန့်။ မှုံ့ရင်ထဲမှာ မင်းရှိနေတာ သေချာပြီ"

"ငါ. . ."

"မှုံနဲ့မင်းကို မပတ်သက်ဖို့ သူ့အဖေပြောခဲ့တယ်"

"ငါသိတယ်လေ"

"အေး. . . သူမပတ်သက်ခင်က မင်းကို အေးအေးဆေးဆေးပြောဆိုနိုင်ခဲ့တာပဲ"

"ဒါဆို ဘာဖြစ်လို့ အခုလို သူဆုံးဖြတ်တာလဲ"

"ဒီလိုပဲဖြစ်မှာပေါ့၊ သူ့စိတ်ထဲမှာ မင်းအပေါ်ထူးခြားမှုရှိလို့ နောက်ဆုတ်လိုက်တာပဲ ရှင်းသန့်ရ"

"ငါသဘောမပေါက်ဘူး"

"တုံးပဲ့၊ မင်းကိုချစ်မိရင် သူ့အဖေက သူ့ကိုကျောင်းအပြီးထုတ်တော့မှာလေ။ ဒါကို သူသိနေလို့ ပြဿနာကြီးမှာစိုးပြီး ခြေလှမ်းရပ်လိုက်တာပေါ့ကွ။ သေချာတယ် ဖိုးသန့်။ မှုံနဲ့သာရဲ့ရင်ထဲမှာ ရှင်းသန့်ကြည်လင် နေရာယူပြီးနင့်ပြီ"

နှလုံးသားဆီမှ တဒုတ်ဒုတ်ဖြင့် အဆက်မပြတ် ခုန်ပေါက်သံကို ကြားနေရလေ၏။ ကြည့်စမ်း! ဒါကို သူဘာလို့မတွေးမိတာပါလိမ့်။ ဟုတ်တာပေါ့၊ သူ့မျက်နှာပေါ်က ဒဏ်ရာကြောင့် စိုးရိမ်





သွားတဲ့ မျက်ဝန်းလေးတွေ၊ ချစ်နေပြီဆိုတဲ့ သူ့စကားကြောင့် အကြာကြီးတွေဝေသွားတာတွေက သူမကိုယ်သူမ သတိနဲ့ထိန်းမထိန်းလိုက်တာလေ။

ကိုယ်တော့ ရင်ခုန်နှုန်းတွေ မြန်ကုန်ပြီ မှုံနဲ့သာရေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

"သမီးရော"

"မတွေ့ခဲ့ဘူး သူဌေးမင်း"

"ဘာ!"

"သူငယ်ချင်းမလေး ပြန်လိုက်ပို့မယ်ပြောလို့ ကျွန်တော် သွားမကြိုခဲ့တာပါ။ အခုလိုက်ရှာတာလည်း ဘယ်နေရာမှမတွေ့ဘူး"

"အသုံးမကျဘူး၊ နည်းနည်းမှမသုံးမကျကြဘူး။ တစ်ယောက်မှ သုံးမရဘူး။ လိုက်ရှာ. . . ကျုပ်သမီးကို မတွေ့မချင်း ခင်ဗျား အိမ်ပြန်မလာနဲ့"

"ဟုတ်. . . ဟုတ်ကဲ့ပါ"

**ရွှေပဒေသာစာပေ**

www.burmeseclassic.com

www.burmeseclassic.com



''သွားလေ. . . သွားပါတော့လား၊ အနှင်း''

''ရှင်. . . အစ်ကို၊ လာပါပြီ''

ယောက်ယက်ခတ်ကုန်ပါရောလား။ ညခုနစ်နာရီထိုးခါနီးအချိန်ရောက်နေတာတောင် သမီးက အိမ်ပြန်မရောက်သေးဘူးတဲ့။ ကုမ္ပဏီက ပြန်ရောက်ရောက်ချင်း ရင်ဝ ဆီးအကန်ခံရသလိုနှယ် ဦးအောင့်ကာ အသက်ရှူကျပ်စေတာလေ။

''အသုံးမကျတဲ့မိန်းမ၊ ကိုယ့်သမီး အိမ်ပြန်မရောက်တာကိုတောင် မသိဘူးလား''

''ကျွန်မ. . . ကျွန်မ Phone...ခေါ်ပါတယ် အစ်ကို''

''ဘာတဲ့တုန်း''

''စက်ပိတ်ထားပါတယ်တဲ့''

''တောက်! မေမေ''

''ဟဲ့! ဘုရားအာရုံပြုနေတာတောင် လွှင့်ကုန်ပါပြီ၊ ဘာဖြစ်နေကြတာလဲ''

''မေမေ့မြေး. . . မေမေ့မြေး ခုထိအိမ်ပြန်မရောက်သေးဘူး''

''လာမှာပေါ့သားရယ်၊ တစ်နေရာရာ ဝင်နေလို့ဖြစ်မှာပါ''





''မှောင်နေပြီဗျ''

''ဪ. . . သူတို့ကျောင်းကိစ္စရှိနေရင် အိမ်ပြန်နောက်ကျတတ်တာမဟုတ်လား''

''အနှင်း''

''ရှင်''

''ရွှေ့အိမ် Phone နံပါတ်သိတယ်မဟုတ်လား။ ခေါ်စမ်း! မေးစမ်း! ဒင်းတို့သား ပြန်ရောက်ရဲ့လားလို့''

ဒေါ်နှင်းမှုံမှုံ ခြေဖျားလက်ဖျား အေးနေတာကို ဂရုမစိုက်နိုင်တော့ဘဲ Phone စာအုပ်ကိုဖွင့်လိုက်ပြီး ရွှေခြံထဲမှ ဆရာဝန်အိမ်ရဲ့ အိမ် Phone ကိုခေါ်နေရလေ၏။

ညှိခန်းစားပွဲအနီးမှာ ခါးထောက်ရပ်နေသည့် ဦးခွန်ချိုသာကဖြင့် အမျက်ဒေါသအချောင်းချောင်းဖြင့် မျက်နှာကြီး နီရဲနေချေပြီ။

''အစ်ကို''

''ဘာတဲ့လဲ''

''သူတို့သားလည်း ပြန်မရောက်သေးဘူးတဲ့''

''ဘာ! ဘာပြောတယ်၊ သမီး. . . သမီး''

''အစ်ကို. . . အစ်ကို''



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့! ဟဲ့!. . . လုပ်ကြပါဦး၊ သားရေ. . . ဆရာဝန်ခေါ်လေ။ ရွှေရွှေဘာလုပ်နေလဲ"

"ဟုတ်ကဲ့ အဘွား"

Phone မကိုင်ဘဲ ခြံထဲပြေးဆင်းသွားသည့်ရွှေရွှေကို မတားလိုက်မိပါလေ။ ဆက်တီထက် ပစ်လဲကျသွားသည့် ဦးခွန်ချိုသာကိုသာ ခေါ်လိုက် ပြုစုလိုက်ဖြင့် စိတ်ပူနေတာ သမီးချွေးမနဲ့ အမေပါပဲ။

ခြံထဲဝင်ရန် ကားကိုကွေ့လိုက်စဉ် မှုန်နှံ့သာကိုခြံထဲမှ ကလေးမက ပြေးထွက်လာလေ၏။

"အစ်ကိုလေး. . . အစ်ကိုလေး"

"ဘာဖြစ်လို့လဲ"

"ဟို. . . ဟို"

"သားပြန်မရောက်သေးလို့ စိတ်ပူနေကြတာ၊ ဘာလို့နောက်ကျနေရတာလဲ"

"ဖိုးမြတ်နဲ့စကားပြောနေလို့ပါ မာမီ"

"အန်. . . အန်တီ"

"ဘာလဲ သမီး"

ခြံဝအထိ လာကြိုနေသည့်မာမီ့ကြောင့် သူ ကားစက်





နှိုးရပ်လိုက်ရပါ၏။ ဟိုချာတိတ်မကဖြင့် မာမီမေးတာကိုမဖြေဘဲ အိမ်ဆီသို့သာ လက်ညှိုးထိုးနေတာလေ။

"မှုန်နှံ့သာက ဘာဖြစ်လို့လဲ"

"မမလေး မဟုတ်ဘူး၊ ဦးဦးဖြစ်တာ"

"ဘယ်လို"

"မမလေး ပြန်မလာဘူးဆိုပြီး လဲသွားလို့ပါ အန်တီ"

"ဘာ! မှုန်နှံ့သာ ပြန်မလာသေးဘူး၊ ဟုတ်လား"

"ကဲကဲ. . . အန်တီ လိုက်ခဲ့မယ် သမီး။ သားက သမီးမှုံကို လိုက်ရှာလေ။ မာမီက မောင်အေးကို ဆေးအိတ်လာပို့ခိုင်းမယ်။ သားဒက်ဒီ Duty မထွက်သေးဘူး"

ရင်ထဲ မုန်တိုင်းမွှေနေပြီလေ။ မှုန်နှံ့သာ ပြန်မလာဘူးတဲ့လား။ ခေတ်သီရိရဲ့ Phone ကို သူခေါ်ကြည့်ပေမယ့် Phone မကိုင်ချေ။ ကြည့်ရတာ အိမ်ကအခန်းထဲ ကျန်ရစ်ခဲ့တယ်ထင်တာပဲ။ မှုန်နှံ့သာ့ Phone ကဖြင့် စက်ပိတ်လျက်လေ။

ဘယ်မှာလဲ မှုန်နှံ့သာ။ ဘယ်ရောက်ရောက်ဆိုပြီး ခြေဦးတည့်ရာ လျှောက်လုပ်ချင်ပြီလား။ ကိုယ် ဘယ်လိုများ လုပ်ပေးရမလဲ မှုန်နှံ့သာ။ မင်းဟာ ကိုယ့်ဘဝပါ။ ကိုယ့်နှလုံးသားအမြုတေပါ။ ကိုယ့်အသက်နဲ့ထပ်တူ တန်ဖိုးထားရတဲ့ အမြတ်နိုးဆုံးချစ်သူ



www.burmeseclassic.com

www.burmeseclassic.com

ပါ မှုန့်သာရယ်။ ကျေးဇူးပြုပြီး စိတ်ထင်ရာတွေ လျှောက်မလုပ်လိုက်ပါနဲ့။

"သတိရလာပြီ"

မျက်လုံးအစုံကိုဖွင့်ကြည့်လိုက်မိစဉ် အောက်ထပ်အိပ်ခန်းထဲမှာ ရှိနေမှန်း သိလိုက်ပါ၏။ ရင်ဘတ်ပေါ် နားကျပ်ထောက်နေသည့်ဆရာဝန်မလေးက အပြုံးတစ်ပွင့်ဖြင့် သူ့ကို ငုံ့ကြည့်နေတာလေ။

ဘုရားရေ! လွန်ခဲ့သည့်အနှစ် (၂၀)ကျော်ကိုများ ပြန်ရောက်သွားလေသလား။ အဲဒီတုန်းက သူ့ခြေထောက်အနာကို ခွဲရန်ရောက်လာသည့် 'မ'ရဲ့အပြုံးနဲ့ထပ်တူဖြစ်နေတာပါပဲလား။

"အသက်က မငယ်တော့ဘူးရှင့်. . . ကိုယ့်အသက်ကိုကိုယ်ထောက်ပြီး ဒေါသကိုလျှော့မှပေါ့။ စိတ်လိုက်မာန်ပါ အမြဲဖြစ်နေရင် ရှင် ဒီရောဂါနဲ့ အသက်မရှည်နိုင်ဘူး"

"ကျုပ်က ဘာရောဂါဖြစ်နေလို့လဲ"

"နှလုံးရောဂါ"

"အဲဒါ ခင်ဗျားရဲ့သားကြောင့်ဖြစ်တာ၊ ခင်ဗျားသားသာ ကျုပ်သမီးကို နိုးမပြေးရင် ဒီရောဂါဖြစ်စရာအကြောင်းမရှိဘူး"

ဟိုးတုန်းကအတိုင်းပါပဲလား။ ဂျစ်ကန်ကန်အမူအရာက





အသက် (၄၅)နှစ်အရွယ်တိုင် ရှိနေသေးတာလေ။ ကလေးမဟုတ်တော့တာတောင်မှ ကလေးနဲ့အပြိုင် ဆိုးနေတုန်းပဲလား ခွန်ချိုသာ။

"သူတို့ချင်း ချစ်လို့နိုးပြေးကြတာ 'မ'တို့လည်း ဘယ်တတ်နိုင်ပါ့မလဲ သားချိုရဲ့"

ဘုရားရေ! 'မ'တဲ့၊ 'သားချို'တဲ့လား။ ဟိုတုန်းကအတိုင်းအခေါ်အဝေါ်မပျက်ပုံပါလား ဒေါက်တာဖြူဖြူလေးရယ်။ ခွန်ချိုသာရဲ့အိပ်မက်တွေကို ပျက်သုဉ်းရလေအောင် ရိုက်ချိုးခဲ့တဲ့ စေတမာန်မဟုတ်ခဲ့သလိုပါပဲလား။

"ကျုပ်သဘောမတူဘူး. . . လုံးဝပဲ"

"ဒါကတော့ ရှင့်သဘောပဲလေ၊ ဒီအခြေအနေထိ ဖြစ်သွားတာတောင်မှ ဘယ်သူက နစ်နာမှာလဲ၊ ဒီလူနဲ့ဒီလူ သဘောမတူစရာမရှိဘူးလား။ မဟုတ်ဘူးလား နှင်းရယ်"

"အနှင်းကို စစ်ကူမခေါ်ပါနဲ့၊ ခင်ဗျားတို့ရဲ့သားဖြစ်နေလို့ကို သဘောမတူတာ။ ကျုပ် မရရအောင် ခွဲပစ်မယ်"

"ဘာဖြစ်လို့ သဘောမတူရတာလဲ"

"ဘာဖြစ်ဖြစ်"

" 'မ'ရဲ့သားဖြစ်နေတာ ရှင့်ရန်သူလို့သဘောထားလို့ယ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ့လေ''

''. . .''

''ဒါဖြင့် ဖင်မမဇော်ရဲ့သားနဲ့လည်း သဘောမတူဘူးဆို။ ရှင် ဘယ်လိုလူလဲ''

''ဘာဖြစ်လဲ၊ ကျုပ်သမီးကို ကျုပ်ပိုင်တယ်။ ခင်ဗျားနဲ့ မသက်ဆိုင်ဘူး။ ဘာမှမပြောနဲ့၊ ဘယ်သူ့သားနဲ့မှမပေးစားဘူး။ ဒါပဲ'''

''စိတ်ပုပ်လိုက်တာ''

''ဘာ!''

''ဟဲ့! သားရယ်၊ အခုပဲသတိလစ်လို့ လာကုပေးတဲ့သမီးကို ထော်လော်ကန့်လန့်လုပ်နေရသလား။ မင်း ဘယ်လိုကလေးလဲ''

''ကလေးမဟုတ်တော့ဘူး မေမေရဲ့၊ လူကြီးဖြစ်နေပြီ လူကြီး''

''အဲဒါဆိုရင်လည်း လူကြီးလိုတွေး လူကြီးလိုပဲပြောပေါ့ ဦးခွန်ချိုသာရယ်။ ရှင့်သမီးက အရွယ်ရောက်နေပြီရှင့်။ ရှင့်တုန်းကလည်း ဒီအရွယ်လောက်နဲ့ အနှင်းကိုလက်ထပ်ခဲ့တာပဲမဟုတ်လား''





''အဲဒါ ခင်ဗျားနဲ့ဘာဆိုင်လဲ''

''ကိုယ်ချင်းစာစေချင်လို့ ပြောနေတာလေ၊ ရှင်သဘောမတူလည်း ကိစ္စမရှိဘူး။ 'မ'တို့ကိုယ်တိုင်ပဲ အနှင်းနဲ့အနိုင်ကို တိုင်ပင်ပြီး မင်္ဂလာဆောင်ပေးလိုက်မယ်။ ဒါမှ ထိမ်းမြားခြင်းလျှင် ဆိုတဲ့ မိဘဝတ် ကျေတော့မပေါ့။ ရှင်မကျေနပ်လို့ သမီးကိုအမွေ ဖြတ်ချင်လည်းဖြတ်ပေါ့ရှင်။ ရှင့်သမီးကို အိမ်ပေါ်ခေါ်တင်ပြီး ရွှေပေါ်မြတင် ထားပေးနိုင်ပါတယ်ရှင့်။ ကဲ! ပြန်ဦးမယ် အနှင်းရေ့၊ ခွင့်ပြုပါဦး အနိုင်''

''ကောင်းပါပြီကွယ်''

တိုက်ရှေ့သို့ ကားထိုးရပ်လိုက်တာနှင့် မာမီထွက်လာတာက ဆုံပြီလေ။ ကိုမောင်အေးက ဆေးသေတ္တာကိုင်လျက် အိမ်ပြန်ချေပြီ။

ကားပေါ်မှဆင်းစေရန် မှုန့်သာ့ကို သူတံခါးဖွင့်ပေးလိုက်ပါ၏။ သူငယ်ချင်းနှစ်ယောက် Plaza ဝင်ပြီးအပြန် လမ်းမှာ ကားပျက်ကာ ငိုမဲ့မဲ့ဖြစ်နေတာက မှုန့်သာပါလေ။ သီရိက ခြေရှည်မိတာ မှားပါတယ်ဆိုပြီး ချော့နေစဉ် သူ့ကားရပ်ကာ ခေါ်ခဲ့ရတာပါပဲ။

မှုန့်သာကဖြင့် ဤသို့ဤနှယ် အကြောက်ကြီးတဲ့ကောင်



www.burmeseclassic.com

www.burmeseclassic.com



မလေးဖြစ်နေတာပါလေ။

"သမီးပြန်လာပြီ"

"မေမေ"

"စိတ်ပူလိုက်ရတာသမီးရယ်"

"လမ်းမှာ သီရိကားပျက်သွားလို့ ကြာသွားတာပါမေမေ ရယ်"

"သားကိုကျေးဇူးတင်ပါတယ်ကွယ်"

"ရပါတယ် အန်တီရယ်"

အိမ်ထဲမှထွက်လာသည်က ဦးခွန်ချိုသာ။ သွားပါပြီ သူတော့ မှုန်နံ့သာ့ကို အိမ်အထိ လိုက်ပို့နေတာကိုမြင်ပြီး ပြဿနာ ဖြစ်တော့မှာကိုး။

"ဒီမှာလေ 'မ'ရဲ့သား၊ ဘယ်လောက်ခန့်လိုက်သလဲ"

"မာမီ"

"ရှင် တကယ်ပဲ သားမက်မတော်ချင်ဘူးလား"

"ခင်ဗျားနော်"

"မြေးက လမ်းမှာ ကားပျက်လို့တဲ့၊ သားလေးက မြေး ကို သွားခေါ်ခဲ့တာတဲ့လေ"

"ကြည့်စမ်း! ခင်ဗျားပြောတော့ သမီးကိုခိုးပြေးတာဆို"





" 'မ'ပြောမိလို့လား၊ ရှင်ပဲပြောတာလေ"

"ခင်ဗျားပြောတာပါ"

"မပြောပါဘူး၊ ရှင်ပြောတာ။ ဟုတ်တယ်နော် နှင်း"

နှစ်ယောက်သား ကလေးတွေလို စကားများနေတာမို့ သူတို့က ပရိသတ်လိုကြည့်ရင်း မှုန်နံ့သာကို သူကြည့်လိုက်ပါ၏။ စိတ်ပူနေတာမို့ လမ်းမှာ ဘာစကားမှမပြောဘဲ အေးစက်စက် လက်ဖျားလေးကို သူဆုပ်ကိုင်ခဲ့ပေမယ့် သူမ မရုန်းခဲ့ပါလေ။

"သမီးနဲ့သားကို သဘောတူမတူဆိုတာကိုပဲ ပြောပါ"

"မတူဘူး"

"ဒါဆိုလည်း သမီးကို ရှေ့အိမ်ပဲ ခိုးခဲ့တော့သားရေ့"

"ခင်ဗျားနော်"

"ဒါဆိုရင်လည်း သဘောတူတယ်ပြောပေါ့ရှင့်"

"ကျုပ်သမီးက ခင်ဗျားသားကိုကြိုက်ဦးမှပေါ့"

"ကဲ! ကြားလား သမီးရေ့၊ မာမီ့သားကို ပြန်ချစ်နိုင်ရဲ့ လား. . . ပြောပါဦး"

ဘာမှပြန်မဖြေဘဲ မျက်လွှာချကာ အမေဖြစ်သူ၏ရင်ခွင် ထဲ မျက်နှာဝှက်လိုက်တာမို့ ရယ်သံတွေ ထွက်လာလေ၏။

ခုတော့ ဘာတတ်နိုင်သေးလဲ ဦးခွန်ချိုသာရယ်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အဘယ်မျှ ချစ်စရာကောင်းလိုက်တဲ့ပုံစံလေးပါလဲ မှုံနှံ့
သာ။ ကိုယ်တို့အတွက် မနက်ဖြန့်တိုင်းဟာ အလိုလိုလှပနေတော့
မှာ အမှန်ပါလေ။

ဩော်. . . ကိုယ့်အချစ်ဆုံး 'မှုံနှံ့သာ'ရယ်။ ။

မမသဒ္ဒါမောင်
16th Sept. 2012
pm 2:20

[မျှော်လင့်ခွင့်'နှင့် 'ကျောက်ဖြစ်ရုပ်ကြွင်း'ကဗျာတို့ကို
သည့် ပဲခူးတက္ကသိုလ်ဝင်း Fight(2) Canteen မှ
'မိုးသူ'အား ကျေးဇူးအထူးတင်ရှိပါသည်။]

BURMESE CLASSIC .com

www.burmeseclassic.com